www.burmeseclassic.com

# နတ်နှင့်လူ

## ဆက်ဆံရေးနည်းများ

အောင်ခင်စိုး



www.burmeseclassic.com

www.burmeseclassic.com

တာဝန်ခံအယ်ဒီတာ
မြတ်သူစံ(ဝါးခယ်မ)

| | |
|---|---|
| အယ်ဒီတာ | ထုတ်ဝေသူ |
| စိုးစိုးနိုင် | ဦးသန်းနိုင်(မြ-၀၃၉၄၄) |
| ဇော်ဝင်းနိုင် | ပူတူတူးလေးစာပေ |
| မှူးမိုင် | ပုံနှိပ်သူ |
| ဦးသန်းနိုင် | ဒေါ်အေးအေးနိုင်(မြ-၀၃၈၈၅) |
| ဥပဒေအကြံပေး | စိန်ကြယ်ပုံနှိပ်တိုက် |
| ဒေါ်ဝင်းဝင်းခိုင် | အမှတ်(၇၂)၊လမ်း၃၀၊ |
| LL.B,D.C,S,C.B.L | ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးသရုပ်ဖော် | စာမူခွင့်ပြုချက်အမှတ် |
| မောင်မောင်သိုက် | ၄၀၀၂၇၂၀၃၁၀ |
| အတွင်းဖလင် | မျက်နှာဖုံးခွင့်ပြုချက်အမှတ် |
| ကိုမျိုးညွန့်(A7Group) | ၄၀၀၂၇၇၀၃၁၀ |
| စာအုပ်ချုပ် | ပုံနှိပ်ခြင်း |
| ပန်းဝေဝေ | ဒုတိယအကြိမ်၊ |
| | ဇူလိုင်လ ၊ ၂၀၁၁ ခုနှစ် |
| | အုပ်ရေ- ၅၀၀ |
| | တန်ဘိုး- ၅၀၀ ကျပ် |

၃၉၄

**အောင်ခင်စိုး**

နတ်နှင့်လူ ဆက်ဆံရေးနည်းများ / အောင်ခင်စိုး။ -ရန်ကုန်
ပူတူတူးလေးစာပေ၊ ၂-ကြိမ်၊ ၂၀၁၁။
၁၂၈-စာ၊ ၁၀. ၅×၁၆. ၅ စင်တီ။
(၁) နတ်နှင့်လူ ဆက်ဆံရေးနည်းများ

www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးမှတ်တမ်း

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် သူငယ်ချင်း နွေသစ်မောင်နှင့် ဇနီး ချောကလျာမိမိကျော်(အိမ်ဆည်းလည်းစာပေ)နှင့် စာရေးဆရာ ဆရာအောင်ခင်စိုးတို့ကို ဦးစွာကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဆက်လက်၍ ဤစာအုပ်အား ပိုမိုပုံနှိပ်မှုရှိစေရန် ဖြန့်ချိပေးသော ကိုအောင်ကျော်ထူး (မြတ်ပန်းရဂုံစာပေ)၊ ကိုယ်ရောစိတ်ပါဝိုင်းဝန်း ကူညီအကြံပေးသော သူငယ်ချင်းကိုမျိုး (စိတ်ကြိုက်စာပေ)နှင့် စာပေမိတ်ဆွေ သူငယ်ချင်းများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြလိုက်ပါသည်။

မြတ်ဘုန်း(ဝါးခယ်မ)

www.burmeseclassic.com

www.burmeseclassic.com

## ထွက် ရှိ ပြီး သော စာ အုပ် များ

- ပူတူတူးလေး
ရယ်စရာ ရွှင်စရာညဏ်စမ်းပဟေဠိ
အမှတ်စဉ် (၁)မှ (၁၂)အထိထွက်နေပါပြီ။
- ပူတူတူးလေး အိပ်ရာဝင်ပုံပြင်များ

## ယ ခု လ ထုတ် စာ အုပ်

- နတ်နှင့်လူ ဆက်ဆံရေးနည်းများ (အောင်ခင်စိုး)

BURMESE CLASSIC

## ဆက် လက် ထွက် ရှိ လာ မည့် စာ အုပ် များ

- ပူတူတူးလေး ယဉ်ကျေးလိမ္မာစကားဝိုင်း
ထွန်းလွင်(မြွောစရိယ၊ဘီအေ)
- ပူတူတူးလေး
စာစီစာကုံး၊ Essay တွေးနည်း/ရေးနည်း
ဆရာကြီးဦးတင်ထွန်း(တိုင်းပညာ-ငြိမ်း)

ပူတူတူးလေးစာအုပ်တိုက်
အာရုပလာဇာ(ပထမထပ်) ၊ အခန်းအမှတ်(၁၅)၊ဥဂလမ်း(အထက်)
ကျောက်တံတားမြို့နယ်ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၀ ၁၂၇၂၅

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ စာရေးသူ၏အမှာ ၄

၂။ မြန်မာမှုနယ်ပယ်မှ နတ်ကိုးကွယ်မှု အစဉ်အလာများ ၁၅

၃။ ၃၇ မင်း နတ်များ၏ အစ ၁၉

၄။ အတွင်း ၃၇-မင်း နတ်များ ၂၃

၅။ အပြင် ၃၇ မင်း နတ်စာရင်းများ ၃၂

၆။ စာဆို မြဝတီမင်းကြီးဦးစ၏ အပြင် ၃၇ မင်း နတ်စာရင်းချုပ် ၅၉

၇။ စာဆိုဝန်ကြီး ပဒေသရာဇာ၏ အပြင် ၃၇ မင်း နတ်စာရင်း လေ့လာချက် ၆၂

၈။ မန္တလေးရွှေမြို့တော်တည် စာတမ်းအရ သိရှိရသော အပြင် ၃၇ မင်း နတ်စာရင်းများ ၇၃

၉။ ပန်းပဲမောင်တင့်တယ်နတ်နှင့် ပတ်သက်သော ကွင်းဆက်နတ်များ ၇၆

၁၀။ ရွှေဖျဉ်းညီနောင်(မင်းကြီး၊ မင်းကလေး)နတ်နှင့် ပတ်သက်သော ကွင်းဆက်နတ်များ ၈၃

၁၁။ ကိုးမြို့ရှင်နှင့်ဆက်နွယ်ပတ်သက်သော ကွင်းဆက်နတ်များ ၉၀

၁၂။ မြင်းဖြူရှင်နတ် မူကွဲများ ၁၀၀

၁၃။ ရေငန်ပိုင် ဦးရှင်ကြီးနှင့် ဆက်နွယ်ခဲ့သော နတ်များ ၁၀၉

၁၄။ ဖျာလိပ်ရှင် မအောင်ဖြူနတ်နှင့် ဆက်နွယ်ပတ်သက်သော နတ်များ ၁၁၄

၁၅။ နံ့ကရိုင်းမယ်တော်နတ်နှင့် ဆက်နွယ်ပတ်သက်သော နတ်များ ၁၂၂




www.burmeseclassic.com

www.burmeseclassic.com

၁၆။ အခြားသိသင့်သော ခေတ်အဆက်ဆက်နတ်များ ၁၂၉
၁၇။ ဗုဒ္ဓဘာသာဝင်များ နတ် ကိုးကွယ်သင့် မသင့် ၁၃၂
၁၈။ ရွှေကျင်ဂိုဏ်း သာသနာပိုင် မဟာဝိသုဒ္ဓါရုံ
ဆရာတော်ဘုရားကြီး၏ သဘောထား ၁၃၉
၁၉။ နတ်နှင့်လူ ဆက်ဆံရေး ၁၄၁
၂၀။ နတ်နှစ်မျိုး ၁၄၃
၂၁။ ဗုဒ္ဓဘုရားရှင်သတ်မှတ်ခဲ့သော နတ်နှင့်လူ
ဆက်ဆံရေးဓါဒ ၁၄၅
၂၂။ ပူဇော်ပသနည်း နှစ်သွယ် ၁၄၈
၂၃။ နတ်နှင့်လူ ဆက်ဆံရေးကို စည်းခြားပေးခဲ့သည့်
ဘုရင်အနော်ရထာ ၁၅၁
၂၄။ ဟံသာဝတီ ဆင်ဖြူရှင်မင်း၏ နတ်နှင့်လူ
ဆက်ဆံရေးစည်းခြားမှု ၁၅၄
၂၅။ နတ်နှင့်လူ ပုံမှန်ဆက်ဆံရေးကြောင့် နတ်အကူအညီ
ပံ့ပိုးမှုကို ရခဲ့သော ဟံသာဝတီဆင်ဖြူရှင် ၁၅၆
၂၆။ နတ်အပေါင်းတို့အား မေတ္တာပို့ အမျှပေးဝေခြင်း ၁၆၀
၂၇။ အနော်ရထာမင်းကြီး၏ ဘဝဇာတ်သိမ်း ၁၆၆
၂၈။ အနောက်ဘက်လွန်မင်း၏ ဘဝဇာတ်သိမ်း ၁၆၇
၂၉။ ဟံသာဝတီရောက်မင်း၏ ဘဝဇာတ်သိမ်း ၁၆၉
၃၀။ ဆက်စပ်လေ့လာရန် ပုံတော်များ ၁၇၁
၃၁။ ကျမ်းကိုးများ ၁၉၈

■



www.burmeseclassic.com

www.burmeseclassic.com

## ■ စာရေးသူ၏ ကန်တော့ပန်း

ဤစာအုပ်ရေးသားမှတ်တမ်းတင်ရန်အတွက် တိုက်တွန်း အားပေးရုံသာမက လိုအပ်သည့်ကျမ်းကိုး အထောက်အထား ပြုရန်အတွက် စုဆောင်းပေးသော ဆရာဦးသော်ကောင်း (တက္ကသိုလ်များစာကြည့်တိုက်မှူး-အငြိမ်းစား) ယခုသမိုင်းအဖွဲ့(အကြံပေးပုဂ္ဂိုလ်)အား လည်းကောင်း၊ ဆရာဦးတင်သိန်း (ယခင်-သမိုင်းကော်မရှင်) အားလည်းကောင်း ဤစာစုဖြင့် ဦးခိုက်ကန်တော့အပ်ပါသည်။

ရှိသေလေးစားစွာဖြင့်
(အောင်ခင်စိုး)



www.burmeseclassic.com

www.burmeseclassic.com

## ■ စာရေးသူ၏ အမှာ

ယနေ့ လူမှုဆက်ဆံရေး နယ်ပယ်တွင် အကိုင်အတွယ် ခက်ခဲ၍ မလွယ်သော ပြဿနာတစ်ခုမှာ လူနှင့်နတ်ဆက်ဆံရေး ပင် ဖြစ်ပါသည်။

လူမှုရေးတစ်ရပ်အဖြစ် နတ်ကိုးကွယ်သူများရှိသလို နတ်မကိုးကွယ်ချင်သူများလည်း ရှိနေပေသည်။

မိရိုးဖလာ ရိုးရာနတ်များကို ကိုးကွယ်သူများ အနေဖြင့် လည်း သူတို့ ကိုးကွယ်ယုံကြည်မှု ဆိုင်ရာ ရပ်တည်ချက် မှန် သည်ဟု ယူဆထားကြသကဲ့သို့ မိရိုးဖလာအစဉ်အလာ ယုံကြည် ကိုးကွယ်မှုများကိုပယ်ရှားပြီး နတ်မယုံကြည် မကိုးကွယ် သူများ ဘက်ကလည်း သူတို့၏ ခိုင်မာသော ရပ်တည်ချက်ကို မှန်ကန် သည်ဟူ၍ပင် ယုံကြည်နေကြပေလိမ့်မည်။

ယင်းကဲ့သို့ ခံယူချက်ထားကြခြင်းမှာလည်း ခါးသီးသော အတွေ့အကြုံများ၊ သို့တည်းမဟုတ် ချိုမြိန်သောအတွေ့အကြုံများ စသော အကျိုးအကြောင်း အမျိုးမျိုးတို့အပေါ်၌ ခံစားသိ သိနေ ကြခြင်းမှ အခြေခံနေကြလိမ့်မည် ထင်ပါသည်။

ထိုကဲ့သို့သော ခံစားသိ သိနေကြခြင်း အကြောင်းများ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်၌ အခြေခံဆုပ်ကိုင်ထားကြခြင်းများကြောင့်ပင် နတ်ကိုးကွယ်မှုဆိုင်ရာ ပြဿနာများမှာ ယနေ့ လူ့မှုရေးနယ်ပယ်၌ ရှုပ်ထွေးကာ အကိုင်အတွယ်မလွယ်ကူသော အခြေအနေမျိုး ဖြစ်နေကြလေသည်။

ဤ စာရေးသူအနေဖြင့် ပြောကြားလိုသည်မှာ လေ့လာသူများအနေဖြင့် 'နတ်ကိုးကွယ်ကြပါ'ဟု အတင်း ရိုက်သွင်းထားသော စာအုပ်မဟုတ်သကဲ့သို့ 'နတ် မကိုးကွယ်ကြပါနှင့်'ဟူ၍လည်း ပိတ်ပင်တားမြစ်ထားသော စာအုပ်မဟုတ်ကြောင်းကို တော့ ဦးစွာ နားလည်ထားစေချင်ပါသည်။

ဤစာအုပ်သည် နတ်နှင့် လူ၊ လူနှင့် နတ်တို့ ပုံမှန် ဆက်ဆံရေးကို ဦးတည်ချက်ထား၍ ရေးသားထားခြင်းသာ ဖြစ်သည်။ သို့ ဖြစ်ခြင်းကြောင့် နတ်ကို ယုံကြည်သက်ဝင်သူများနှင့် မယုံကြည် ကြသူများသာမက သုတေသီများအတွက်ပါ အသုံးဝင်လိမ့်မည်ဟု ယုံကြည်မိပါသည်။ ထိုကဲ့သို့ အသုံးပြုနိုင်ရန် အတွက်-

(က) နတ်ဆိုတာ တကယ်ရှိသလား၊

(ခ) နတ်ကို ကိုးကွယ်တင်မြှောက်သင့်-မသင့်၊

(ဂ) ကိုးကွယ်တင်မြှောက်ခြင်းကြောင့် အကျိုးရှိနိုင်-မရှိနိုင်။

စသော မေးခွန်းများနှင့် ပတ်သက်၍ တစ်ထောင့် တစ် နေရာတည်းမှ မဟုတ်ဘဲ ထောင့်တိုင်းထောင့်တိုင်းမှ စေ့ငအောင် ကိုင်တွယ် ဖြေရှင်းတတ်ဖို့ လိုပေမည်။

ခေတ်အဆက်ဆက် ဖြစ်ပေါ်ခဲ့သော သမိုင်းဆိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်း မှတ်ရာများထဲမှ အမှန်တကယ်ဖြစ်ပေါ်ခဲ့ဖူးသော
(၁) နတ်များ၏ အကြောင်း။
(၂) နတ်နှင့် လူသားတို့၏ ဆက်ဆံရေးများကို
အတော် များများ တွေ့ရှိရပါသည်။ ယင်း သမိုင်းဆိုင်ရာ
မှတ်တမ်းကြီး များဖြစ်သည့်-

ရာဇဝင်တော်ကြီးများတွင် နတ်နှင့် လူသားတို့၏ ဆက်ဆံ ရေးများကို စိတ်ဝင်စားဖွယ်ရာ တွေ့ရှိရသည်တို့မှာ-

## ■ ကွမ်းခေတ်မင်းနှင့် စောင်ချမ်းပင်နတ်

ကွမ်းဆော်ကြောင်ဖြူမင်း (၃၂၆-၃၄၈)သည် မင်းမဖြစ်မီ တောင်သူကြီးမင်းထံ၌ ကွမ်းဆော် (အခွန်တော်လှည့်လည် နှိုးဆော် ကောက်ခံရသူ) အဖြစ် အမှုထမ်းစဉ် သူ၏ မယ်တော်က ထုပ်ပေးလိုက်သော ထမင်းထုပ်ကို နေ့စဉ် လမ်းတွင်ရှိသော စောင်ချမ်းပင်ကြီးတစ်ပင်အောက်၌ စားလေ့ရှိ၏။ စားဦးစားဖျားကိုလည်း ယင်းစောင်ချမ်းပင်နတ်အား နေ့စဉ် တင်မြှောက်လေ့ရှိသည်။ နတ်သည် ဝမ်းမြောက်၍ ကိုယ်ထင်ပြပြီးလျှင် 'အသင်မင်းသား၊ သင်သည် ပုဂံ၌ မင်း ဖြစ်လတ္တံ့၊ ငါးပါးသီလ မြဲစေ၊ သစ္စာစကား သုံးလေ၊ အနုသာသတိဆယ်ပါး တစ်နေ့ နှစ်ထောင်စီးဖြန်းလေ'ဟု ဆိုသည်။ စောင်ချမ်းပင်စောင့်နတ်ဆိုသည့်အတိုင်း သက္ကရာဇ် ၃၂၆-ခုနှစ်တွင် ကြောင်ဖြူမင်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ■ အနော်ရထာမင်းနှင့် ရွှေဖျဉ်းညီနောင်

အနော်ရထာမင်းကြီး (၄၀၆-၄၃၉)သည် ဖောင်တော်နှင့် စုန်တော်မူရာတွင် တစ်စုံတစ်ယောက်က ဆွဲထားသကဲ့သို့ ဆက်စုန်မရဘဲ ဖောင်တော် ရပ်တန့်နေ၏။ ဤတွင် ပုဏ္ဏားဟူးရားတို့က 'မင်းညီနောင် (ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းလေး)တို့သည် အမှုတော်ကိုသာ ထမ်း၍ တစ်စုံတစ်ရာသော အကျိုးမခံစားရသောကြောင့် ဆွဲထားခြင်းဖြစ်ပါသည်'ဟု လျှောက်တင်ကြ၏။ ထို့ကြောင့် အနော်ရထာမင်းကြီးက တောင်ပြုန်းအရပ်၊ ဆုတောင်းပြည့်ဘုရားအနီးတွင် နတ်ကွန်း၊ နတ်နန်း ဆောက်လုပ်စေ၏။ ထိုဒေသကို အပိုင်စားပေး၏။ ဒေသခံများအား ပူဇော်ပသစေခဲ့ရာ ယနေ့တိုင်အောင် နှစ်စဉ် ပွဲတော်ကျင်းပလျက်ရှိပါသည်။

## ■ ကျန်စစ်သားမင်းကြီးနှင့် မင်းမဟာဂီရိ

ပုဂံပြည့်ရှင် ကျန်စစ်သားမင်းကြီး (၄၄၆-၄၇၄)လက်ထက် သက်မင်းကတုံသည် ပုဂံနိုင်ငံတော်ကြီး၏ ကျေးစွန်ရွာနားတို့ကို ထိပါးလာသောကြောင့်ကျန်စစ်သားမင်းကြီးသည် 'သက်မင်းကတုံ' ကို လက်ရဖမ်းဆီးစေရန် စစ်သည် အလုံးအရင်းနှင့်စေလွှတ်ရန် မိန့်တော်မူရာ. . .

မင်းဆရာဖြစ်တော်မူသော ရှင်အရဟံမထေရ်က 'ရှေးက ဆုတောင်းဖက်ဖြစ်ခဲ့သော မိတ်ဆွေဟောင်းများကို



www.burmeseclassic.com

www.burmeseclassic.com



မပြစ်မှားလေနှင့်၊ ဖြစ်ပေါ်လာသော ဒေါသမီးကို ချုပ်တည်းပါဘိ၊ ရှေးအတိတ်ဘဝက သင် ဒါယကာမင်းကြီးသည် ပြည့်ရှင်မင်းဖြစ်၏။ မြေးတော် အလောင်းစည်သူ(သီရိဇေယျသူ)မှာ မင်းသားဖြစ်၏။ ထိုအခါ ငါက မင်းဆရာ ပုဏ္ဏား၊ ယခု ပုန်စားသော သက်မင်းကတုံက စစ်သူကြီး ဖြစ်လေသည်။ တစ်နေ့တွင် ဘုရား၌ဝတ်ပြုကြသောအခါ သီရိဇေယျသူရ အလောင်းမင်းသားက နောင်ဘဝ၌ ဘုန်းကြီးသောမင်း ဖြစ်ရပါလို၏ဟူ၍ လည်းကောင်း၊မင်း ဆရာ ပုဏ္ဏားကလည်း မင်းကိုးကွယ်သော ရဟန်းဖြစ်ရပါလို၏ ဟူ၍လည်းကောင်း၊ သူဌေးကလည်း မင်းတို့ပူဇော်ရာ နတ်ဖြစ်ရပါလို၏ ဟူ၍လည်းကောင်း၊ စစ်သူကြီးကလည်း ပြည်ထောင်ချင်း မင်းဖြစ်ရပါလို၏ ဟူ၍ လည်းကောင်း၊ သင် မင်းကြီးကလည်း ဤသူလေးဦးတို့၏ အကြီးအမှူး ဖြစ်ရပါလို၏ ဟူ၍လည်းကောင်း အသီးသီး ဆုတောင်းခဲ့ကြလေသည်။ ဆုတောင်းသည့်အတိုင်းလည်း ယခုဘဝတွင် ငါ တို့ အသီးသီး ဖြစ်လာကြသည်။ ဆုတောင်း ဆုယူဖက်များဖြစ်ကြသောကြောင့် တစ်ဦးကိုတစ်ဦး မပြစ်မှားကြကုန်လင့်'ဟု ဆုံးမတော် မူခဲ့ပါသည်။

ထိုအခါ၊ မင်းမဟာဂီရိနတ်သည် ကိုယ်ထင်ပြ၍ ရှင်အရဟံ မထေရ်မြတ်၏ အဆုံးအမကို ထောက်ခံပြောဆို၏။ ဤတွင် ကျန်စစ်မင်းကြီးက. . .'အသင်နတ်သား၊ ငါနှင့် ဆုတောင်းဖက် ဖြစ်ပါလျက် ငါဆင်းရဲစဉ်အခါက အဘယ့်ကြောင့် မစောင့်ရှောက်သနည်း'ဟု မေးတော်မူသည်။ မင်းမဟာ ဂီရိနတ် ကလည်း. . .

www.burmeseclassic.com



'အသင်မင်းကြီးအား အနော်ရထာမင်းကြီးက နှောင်ကြိုးဖွဲ့၍ လှံနှင့် ထိုးသောအခါ ကိုယ်ကို မထိဘဲ နှောင်ကြိုးကိုသာ ထိသဖြင့် ကြိုးပြတ်ပြီးလွတ်သွားသည်ကား အကျွန်ုပ်ပင် ကယ်ဆယ်စောင်မသည် မဟုတ်ပါလော။ အသင်မင်းကြီး ဧရမန်ကန်းနှင့် စစ်တိုက်စဉ်က အရေးနိမ့်၍ ညဉ့်သန်းခေါင် မှောင်ကြီးမည်းမည်း တစ်ယောက်တည်းပြေးလာသောအခါ ဖွတ်ရေ ဝတ်ရုံဝတ်၍ မြင်းကျား ကြီးကို စီးပြီး ရှေ့ကခရီးလမ်းညွှန်သူကား အကျွန်ုပ်ပင် မဟုတ် ပါလော။ အသင်မင်းကြီး စောလူးမင်းကို ခိုးယူသောအခါ လူများ လိုက်၍ ပန်းဟိုက်ကြီးစွာ ရေထဲကူးနေစဉ်ကလည်း ကျွန်းငယ်တစ်ခုကို ဖန်ဆင်း၍ မြစ်ကွေးငှက် ယောင်ဆောင်ကာ မြည်တွန် လမ်းညွှန်သူကား အကျွန်ုပ်ပင် မဟုတ်ပါလော။ ဆက်၍ တံငါသည် သားအဖယောင်ဆောင်၍ အောင်သာဘက် ရောက်အောင် ပို့ဆောင် ပေးသူကား အကျွန်ုပ်ပင် မဟုတ်ပါလော'ဟု ပြန်လည်ပြောကြားရာ မင်းကြီးလည်း 'ဟုတ်ပါပေသည်'ဟု ဝန်ခံစကားပြောကြားပြီး တပ်တော်များ စေလွှတ်မည်ကို ရပ်တော်မူလေသည်။

ထို့နောက် ကျန်စစ်သားမင်းကြီးက 'အသင်နတ်မင်း အမိန့်ရှိမှ သိရပါသည်။ ကတညုတ ကတဝေဒီ တရားတော်အတိုင်း အသင်နတ်မင်းအား နတ်ကွန်း၊ နတ်နန်း၊ နတ်ကနားများ ထား၍ ဗလိ နတ်စာကျွေးခြင်း၊ မပြတ်ပူဇော်ခြင်းများပြုပါမည်။ အသင် နတ်မင်းကလည်း ရှေးကထက် တိုး၍ကြည့်ရှုစောင့်မ တော်မူပါ'ဟု တောင်းပန်ပြီးလျှင် နတ်ကွန်း၊ နတ်နန်း အသစ်



www.burmeseclassic.com

www.burmeseclassic.com



များ ဆောက်လုပ်စေပြီး နတ်ရုပ်အသစ်ထုလုပ်ကာ နတ်ထိန်း၊ နတ်နေတို့ကိုလည်း ထိန်းသိမ်းစောင့်ရှောက်စေရန် ခန့်ထားတော်မူသည်ကိုလည်း လေ့လာသိရှိရပါသည်။

## ■ နရသီဟပတေ့မင်းနှင့် တောပါးသင် နတ်

ပုဂံခေတ် နရသီဟပတေ့မင်း (၆၁၇-၆၄၈) လက်ထက်တွင် ငဆောင်ချံအရပ်၌ တရုတ်တို့နှင့် စစ်မက်ဖြစ်ပွားရာ မြန်မာတို့၏ ငဆောင်ချံ ခံတပ်ပျက်သည့်နေ့တွင် ပုဂံမြို့ သရပါတံခါးကို စောင့်သော 'ငတပါးသင် နတ်'သည် မင်းကြီး၏ ခြေတော်အစုံကို လှုပ်၍. . .

'ယနေ့ ငဆောင်ချံမြို့ ပျက်ချေပြီ'ဟု လျှောက်ထားလေသည့်အကြောင်းကိုလည်း မှတ်သားရပါသည်။

## ■ ဆင်ဖြူရှင်တရဖျားမင်းနှင့် နတ်သမီး

အင်းဝခေတ် ဆင်ဖြူရှင်တရဖျားမင်း (၇၆၂-၇၆၃) သည် အောင်ပင်လယ်တောသို့ တောကစားထွက်ရာတွင် နတ်သမီးတစ်ပါးနှင့် တွေ့ဆုံခဲ့ပြီးနောက် စိတ်ဖောက်ပြန်ရူးသွပ်၍ နတ်ရွာစံတော်မူခဲ့ကြောင်း သိရ၏။



www.burmeseclassic.com

www.burmeseclassic.com



## ■ အင်းဝဘုရင် ပထမမင်းခေါင်နှင့် ကုက္ကိုပင်စောင့်နတ်

အင်းဝခေတ် ပထမမင်းခေါင် (၇၆၃-၇၈၃)၏ သားတော် အိမ်ရှေ့ ဥပရာဇာ သူရဲကောင်း မင်းရဲကျော်စွာသည် ၇၇၈-ခုနှစ် ဒလတိုက်ပွဲတွင် ကျဆုံးသွားကြောင်းကို အင်းဝတွင် ကုက္ကိုပင် စောင့်နတ်က ကိုယ်ထင်ပြ၍ မင်းကြီးအား မင်းရဲကျော်စွာကျဆုံး ပြီဖြစ်ကြောင်း ပြောပြခဲ့ပေသည်။

## ■ နောင်တော်ကြီး မင်းတရားနှင့်ဥဒိန်ကျော် ခေါင်နတ်

နောင်တော်ကြီးမင်း(၁၁၂၂-၁၁၂၅) လက်ထက်တွင် ၁၁၂၃- ခုနှစ်၌ ဇင်းမယ်ကို သိမ်းရန် စစ်ချီစေရာ လမ်းခုလတ် တွင် ဥဒိန်ကျော်ခေါင်ဘွဲ့ခံ ငဘတ်ချောင်းဗိုလ်သည် အရစ် အနေမသင့်သောကြောင့် တပ်ပျက်ပြီး သေဆုံးကာ နတ်ဖြစ်ပြီး နောက် နောင်တော်မင်းကြီး၏ ခြေကိုလှုပ်နှိုး၍ 'မိမိ သေဆုံး ခဲ့ရပြီဖြစ်ကြောင်း၊ အပါး တော်တွင် စောင့်နေထမ်းရွက်လိုပါ ကြောင်း. . .' လျှောက်တင်လေသည်။ နောင်တော်မင်းကြီး ကလည်း 'လေသာဆောင်တွင် စောင့်နေထမ်းရွက်စေ'ဟု မိန့်တော်မူကာ အစောင့်အဖြစ်ထားတော်မူသည်။

တစ်ခါသော် မုတ္တမမြို့၌ထားသော ကင်းတပ်ကို ယိုးဒယား(ထိုင်း)၊ ကင်းဝန်း-ကင်းပတ်တို့က လာရောက်နှောင့် ယှက်ကြကြောင်းကြားသိရ၏။ မြင်းသည်ကျော်တို့ကို စောင့်ဌ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ထောက်လှမ်းစုံစမ်းစေတော်မူရာ ပြန်ရောက်မလာခဲ့သောကြောင့် ဥဒိန်ကျော်ခေါင် နတ်ကို ထောက်လှမ်းစုံစမ်းရန် စေလွှတ်တော်မူပြန်သည်။

ဥဒိန်ကျော်ခေါင်နတ်သည် နေပြည်တော် (ရွှေဘိုမြို့)သို့ နေ့ချင်းပြန်ရောက်လာပြီးလျှင် . . .

"မုတ္တမမြို့မှာ အရေးအကြောင်းမရှိကြောင်း၊ အလျင်စေလွှတ်လိုက်သော မြင်းသည်ကျော်တို့သည် အပြန်လမ်းတောင်ငူမြို့ ခပေါင်းမြစ်ချောင်းကမ်းထိပ် မန်ကျည်းပင်အောက်တွင် ထမင်းချက်၍ နေကြသည်ကိုလည်း မြင်ခဲ့ရကြောင်း၊ မိမိလာကြောင်းသိသာ သေချာအောင် မန်ကျည်းခက်များကို ချိုးဖွဲ့၍ ချခဲ့ကြောင်း၊ မန်ကျည်း ပင်ကိုလည်း လှုပ်၍ ခြောက်လှန့်ခဲ့သေးကြောင်း၊ မုတ္တမမြို့ဝန်ထံမှ ငြိမ်ဝပ်သာယာရှိကြောင်း တင်လျှောက်စာကိုလည်း ဇိုမြင်းသည်တော်တို့တွင် ပါရှိကြောင်း. . .' ဖြင့် နတ်က လျှောက်ထားနှင့်လေသည်။

မြင်းသည်ကျော်တို့ ပြန်လည်ရောက်ရှိလာ၍ မေးမြန်းတော်မူသောအခါ နတ်ပြောသည့်အတိုင်း အလုံးစုံ မှန်နေကြောင်း တွေ့ ရှိရလေသည်။

ဥဒိန်ကျော်ခေါင်နတ်က 'မိမိ အမှုတော် ထမ်းရသည့်အတွက် ဘွဲ့မြတ် သနားခံလိုကြောင်း' လျှောက်တင်သောအခါ နောင်တော် ကြီးမင်းက 'ဇဝနယက္ခကျော်ခေါင်'ဟူသောဘွဲ့ကို ရွှေပြားရေးသား၍ ကလပ်ပေါ်တွင်တင်ကာ ပေးသနားတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်ထင်ပြ၍ ဘွဲ့ကိုယူရမည်'ဟု မိန့်တော်မူသောအခါ 'မိမိမှာ အလွန်ပင် ရုပ်ဆိုးဝါးလှသဖြင့် ရုပ်ကို မပြလိုကြောင်း၊ သို့သော် ထင်ရှားအောင်ကား ယူ၍ ပြပါမည်'ဟုဆို၍ မှူးမတ်တို့ အလယ်တွင် ရရှိထားသော ဘွဲ့ကို ချည်ကြိုးဖြင့် ဆွဲယူသွားသည်ကို မှူးမတ်များမြင်တွေ့လိုက်ကြရလေသည်။ ထိုဘွဲ့တံဆိပ်ကိုလည်း လေသာဆောင် ထုပ်လျှောက်ကြားတွင် ထားရှိသည်ကိုလည်း အများမြင်ကြရလေသည်။

ယင်း အဖြစ်အပျက်များသည် ရှေး ရာဇဝင်တော်ကြီးများတွင် နေရာပေးဖော်ပြထားရသော နတ်နှင့်လူသားတို့ ဆက်ဆံရေး တစ်စိတ်တစ်ဒေသပင်ဖြစ်ပါသည်။

နတ်နှင့် လူသားတို့၏ ဆက်ဆံရေးမှာ ထူးဆန်းအံ့ဩဖွယ်ရာလည်းကောင်းပေသည်။ ထို့ကြောင့် ၊ လူလူချင်းဆက်ဆံရေးထက် နတ်နှင့် လူသားတို့၏ ဆက်ဆံရေးမှာ ပို၍စိတ်ဝင်စားစရာကောင်း သည်နှင့်အမျှ ပို၍လည်း 'သတိမူစရာ' ကောင်းပါသည်။ လူလူချင်းကဲ့သို့ အမှတ်တမဲ့ ဆက်ဆံ၍ မဖြစ်သောကြောင့်တည်း။

သုတ်ပါထေယျ ပါဠိတော် အာဋာနာဋိယသုတ်တော်ကြီးတွင် ဗုဒ္ဓဘုရားရှင်သည် နတ်မင်းကြီး ၄-ပါးနှင့် နတ်စစ်သူကြီး ၂၈-ပါးတို့အပြင် ဂန္ဓဗ္ဗနတ်၊ ကုမ္ဘဏ်နတ်၊ ရက္ခိုသ်နတ်စသည်တို့ ၏ အကြောင်းများကိုပါ ဟောတော်မူခဲ့ပါသည်။

သုတ်မဟာဝါပါဠိတော် မဟာသမယသုတ်တွင်လည်း ဗုဒ္ဓ ဘုရားရှင် ဟောထားတော်မူခဲ့သော နတ်အများအပြားတို့ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိ နိုင်ပါသည်။

သုတ်မဟာဝါပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်၊ ဥဒ္ဒကပါဠိပါဠိတော်၊ သုတ္တနိပါတပါဠိတော်၊ ရတနသုတ်၊ ပဋ္ဌာန်ဂိုတ္တရပါဠိတော်၊ မူဏ္ဏာရာဇဝင် ပထမသုတ်စသည်တို့တွင်လည်း နတ်နှင့်လူသားတို့၏ ဆက်ဆံရေးများကို ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင်ညွှန်ပြထားတော်မူခဲ့ပါသည်။

ယင်းကဲ့သို့ သမိုင်းအထောက်အထားများ၊ ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူခဲ့သည်ကို မှတ်တမ်းတင်ထားသော ပိဋကတ်စာပေအထောက်အထားများအရ နတ်ဆိုသည်မှာ အမှန်တကယ်ထင်ရှားရှိနေပေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

■ မြန်မာမှုနယ်ပယ်မှ နတ်ကိုးကွယ်မှု အစဉ်အလာများ

မြန်မာနိုင်ငံ၌ နတ်ကိုးကွယ်မှုဆိုင်ရာ အစဉ်အလာသည် အေဒီ၄၀၀ ရာစု၊ ပုဂံခေတ်ဦးပိုင်း ကာလကပင် နတ်ယုံကြည် ကိုးကွယ် တင်မြှောက်မှုများ စတင်ထွန်းကားလာကြောင်းကို ပုဂံခေတ်ဦး၏ ပုဂံမင်းဆက် ခုနစ်ဆက်မြောက်ဖြစ်သော သဥ္စလည်ကြောင်မင်း(သက္ကရာဇ် ၂၆၆- ၃၀၉) လက်ထက်မှ စတင်ခဲ့ခြင်းဖြစ်ကြောင်း သမိုင်းစာဟောင်းများအရ လေ့လာသိရှိရပါသည်။ ယင်းသမိုင်းစာဟောင်းများအဆိုအရ ဖော်ပြရပါ မူ. . .

တကောင်းမြို့၌ ပန်းပဲမောင်တင့်တယ်သည် ခွန်အားဗလ သန်စွမ်းကြီးမားလွန်းလှသဖြင့် သူ၏တူထုသံကို တကောင်းမင်းမှ နားမခံသာအောင် ရှိလှ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် မိမိ၏နန်းကိုလုယူမည်ကိုလည်း စိုးရိမ်တော်မူသဖြင့် စစ်သည်ရဲမက်တို့ဖြင့် ဖမ်းဆီးစေရာ ထွက်ပြေးလွတ်မြောက်သွားလေသည်။ ထိုအခါ တကောင်းမင်းက မောင်တင့်တယ်၏ နှမ စောမယ်ယာကို မိဖုရားမြှောက်ပြီးလျှင် မောင်တင့်တယ်အား မြို့သူကြီးခန့်အပ်မည်ဟူ၍ လှည့်ဖြားခေါ်ယူစေကာ စံကားပင်၌ ဖိုကျင်ထိုးသတ်စေလေသည်။

ဤတွင် နှမဖြစ်သူ တကောင်းမင်း မိဖုရား စောမယ်ယာသည် 'ငါ့ကြောင့်ပင် ငါ့မောင်ကြီး သေရပေသည်'ဟု ယူကျုံးမရဖြစ်ကာ မီးပုံတွင်းသို့ ခုန်ဆင်းရာမှ မောင်တင့်တယ်နှင့် စောမယ်ယာတို့ သေဆုံးပြီး နတ်မောင်နှမဖြစ်သွားလေသည်။

ထို နတ်မောင်နှမသည် စံကားပင်၌ နေကြပြီး စံကားပင်အောက်သို့ ရောက်ရှိလာသမျှ လူသူ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား စသည်တို့ကို ဖမ်းစား၍သေကျေပျက်စီးကြလေသည်။ ထို့ကြောင့် တကောင်းမင်း အမိန့်တော်ဖြင့် ယင်း စံကားပင်ကို အမြစ်မှ တူးစေပြီး ဧရာဝတီမြစ်အတွင်းသို့ မျှောပစ်လိုက်လေရာ မောင်တင့်တယ် နတ်မောင်နှမတို့သည်လည်း စံကားပင်ကိုစီးကာ သြောင်ဦးကမ်းပါးသို့ ဆိုက်ရောက်လာကြ၏။

ပုဂံနေပြည်တော်တွင်မူ သေဉ်လည်ကြောင်မင်း (သက္ကရာဇ် ၂၆၆-၃၀၉) နန်းစံလျက်ရှိ၏။ သြောင်ဦးကမ်းပါးသို့ စံကားပင် ဆိုက်ကပ်လာသော ညလင်းအားကြီး အချိန်တွင် . . . ✿

"တကောင်းပြည်မှ ငါတို့ မောင်နှမ စံကားပင်ကိုစီး၍ မျှောလာပြီး သင် မင်းကြီး၏ ပုဂံပြည်သို့ရောက်လာသည်။ သင့်

www.burmeseclassic.com



တင့် လျောက်ပတ်သော နေရာ၌ နတ်ကွန်း၊ နတ်နန်းနှင့် ထားလျှင် သင်မင်းကြီးနှင့်တစ်ကွ ပုဂံ ပြည်သူတို့အား ငါ စောင့်မကြည့်ရှုမည်'ဟု သေဉ်လည်ကြောင်မင်းအား အိပ်မက်ပေးလေသည်။

သေဉ်လည်ကြောင်မင်းကြီးလည်း အိပ်မက်အရ စံကားပင်ကို ဆယ်ယူစေကာ မောင်တင့်တယ်နှင့် နှမ စောမယ်ယာ နတ်မောင်နှမရုပ်ကို ထုလုပ်ပြီးလျှင် ပုပ္ပားတောင်၌ နတ်ကွန်း၊ နတ်နန်းနှင့်ထားလျက်‚မင်းနှင့်တစ်ကွ မျိုးမတ်သေနာပတိမှ စ၍ ပုဂံပြည်သူ တို့အား တစ်နှစ်တစ်ကြိမ် ပုပ္ပားတောင်၌ နတ်ပူဇော်ပ,သပွဲကြီးကို သဘင်ကြီးစွာနှင့် ဆင်ယင်ကျင်းပ ကိုးကွယ်စေပါသည်။

ဆက်လက်၍ အနော်ရထာမင်း (သက္ကရာဇ် ၄၀၆-၄၃၉)လက်ထက်တွင် ရွှေဖျဉ်းညီနောင် နတ်ညီအစ်ကိုတို့ ပေါ်ပေါက်လာ၏။ ယင်း မင်းညီနောင်နတ်ကို အနော်ရထာမင်းမှ တောင်ပြုန်းနယ်ကို အပိုင်စားပေးကာ နှစ်စဉ် ပွဲလမ်းသဘင်ကြီးများဖြင့် ခမ်းနားစွာ ပူဇော်ပွဲကြီးကို ကျင်းပစေသည်မှ စ၍ ယနေ့တိုင်အောင် အစဉ်အလာမပျက် ကျင်းပဆဲပင်ဖြစ်ပါသည်။

ယင်းတို့မှာ သမိုင်းစာမျက်နှာများအရ မြန်မာတို့ နတ်ကိုးကွယ်မှုများ စတင်ခဲ့ကြပုံကို သိရှိရခြင်းပင်ဖြစ်သည်။

သမိုင်းဆိုင်ရာအမှတ်အသားများ ရှာဖွေတွေ့ရှိခဲ့သော်လည်း ပုဂံခေတ်မတိုင်မီ သရေခေတ္တရာ ခေတ်ကပင် ပျူသား များရှိနှင့်ပြီး ယင်း ပျူနတ်များကိုလည်း ကိုးကွယ်မှုများ ရှိနေပြီဟု ယုံကြည်ရသည်။ အကြောင်းရင်းမှာ ရွှေနဘေနတ် သုံးပန်လှ



www.burmeseclassic.com

www.burmeseclassic.com



နတ်၊ ရှင်မိနဲ (မနဲ့လေး)နတ် စသောနတ်တို့သည် မင်းမဟာဂီရိနတ် (မောင်တင့် တယ်နှင့် နှမစောမယ်ယာ)နှင့် ကွင်းဆက်နတ်များဖြစ်၍ ပျူနတ်များဖြစ်ကြောင်း သိရှိရ၏။

ရွှေနဘေနတ်ကိုမူ သရေခေတ္တရာ ခေတ်မှစတင်၍ မင်းတုန်းနယ်တွင် ယုံကြည်နေကြပြီဖြစ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## ■ ၃၇ မင်း နတ်များ၏ အစ

ပုဂံခေတ် အနော်ရထာမင်း လက်ထက်မတိုင်မီကပင် မြန်မာနိုင်ငံ၌ ထေရဝါဒဗုဒ္ဓသာသနာတော် စတင်ထွန်းကားနေပြီဟုယူဆစရာများ ရှိနေပြီဖြစ်သော်လည်း မဟာယာန ဗုဒ္ဓဘာသာနွယ်ဝင် တန္တရဂိုဏ်းသားများသာ ကြီးစိုးလွှမ်းနေသည်။ အကြောင်းရင်းမှာ နတ်ယုံကြည်ကိုးကွယ်မှုများသည်လို အပ်သည်ထက်ပိုမိုလွှမ်းကဲနေသောကြောင့်ဖြစ်၏။

အေဒီ ၄၀၀- ရာစုနှစ် သဘဲလည်ကြောင် မင်းလက်ထက် မှစ၍ မင်းနှင့်တစ်ကွ ပြည်သူအများ ကိုးကွယ်ခံခဲ့ရသည့် မင်းမဟာဂီရိနတ်မောင်နှမများ၏ အရှိန်ကောင်းနေဆဲ အခါ ဖြစ်သည်။

ထိုသို့နတ်ကိုးကွယ်မှုများ ရှေ့တန်းရောက်ရှိလာခြင်းသည် နတ်နှင့်လူပုံမှန်ဆက်ဆံရေးထက် ကျော်လွန်လာမှုများ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အနော်ရထာမင်းကြီးသည် မင်းမိန့်ဖြင့် နတ်ကွန်း နတ်အိမ်များကို ဖျက်ဆီးစေပြီး ယင်းနတ်ရုပ်များကိုလည်း စုရုံးချည်တွဲကာ မင်းကြီး၏ ကောင်းမှုတော် ရွှေစည်းခုံ ဘုရား တံတိုင်းအတွင်း၌ နေရာချထားပေးခဲ့သည်။ (ယင်းနတ်ရုပ်များ သည် ရွှေစည်းခုံဘုရားတံတိုင်း အတွင်းရှိ တန်ဆောင်း၌ ယနေ့တိုင်အောင် တွေ့ရှိနိုင်ပါသေးသည်။)

အနော်ရထာမင်းကြီးမှ ရွှေစည်းခုံဘုရားတံတိုင်း အတွင်း၌ထားရှိသော နတ်များကို 'အတွင်း ၃၇-မင်း နတ်များ' ဟူ၍ ထိုအချိန် ကာလကပင် သတ်မှတ်၍ ခေါ်ဆိုကြကြောင်း သိရ၏။

ထို့အတူ ကောင်းမှုတော် ရွှေစည်းခုံဘုရားတံတိုင်း အပြင် ဘက်၌ ထားရှိသော အောက်နတ်များကိုမူ 'အပြင် ၃၇-မင်းနတ်များ' အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရပါသေးသည်။ သို့သော် ပုဂံခေတ်ကာလက ရေတွက်ခဲ့သော အတွင်း-၃၇မင်း နတ်များမှာ ၃၇- ပါးလုံး အရေအတွက် ပြည့်ခဲ့သော်လည်း အပြင် ၃၇-မင်း နတ်များမှာ ၃၇-အရေအတွက် မပြည့်ပေ။ ၂၂-ပါးသော အရေအတွက်သာ ရှိကြောင်းသိရပါသည်။ တောင်ငူခေတ်ကျမှသာလျှင် အပြင် ၃၇-မင်း နတ် အရေအတွက် ပြည့်ခဲ့ကြောင်း လေ့လာသိရှိရ၏။

'အတွင်း' 'အပြင်' ဟူသော အသုံးအနှုန်းမှာ ရွှေစည်းခုံ ဘုရားတံတိုင်း၏ အတွင်းတံတိုင်း၊ အပြင်တံတိုင်းဟူသော တည်ရာ၊ ထားရှိရာဌာနကို အစွဲပြု၍ ဖြစ်ပေါ်လာခြင်းပင်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက် - အာဋာနာဋိယသုတ်တော်၌ ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော နတ်စစ်သူကြီး ၃၇-ပါးကို အတုယူကာ ဖော်ပြပါ'အတွင်း' 'အပြင်' ဟူသောအသုံးအနှုန်းနှင့် တွဲဖက်၍ အတွင်း ၃၇-မင်းနတ်ဟူ၍လည်းကောင်း၊ အပြင် ၃၇-မင်းနတ် ဟူ၍လည်းကောင်း ပုဂံခေတ်ပညာရှင်များက ခွဲခြားသတ်မှတ် ထားခဲ့သည်ဟုယူဆဖွယ်ရှိပါသည်။,

ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော အာဋာနာဋိယသုတ် တော်ကြီးတွင် နတ်စစ်သူကြီး ၃၇-ပါးတို့ကို ဗဟုသုတအလို့ငှာ ဖော်ပြလိုက်ပါသည်။

| | | |
|---|---|---|
| ၁။ ဣန္ဒ | ၂။ သောမ | ၃။ ဝရုဏ |
| ၄။ ဘာရဒွါဇ | ၅။ ပဇာပတိ | ၆။ စန္ဒန |
| ၇။ ကာမသေဋ္ဌ | ၈။ ကိန္နုဃဏ္ဍု | ၉။ နိဃဏ္ဍု |
| ၁၀။ ပနာဒ | ၁၁။ ဩပမည | ၁၂။ မာတလိ |
| ၁၃။ စိတ္တသေန | ၁၄။ နဠောရာဇ | ၁၅။ ဇနေသဘ |
| ၁၆။ သာတာဂိရိ | ၁၇။ ဟေမဝတ | ၁၈။ ပုဏ္ဏက |
| ၁၉။ ကရတိယ | ၂၀။ သိဝက | ၂၁။ မုစလိန္ဒ |
| ၂၂။ ဝေဿာမိတ္တ | ၂၃။ ယုဂန္ဓာရ | ၂၄။ ဂေါပါလ |
| ၂၅။ သုပ္ပရောဓ | ၂၆။ ဟိရိ | ၂၇။ နေတ္တိယ |
| ၂၈။ မိန္ဒယျ | ၂၉။ ယုလစန္ဒ | ၃၀။ အာဠာဝက |
| ၃၁။ ပဇ္ဇုန္န | ၃၂။ သုမန | ၃၃။ သုမုခ |
| ၃၄။ ဒဓိမုခ | ၃၅။ မဏိ | ၃၆။ မာဏိဝရ |

၃၇။ ဒေဃရိသက နတ်ကြီးများ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤ နတ်စစ်သူကြီး ၃၇-ပါးတို့ကို ပုဂံခေတ်၊ ပုဂံသားတို့မှ ကြည်ညိုလေးစား၍ အားထားကိုးကွယ်ခဲ့ကြကြောင်းကို ထီးလှိုင်ရှင် ကျန်စစ်သားမင်းကြီး၏ ကောင်းမှုကုသိုလ်တော်ကြီးဖြစ်သည့် အာနန္ဒာဘုရားကြီး၏ မြောက်ဘက်မုခ်နှင့် တောင်ဘက်မုခ်ရှိ အရှေ့ဘက်တန်းများတွင် နတ်စစ်သူကြီးတို့၏ ရုပ်တုများကို ထည့်သွင်းထုလုပ်ထားရှိခြင်းက သက်သေခံနေလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## ■ အတွင်း ၃၇ မင်း နတ်များ

ပုဂံခေတ် အနော်ရထာမင်းကြီး၏အမိန့်တော်နှင့် ပုဂံရွှေ စည်းခုံဘုရားတံတိုင်းအတွင်းဘက်၌ စုရုံးချထားသော အတွင်း ၃၇-မင်း နတ်များမှာ . .

(၁) **မတရဋ္ဌနတ်မင်း** ။ ။ ဂန္ဓဗ္ဗ နတ်မျိုး ဖြစ်သည်။ ဒုယင်ဝတ်၍ လက်တစ်ဖက်က သန်လျက်ကိုင်ထားပြီး ဒူး တစ်ဖက်ထောင်၊ တစ်ဖက်လှဲဖြစ်သည်။

(၂) **ဝိရူဠှကနတ်မင်း** ။ ။ ကုမ္ဘဏ်နတ်မျိုးဖြစ်သည်။ နတ်ဝတ်တန်ဆာမှာ ဒုယင်ဝတ်၍ လက် တစ်ဖက်က သန်လျက် ကိုင်ထားပြီး၊ ဒူးတစ်ဖက်ထောင် တစ်ဖက်လှဲ ဖြစ်သည်။

(၃) **ဝိရူပက္ခနတ်မင်း** ။ ။ နတ်နဂါးမျိုးနွယ် ဖြစ်သည်။နတ်ဝတ်တန်ဆာမှာ ဒုယင်ဝတ်၍ လက်

www.burmeseclassic.com



တစ်ဖက်က သန်လျက်ကိုင်ထားပြီး ဒူးတစ်ဖက်ထောင် တစ်ဖက်လှဲ ဖြစ်သည်။

(၄) **ကုဝေရနတ်မင်း** ။ ။ နတ်ဘီလူးမျိုးနွယ် ဖြစ်သည်။နတ်ဝတ်တန်ဆာမှာဒုယင်ဝတ်၍ လက်တစ်ဖက်ကသန်လျက်ကိုင်ထားပြီး ဒူးတစ်ဖက်ထောင် တစ်ဖက်လှဲ ဖြစ်သည်။

(၅) **သိကြားနတ်မင်း** ။ ။ခရုသင်းနှင့် သားမြီးယပ်ကိုင် ဖြစ်သည်။

(၆) **မဟာသရနတ်မင်း** ။ ။ နတ်ဝတ်တန်ဆာမှာ ဒုယင်ဝတ်၊ နွားလားဥသဘကို စီး၍ လှံသုံးခွကို ကိုင်ဟန်ဖြစ် သည်။

(၇) **မဟာပိန္နဲနတ်မင်း** ။ ။ နတ်ကိုယ်နှင့် ဆင်ဦးခေါင်း၊ လက်ယာဘက်လက်နှစ်ဖက်တွင် အထက်လက်မှာ ချွန်းနှင့် သန်လျက်ကိုင်ထားပြီး လက်ဝဲ လက်နှစ်ဖက်၌ အထက်လက်တွင် စက်ဝန်း၊ အောက်လက်မှာ မိမိ ဦးခေါင်းရှိ ဆင်နှာမောင်းကို ကိုင်ဆုပ်နေဟန်နှင့် ကြွက်ယာဉ်ကို စီးထားဟန်ဖြစ်သည်။

(၈) **စန္ဒီနတ်သမီး** ။ ။ လက်ဆယ်ဖက် ရှိသည်။ လက်ယာ ငါးဖက်မှာ ဓားလွယ်၊ သန်လျက်၊ လှံ၊ သံချွန်၊ ဓားမြှောင် တစ်ခုစီကိုင်ထားသည်။ လက်ဝဲလက် ငါးဖက်မှာ ဒိုင်း၊ ထီး၊ လေး၊ ပုတီး၊ ခရုသင်းတို့ ကိုင်ထားပြီး ပတ္တမြားနီ ခံသော ခြင်္သေ့ယာဉ်ကို



www.burmeseclassic.com

www.burmeseclassic.com



စီးထားသည်။

(၉) **သူရဿတီနတ်သမီး** ။ ။ ဥက္ကါယာဂင်ခိုက် နတ်တန်ဆာ ဆင်ယင်ပြီး၊ လက်နှစ်ဖက်မှာ ကြာပန်းကိုင်ပြီး ဟင်္သာငှက်ယာဉ်ပေါ် ထိုင်နေဟန်ဖြစ်သည်။

(၁၀) **ပျံသမဂီ (သို့) ရသမဂီ** ။ ။ နတ်သမီးအဝတ်တန်ဆာဆင်ယင်လျက် လက်ကပန်းခိုင်ကိုကိုင်၍ ဘုရားရှိခိုးနေဟန်ဖြစ်သည်။

(၁၁) **စန္ဒာနတ်မင်း** ။ ။ နတ်သားအဝတ်တန်ဆာဆင်လျက် လက်ကပန်းခိုင်ကိုကိုင်၍ ဘုရားရှိခိုးနေဟန် ဖြစ်သည်။

(၁၂) **အာဠဝီနတ်မင်း** ။ ။ မတ်ရပ်ထ၍ သန်လျက်ကိုင်နေဟန်ဖြစ်သည်။

(၁၃) **မာရ်နတ်မင်း** ။ ။ လက်ဝဲလက်ယာ နှစ်ဖက်ပေါင်းသော် လက် နှစ်ဆယ်ရှိသည်။ လက် နှစ်ဆယ်၌ လက်နက်တစ်မျိုးစီကို ကိုင်ထားသောကြောင့် လက်နက် အမျိုးနှစ်ဆယ် ကိုင်ထားဟန်ဖြစ်သည်။

(၁၄) **သောတာပန်နတ်မင်း** ။ ။အင်ကြင်းပင်စောင့်နတ်မင်း ဖြစ်သည်။ အင်ကြင်းပန်းဖြင့် ဘုရားပူဇော်နေဟန်ဖြစ်သည်။

(၁၅) **အနာဂါမ်နတ်မင်း** ။ ။ ဗုဒ္ဓဘုရားရှင်၏ ရွှေသပိတ်တော်စောင့် နတ်မင်းဖြစ်သည်။ မှက်၊ ခြင်၊ ယင် နှင့် နတ် ဟုလည်းခေါ်သည်။ သပိတ်တော်အနီး၌ယပ်ခတ်



www.burmeseclassic.com

www.burmeseclassic.com



နေဟန့် ဖြစ်ပါသည်။

(၁၆) ဇမ္ဗူဒီပါနတ်မင်း ။ ။ နတ်ဝတ်တန်ဆာ ဆင်ယင်၍ မတ်ရပ်ထ သန်လျက်ကိုင်ထားဟန်ဖြစ်သည်။

(၁၇) ဇမ္ဗူတံဆိပ်နတ်မင်း။ ။ မတ်ရပ်ထ သန်လျက်ကိုင် ထားဟန်ဖြစ်သည်။

(၁၈) ဇမ္ဗူချမ်းသာနတ်မင်း ။ ။ မတ်ရပ်ထ သန်လျက်ကိုင်ထားဟန်ဖြစ်သည်။

(၁၉) ဇမ္ဗူကျက်သရေနတ်မင်း။ ။ မတ်ရပ်ထ သန်လျက်ကိုင်ထားဟန် ဖြစ်သည်။

(၂၀) ဇမ္ဗူသပြေနတ်မင်း ။ ။ ဒူးတစ်ဖက်ထောင်ပြီး တစ်ဖက် လှဲထိုင်၍ သန်လျက်ကိုင်နေဟန်ဖြစ်သည်။

(၂၁) ဇမ္ဗူတန်ဆောင်နတ်မင်း ။ ။ဒူးတစ်ဖက်ထောင်ပြီး တစ်ဖက်လှဲထိုင်၍ သန်လျက်ကိုင်နေဟန် ဖြစ်သည်။

(၂၂) ဇမ္ဗူတမွတ်နတ်မင်း။ ။ ဒူးတစ်ဖက်ထောင်ပြီး တစ်ဖက် လှဲထိုင်၍ သန်လျက်ကိုင်နေဟန်ဖြစ်သည်။

(၂၃) ဇမ္ဗူရန်အောင်နတ်မင်း ။ ။ ဒူးတစ်ဖက်ထောင်ပြီး တစ်ဖက်လှဲထိုင်၍ သန်လျက်ကိုင်နေဟန်ဖြစ်သည်။

(၂၄) ရွှေသက်ရိုးနတ်မင်း ။ ။ မတ်ရပ်ထလျက် သန်လျက်ကိုင်ထားဟန်ဖြစ်သည်။

(၂၅) ရွှေပြည်သင်နတ်မင်း ။ ။ မတ်ရပ်ထလျက် သန်လျက်ကိုင်ထားဟန်ဖြစ်သည်။

(၂၆) ရွှေညိုသင်နတ်မင်း ။ ။ မတ်ရပ်ထလျက် သန်လျက်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထားဟန်ဖြစ်သည်။

(၂၇) ရွှေစကားနတ်မင်း ။ ။ မတ်ရပ်ထလျက် သန်လျက်ကိုင်ထားဟန်ဖြစ်သည်။

(၂၈) စံကားပင်စောင့်နတ်မင်း ။ ။ လက်တွင် စံကားပန်းများကိုင်၍ ဘုရားပူဇော်နေဟန်ဖြစ်သည်။

(၂၉) မန်ကျည်းပင်စောင့်နတ်မင်း ။ ။ မတ်ရပ်ထလျက် သန်လျက်ကိုင်ထားဟန်ဖြစ်သည်။

(၃၀) ဆင်ဖြူရှင်နတ်မင်း ။ ။ နတ်ဝတ်တန်ဆာ ဆင်ယင်ပြီး ဆင်ဖြူတော်စီးနေဟန်ဖြစ်သည်။

(၃၁) မြင်းဖြူရှင်နတ်မင်း ။ ။ မြင်းဖြူတော် စီးနေဟန်ဖြစ်သည်။

(၃၂) ငဆွယ်သင်နတ်မင်း ။ ။ မတ်ရပ်ထလျက် သန်လျက်ကိုင်ထားဟန်ဖြစ်သည်။

(၃၃) ငနွယ်သင်နတ်မင်း ။ ။ မတ်ရပ်ထလျက် သန်လျက်ကိုင်ထားဟန်ဖြစ်သည်။

(၃၄) ဖက်မသင်နတ်မင်း ။ ။ မတ်ရပ်ထလျက် သန်လျက်ကိုင်ထားဟန်ဖြစ်သည်။

(၃၅) ဘုံမသင်နတ်မင်း ။ ။ မတ်ရပ်ထလျက် သန်လျက်ကိုင်ထားဟန်ဖြစ်သည်။

(၃၆) ထုံသင်းကြီးနတ်မင်း ။ ။မတ်ရပ်ထလျက် သန်လျက်ကိုင်ထားဟန်ဖြစ်သည်။

(၃၇) ပွဲစားကြီးနတ်မင်း ။ ။မတ်ရပ်ထလျက် သန်လျက်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထားဟန်ဖြစ်သည်။

ဖော်ပြပါ အတွင်း ၃၇-မင်း နတ်မင်းတို့၏ စာရင်းမှာ ရွှေစည်းခုံဘုရားတံတိုင်းအတွင်း၌တည်ရှိသော စာရင်းပင် ဖြစ်ပါသည်။ သို့သော် 'မန္တလေးရွှေမြို့တော်တည်စာတမ်း'ပါ စာရင်းနှင့်မူ အနည်းငယ် ကွာခြားနေသည်ကို တွေ့ရပါသည်။

မန္တလေးရွှေမြို့တော်တည်စာတမ်းကို သက္ကရာဇ် ၁၂၁၈-ခုနှစ်၊ တပို့တွဲလဆန်း (၈)ရက်၊ တနင်္ဂနွေနေ့၊ မန္တလေး ရတနာပုံ ပထမမြို့တည်၊ နန်းတည် အခါတော်၊ တောခုတ် ထွင်ရှင်းလင်း အခါတော်၊ အုတ်မြစ်တော်စီ အခါတော်၊ နန်းသိမ်းအခါတော်တို့၌ တင်ကြား ပ,သ ပူဇော်ရန် ဒီပဲယင်း ဆရာတော်၊ စံကျောင်းဆရာတော်စသော တံဆိပ်တော်ရ ဆရာတော် ကြီး ရှစ်ပါးနှင့် သတိုးမင်းကြီး မဟာမင်းလှကျော်သူ၊ ပုခန်းမြို့ စားဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှစည်သူတို့ အမှူးပြုသော လူပညာရှိတစ်ဆယ့်သုံးဦး စီမံထားသော စာတမ်း ဖြစ်ကြောင်း သိရှိရပါသည်။

ယင်း မန္တလေး ရွှေမြို့တော်တည်စာတမ်း၌ ပါရှိသော အတွင်း ၃၇-မင်း၊ နတ်စာရင်းနှင့် ချိန်ထိုးကြည့်ခြင်းဖြင့် ကွဲလွဲ ချက်ကို သိရှိကြပေလိမ့်မည်။

(၁) သိကြားနတ်မင်း
(၂) မဟာဂီရိနတ်မင်း
(၃) ဝိရူဠှကနတ်မင်း



www.burmeseclassic.com

www.burmeseclassic.com



(၄) ဝိရူပက္ခနတ်မင်း
(၅) ကုဝေရနတ်မင်း
(၆) ဇမ္ဗူဒီပနတ်မင်း
(၇) ဇမ္ဗူတံဆိပ်နတ်မင်း
(၈) ဇမ္ဗူချမ်းသာနတ်မင်း
(၉) ဇမ္ဗူကျက်သရေနတ်မင်း
(၁၀) ဇမ္ဗူသပြေနတ်မင်း
(၁၁) ဇမ္ဗူတန်ဆောင်နတ်မင်း
(၁၂) ဇမ္ဗူတမွတ်နတ်မင်း
(၁၃) ဇမ္ဗူရန်အောင်နတ်မင်း
(၁၄) ဗျာသဂီနတ်သမီး
(၁၅) မဟေသရနတ်မင်း
(၁၆) ရွှေပြည်သင်နတ်မင်း
(၁၇) ရွှေညိုသင်နတ်မင်း
(၁၈) ရွှေစကားနတ်မင်း
(၁၉) ပွဲစားကြီးနတ်မင်း
(၂၀) ခရားပင်စောင့်နတ်မင်း
(၂၁) အင်ကြင်းပင်စောင့်နတ်မင်း
(၂၂) ယပ်နှင့် (သပိတ်တော်စောင့်)နတ်မင်း
(၂၃) အာဠဝကနတ်မင်း



www.burmeseclassic.com

www.burmeseclassic.com



(၂၄) ကြေးစန္ဒီနတ်သမီး
(၂၅) ကြော့စန္ဒီနတ်သမီး
(၂၆) ဆင်ဖြူရှင်နတ်
(၂၇) ငဆွယ်သင်နတ်
(၂၈) ဖက်ပသင်နတ်
(၂၉) မြင်းဖြူရှင်နတ်
(၃၀) မာရ်နတ်မင်း
(၃၁) မန်ကျည်းပင်စောင့်နတ်
(၃၂) သူရဿတီနတ်သမီး
(၃၃) ငနွယ်သင်နတ်
(၃၄) ထုံသင်းကြီးနတ်
(၃၅) မဟာပိန္နဲနတ်
(၃၆) ရွှေသက်စိုးနတ်မင်း
(၃၇) ရွှေမြို့ရှင်နတ်မင်း

တို့ ဖြစ်ကြကြောင်းနှင့် မန္တလေး ရွှေမြို့တော်တည်စဉ် အခါတော်အလိုက် ပူဇော်ပသကြကြောင်း သိရှိရပါသည်။

အထက်ပါ ၃၇-မင်း နတ်စာရင်း၌ ပါရှိသော မတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခနှင့် ကုဝေရ နတ်မင်းကြီးများမှာ စတုမဟာရာဇ် နတ်မင်းကြီးလေးပါး(သာသနာတော်စောင့်နတ်မင်းကြီးလေးပါး)ဖြစ် ပါသည်။ ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော အာဋာနာဋိယ



www.burmeseclassic.com

www.burmeseclassic.com



သုတ်တော်တွင်လည်း ပါရှိ၍ သက္ကတကျမ်းများတွင်လည်း ထင်ရှားသော နတ်မင်းကြီးများပင် ဖြစ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## ■ အပြင် ၃၇ မင်း နတ်စာရင်းများ

အပြင် ၃၇-မင်း နတ်စာရင်း ဖော်ပြချက်တို့မှာ ညောင်ရမ်းခေတ် မတိုင်မီကပင် စာရင်းဟောင်း မူကွဲများရှိနေပြီဟု ယူဆရပါသည်။ ယင်းစာရင်းဟောင်းမူကွဲများကို ညောင်ရမ်းမင်းဆက် ငါးထပ် ဒါယကာမင်း (သက္ကရာဇ် ၁၀၁၀-၁၀၂၃) လက်ထက်တွင် ပြန်လည် ပြင်ဆင်တည်းဖြတ် သုတ်သင်၍ အပြင် ၃၇-မင်း နတ်စာရင်းသစ် တစ်စောင်ကို ရေးသားပြုစုခဲ့ကြောင်း မှတ်တမ်းအရ သိရှိရသော်လည်း ထိုမင်းလက်ထက် သုတ်သင် ပြင်ဆင်ပြီး မှတ်တမ်းတင်ထားသော နတ်စာရင်းဇယားကိုကား ရှာဖွေမတွေ့ရှိပေ။

သို့သော် ညောင်ရမ်းခေတ်တွင် ထင်ရှားခဲ့သော စာဆို ဝန်ကြီး ပဒေသရာဇာရေးသားသီကုံးခဲ့သော နတ်သံကိုကား တွေ့ရှိရပေသည်။ ယခု အခါ၌မူ. . .



www.burmeseclassic.com

www.burmeseclassic.com



(၁) စာဆိုဝန်ကြီး ပဒေသရာဇာ ရေးသားသီကုံးခဲ့သော နတ်သံ အရ အပြင် ၃၇-မင်း နတ်စာရင်းကို သိရှိရခြင်း။

(၂) စာဆိုမြဝတီဝန်ကြီးဦးစ၏ အပြင် ၃၇-မင်း နတ်စာရင်း။

(၃) ဒီပဲယင်းဆရာတော်၊ စံကျောင်းဆရာတော်တို့ အမှူးပြုသော မင်းတုံးဆိပ်တော်ရ ဆရာတော်ဘုရားကြီး ရှစ်ပါးနှင့် သတိုးမင်းကြီး မဟာမင်းလှကျော်သူ၊ ပခန်းမြို့စားဝန်ကြီးသတိုးမင်းကြီး မဟာမင်းလှစည်သူတို့ ကြီးမှူးသော လူပညာရှိ တစ်ဆယ့်သုံးဦးတို့ စီစဉ်ရေးသားသော 'မန္တလေးရွှေမြို့တော်တည် စာတမ်း' အရ သိရှိရသော အပြင် ၃၇-မင်းနတ် နှင့် နတ်စာရင်းဟူ၍ အပြင် ၃၇-မင်းနတ်နှင့် ပတ်သက်သော စာရင်း သုံးမျိုးကို တွေ့ရှိရပါသည်။

စာဆို မြဝတီမင်းကြီးဦးစ မှတ်တမ်းတင်ခဲ့သော အပြင် ၃၇-မင်း နတ်စာရင်းတွင်. . ,

(၁) ဘိုးတော် ဗဒုံမင်း (သက္ကရာဇ် ၁၁၆၇-ခုနှစ်) လက်ထက်တွင် အိမ်ရှေ့မင်း အမိန့်တော်ဖြင့် ဆိုင်းဆရာမြတ်သာ၊ တေရုတ်စသည်တို့ထံမှ မေးမြန်းမှတ်သားရသော ဆင်ယင်နည်းများ၊ တီးမှုတ်နည်းများ။

(၂) ဘကြီးတော်မင်း (သက္ကရာဇ် ၁၁၈၂-ခုနှစ်) လက်ထက်တွင် နတ်ထိန်းကြီး ကဝိဒေဝကျော်၊ ရာဇဝင်ငနု အပေါ် အပင် ရာဇဝင်တတ်ကျွမ်းကြသူတို့နှင့် တိုက်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေး မေးမြန်း၍ရသော အပြင် ၃၇-မင်းနတ်တို့၏ အမျိုးအမည်၊ အတ္ထုပ္ပတ္တိ၊ ဆင်ယင်ဝတ်စားပုံများနှင့် တီးမှုတ်နည်း နတ်သံများ။

ဟူ၍ စာတမ်း မှတ်တမ်း နှစ်ရပ်တို့ကို ပေါင်းကာ စုစည်း မှတ်သားထားခဲ့ခြင်းဖြစ်ကြောင်း သိခဲ့ရပါသည်။ ယင်း မှတ်သား ချက်မှတ်တမ်းသည် ဘိုးတော် ဗဒုံမင်းနှင့် ဘကြီးတော် မင်းတို့ လက်ထက်မှစ၍ နောက်ဆုံး အတည်ပြုခဲ့သော အပြင် ၃၇-မင်း နတ်စာရင်းဖြစ်ကြောင်း သိရှိရသလို၊ ယနေ့တိုင် တည်ရှိနေသော အပြင် ၃၇-မင်း နတ်စာရင်းလည်းဖြစ်နေ ပါသည်။

ယင်း မြဝတီမင်းကြီးဦးစ၏ စာရင်းအရ အပြင် ၃၇-မင်း နတ်စာရင်းမှာ. . .

(၁) **သိကြားနတ်**

စတုမဟာရာဇ်နတ်ပြည်နှင့် တာဝတိံသာနတ်ပြည်တို့ကို အစိုးရသော သိကြားမင်းဖြစ်၏။ သိကြားမင်းနတ်သည် သောတာပန်ဖြစ်ကြောင်းကို ဗုဒ္ဓ၏ ပိဋကတ်စာပေ များ၌ ဖော်ပြထားသည်ကိုတွေ့ရှိရပါသည်။

(ထုလုပ်နည်း-အောက်ခံ ဆင်ရုပ်၊ ဦးခေါင်းသုံးလုံး ခံပြီးအပေါ်က ပဒုမ္မာကြာပွင့်ဆင်ထား၍ ယင်းကြာပွင့် ၏ အပေါ်၌ မတ်ရပ်ထလျက် အနေအထားဖြင့် လက်ယာလက်တော်ကလည်း ခရုသင်း၊ လက်ဝဲ



www.burmeseclassic.com

www.burmeseclassic.com



လက်တော်က သားမြီးယပ်ကိုကိုင်၍ သိကြားမင်း အဝတ်တန်ဆာအစုံဖြင့် ထုလုပ်ရပါ သည်။)

(၂) မင်းမဟာဂီရိနတ်

တကောင်းပြည်၌ ပန်းပဲဆရာ ဦးတင့်တော်၏သား မောင်တင့်တယ်သည် ဆင်ပြောင်၏အစွယ်ကိုပင် ချိုး ပစ်နိုင်သည်။ခွန်အားဗလ ကြီးမားလှ၏။ ထို့ကြောင့် တကောင်းမင်းကြီးသည် သူ၏နန်းစည်းစိမ်ကို လုလိမ့် မည်ဟု စိုးရိမ်တော်မူသဖြင့် ကွပ်မျက်ပစ်ရန် ဖမ်းဆီး စေရာ မောင်တင့်တယ် ထွက်ပြေးတိမ်းရှောင် နေလေ သည်။

တကောင်းမင်းကြီးလည်း မောင်တင့်တယ်မှ လူသူ စုရုံး၍ ရန်မူမည်ကို ကြောက်ရွံ့လှသောကြောင့် မောင်တင့်တယ်၏ နှမအကြီးစောမယ်ယာကို မိဖုရား မြှောက်ပြီးနောက် အတန်ကြာသော် မိဖုရားကြီးအား . . . 'သင်၏ အစ်ကိုသည် ခွန်အား ဗလနှင့် ပြည့်စုံသူ ဖြစ်၏။ မြို့ဝန် ခန့်တော်မူမည်၊ အလျင်အမြန်ခေါ်စေ' ဟု မင်းကြီးကမိန့်တော်မူရာ ယုံကြည်သည်နှင့် ခေါ်ယူ လေသည်။

မောင်တင့်တယ်ကလည်း 'ငါ့နှမကို မိဖုရား မြှောက်လေပြီဖြစ်သောကြောင့် ငါ့ကိုလည်း အရှုထမ်း စေလို၍ ခေါ်သည်'ဟု ရိုးသားစွာပင် ထင်မှတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာခဲ့၏။

ဤတွင် မင်းကြီးသည် မောင်တင့်တယ်အား ဥပါယ်တံမျဉ်ဖြင့် ဖမ်းဆီးစေကာ ဓား၊ လှံ၊ လက်နက်တို့ဖြင့် သတ်သော်လည်းမသေ။ နောက်ဆုံးတွင် စံကားပင်၌ ချည်နှောင်ပြီး ဖိုကျင်ထိုး သတ်လေမှ သေဆုံးကာ နတ်ဖြစ်သွားလေသည်။

(ထုလုပ်နည်း-ဆင်ဖြူခုံတွင် ဘီလူးဆင့်ပြီး အပေါ်တွင် မတ်ရပ်ထလျက် မင်းသားတို့၏ အဆောင် အယောင်နားတောင်း၊ စလွယ်နှင့် ဝဲလက်က ယပ်ကိုင်၍ ယာလက်က ဓားကိုင်ထားဟန်ဖြစ်သည်။

[ညောင်ဦး ရွှေစည်းခုံဘုရားတွင် ဤ ထုပုံအတိုင်းပင် ဖြစ်ပါသည်။] )

(၃) နှမတော်(စောမယ်ယာ)နတ်

မောင်တင့်တယ်၏ နှမအကြီး စောမယ်ယာသည် တကောင်းမင်းကြီးက မောင်တင့်တယ်ကို ဖိုကျင်ထိုး သတ်သောအခါ 'ငါ့ကြောင့်သာ ငါ့ မောင်ကြီး သေရလေခြင်း'ဟု ယူကျုံးမရဖြစ်ပြီး မီးပုံတွင်းသို့ ခုန်ဆင်းလေသည်။ သို့သော် အစောင့်အကြပ်များက လိုက်၍ ဆွဲငင်သောကြောင့် ခေါင်းကိုသာ ရလိုက်၏ ကိုယ်ခန္ဓာကား မီးကျွမ်းလောင်ပြီး ဖြစ်၍ သေဆုံးကာ နတ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(ထုလုပ်နည်း-ဆင်နက်မ အရုပ်ခုံတွင် ဘီလူးရုပ်ဆင့်ထားရသည်။ ဘီလူးအပေါ်တွင်မတ်တတ်ရပ်လျက် ယာလက်၏ လက်မနှင့်လက်ညှိုးညှပ်ကာ ကြာစုသီးကိုင်ထား၏။ ရင်ကို ပိုက်နေဟန်၊ ဝဲလက်ချထားဟန် ထုလုပ်ရပါသည်။)

(၄) **ရွှေနဘေနတ်**

ရွှေနဘေနှင့် ပတ်သက်၍ သမိုင်းနောက်ခံ သုံးမျိုးကို လေ့လာသိရှိရ၏။ ယင်းတို့မှာ-

(၁) မင်းတုန်းမြို့သူ ဖြစ်သည်။ နဂါးလုလင်နှင့် အကြောင်းပါသည်။ လင်ပျစ်သွားခြင်းကို ခံရ၏။ စိတ္တဇနှင့် သေဆုံးပြီး နတ်ဖြစ်သည်ဟူ၍ လည်းကောင်း၊

(၂) မင်းတုန်းမြို့သူ ဖြစ်သည်။ တောလုလင် တစ်ယောက်နှင့် အကြောင်းပါသည်။ လင်ပစ်သွားသောကြောင့် စိတ္တဇရောဂါနှင့် သေဆုံးကာ နတ်ဖြစ်သည် ဟူ၍လည်းကောင်း၊

(၃) နဂါးမျိုးဖြစ်သည်။ ပန်းပဲမောင်တင့်တယ် ရာဇဝတ်ဘေးကြောင့် ပြေးလွှားပုန်းအောင်းနေရစဉ်အတွင်း အကြောင်းပါသည်။ မောင်တင့်တယ် အသတ်ခံရပြီးနောက်ဉီးနှစ်လုံးဥပြီး နှလုံးကြေကွဲနာဖြင့် သေဆုံးကာ နတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်ဟု နောက်ခံသမိုင်းကြောင်း သုံးမျိုး အနက် ပန်းပဲမောင်တင့်တယ်၏ဇနီး ရွှေနဘေ (နဂါးမ)ဟူသောနောက်ခံ အယူအဆကို သာ လက်ခံသူများကြောင်း လေ့လာသိရှိရပါသည်။

(ထုလုပ်နည်း-ကြာခုံပေါ်တွင် မတ်တတ်ရပ်လျက် ဦးခေါင်းတွင် နဂါးလည်ပေါ်နှင့် စည်းပုံဆောင်၊ ဆူး နားတောင်းပန်၊ ယာလက်က ရင်ဆိုပိုက်ပြီး ဝဲလက်မှာ မြှောင်ချထားဟန် ထုလုပ်ရပါသည်။)

(၅) **သုံးပန်လှ**

သုံးပန်လှ နတ်ဖြစ်ခြင်း နောက်ခံသမိုင်းနှင့် ပတ်သက်ပြီး မှုကွဲနှစ်မျိုးကို တွေ့ရှိရပါသည်။ ယင်းတို့မှာ. . .

(၁) ဟံသာဝတီပြည် ကန်စွန်းနိမ့်ရွာသူ (မွန်ဘာသာ စကားအရ တတွန်းနွတ်=တံတားငယ်ရွာ) ဖြစ် သည်။ တစ်နေ့လျှင် သုံးကြိမ်သုံးဖန် လှသူဖြစ် သောကြောင့် သူ၏မိဘများက သရေခေတ္တရာ ပြည် ဒွတ္တဘောင်မင်းကြီးအား ဆက်သသည်။ မင်းကြီး၏ မိဖုရားမောင်းမ မိသံများက မနာလို ကြသောကြောင့် သုံးပန်လှကို ကြိုဆို သူတို့အား တံစိုးလက်ဆောင်ပေးပြီး 'သုံးပန်လှ သည် မျက်နှာသာလှ၍ ကိုယ်လုံးကိုယ်ထည် အလွန် ကြီးမားလှသောကြောင့် မြို့တံခါးမဆံ့

www.burmeseclassic.com



၍ မြို့တွင်းသို့ သွင်း မယူနိုင်သဖြင့် မြို့အပြင်မှာထားခဲ့ရကြောင်းဖြင့် မင်းကြီးအား လျှောက်တင်စေလေသည်။ မင်းကြီးလည်း ယုံတော်မူသဖြင့် မသိမ်းမယူ လျစ်လျူပြုထားသောကြောင့် သုံးပန်လှ မှာရှက်စိတ်ဖြင့် သေဆုံးကာ နတ်ဖြစ်သွားခြင်း။

(၂) မောင်တင့်တယ်၏ နှမအငယ် ရှင်ထွေးလှခေါ် သုံးပန်လှသည် မောင်တင့်တယ်တို့ တကောင်းမင်းအရေးကြောင့် တိမ်းရှောင်ထွက်ပြေးရာ ရခိုင်ပြည်သို့ရောက်သည်။ ရခိုင်ဘုရင်က သမီး အမှတ်ပြု၍ ကျွေးမွေးထား၏။ နောက် မွန်မင်းသမိန်ထောရာမအား ဆက်၍ မင်း၏ မိဖုရားဖြစ်လာသည်။ သမီး ရှင်နဲမိကို မွေးဖွားပြီးနောက် ဆွေမျိုးများကို တွေ့လို၍ တကောင်းမြို့သို့ဆန်တက်လာရာ အင်းဝ မြို့အနောက်ရှိ တပယ်ထောက်ရွာသို့ အရောက်တွင် ရုတ်တရက်ဖျား၍ သေဆုံးပြီး နတ်ဖြစ်သွားခြင်း။

(ထုလုပ်နည်း-ဆင်ရုပ်ခံ ဘီလူးရုပ်ခုံတွင် မဟ်တတ်ရပ်လျက်၊ ဆံကျစ်မြိတ်ရစ်ထုံး၊ ယာလက်က ရင်ကို မ၊ ဝဲလက်က ကိုယ်မှာ အလိုက်သင့် ချထားဟန် ထုလုပ်ရသည်။)



www.burmeseclassic.com

www.burmeseclassic.com



(၆) မနဲ့မိ

ရှင်ထွေးလှခေါ် သုံးပန်လှ သေဆုံးသောအခါ ကျန်ရစ်သူ သမီး မနဲ့မိ(ခေါ်)မနဲ့လေးမှာ နှစ်နှစ်သမီးအရွယ်ဖြစ်၏။ သမီးမနဲ့မိသည်လည်း နှစ်နှစ်သမီးအရွယ်တပယ်ထောက်ရွာမှာပင် မယ်တော်သုံးပန်လှကို လွမ်းဆွတ်ကာသေဆုံးပြီး နတ်ဖြစ်လေသည်။

(ထုလုပ်နည်း-ကြာခံပလ္လင်ပေါ်တွင် မတ်တတ်ရပ်လျက်၊ ထဘီခါးချပ်ဝတ်ကာ လက်ကောက်၊ ပုတီး၊ စည်းပုံနှင့် လက်နှစ်ဖက်ကို ချထားဟန် ကလေးရုပ်ပီအောင် ထုလုပ်ရသည်။

(၇) တောင်ကြီး ရှင်ညီ နှင့်

(၈) မြောက်မင်း ရှင်ဖြူ

မောင်တင့်တယ်နှင့် ရွှေနဘေတို့၏ သားနှစ်ယောက်ဖြစ် သည်။ သရေခေတ္တရာပြည် ဒွတ္တဘောင်မင်းကြီးထံ ခစားနေကြရာမှ မင်းကြီးက ရှင်ညီ၊ ရှင်ဖြူ ညီအစ်ကို၏ အစွမ်းသတ္တိကို သိရှိရသဖြင့် ထီးနန်းကို လုပ်ကြံလိမ့်မည်ဟူ၍ ပူပန်လာသောကြောင့် ဥပါယ်တံမျဉ်ဖြင့် ညီအစ်ကိုနှစ်ယောက်ကို လက်ပန်းထိုးကြစေရာ နှလုံးကွဲ၍ နှစ်ယောက်လုံး သေဆုံးပြီး နတ်ဖြစ်သည်။

(ထုလုပ်နည်း-ကြာခုံခံပေါ်တွင် နတ်ရုပ် နှစ်ရုပ်လုံး



www.burmeseclassic.com

www.burmeseclassic.com



မတ်တတ်ရပ်လျက် နှစ်ရုပ်လုံး လက်ဝဲလက်ယာ သုံးဖက်စီဖြင့် လက်ခြောက်ဖက် ရှိသည်။ အထက် ဝဲယာ လက်နှစ်ဖက်က လက်အုပ်ချီ၍ ရင်မှာကပ်ထား သည်။ ကျန် လက်ဝဲ လက်နှစ်ဖက်က တုတ်နှင့် သိုင်းကို ကိုင်ထားပြီး လက်ယာ လက်နှစ်ဖက်တွင် ဓားနှင့် လှံ ကိုင်ထားဟန်၊ ခေါင်းတွင် မောက်တိုကိုယ်စီဆောင်း၍ စစ်ဝတ်တန်ဆာအစုံဝတ်ထားသည့်ပုံ ထုလုပ်ရ၏။)

(၉) **ထီးဖြူဆောင်းနတ်**

ပုဂံ အနော်ရထာမင်း၏ ခမည်းတော် ကွမ်းဆော်ကြောင်ဖြူ မင်း (၃၂၆-၃၄၈)ဖြစ်၏။ မင်း ဖြစ်သောအခါ တောင်သူ ကြီးမင်း၏ မိဖုရားများဖြစ်ကြသော တောင်ပြင်သည်၊ မြောက်ပြင်သည်နှင့် အလယ်ပြင်သည်တို့ကိုပင် ဆက်၍ မိဖုရားမြှောက်သည်။ တောင်ပြင်သည်မှ ပါသော သားတော်ကျည်စိုးမင်းနှင့် စုက္ကတေးညီနောင် နှစ်ပါး အရွယ်ရောက်ရှိလာသောအခါ ကွမ်းဆော် ကြောင်ဖြူမင်းကို ဖမ်းဆီး၍ ရဟန်းပြုစေရာ ရဟန်း ဘဝနှင့်ပင် သေဆုံး၍ နတ်ဖြစ်သည်။

(ထုလုပ်နည်း- ပလ္လင် ခုံပြန့်ပေါ်တွင် တင်ပျဉ်ခွေ လျက် သင်္ကန်း ဒုကုဋ်တင်ဟန်နှင့် မိုးကြိုးသွား ဒေါက်ခြာ ဆောင်းထားသည်။ ယာလက်က ယပ်ကိုင်၍ ဝဲလက်က ဒူးပေါ်တင်ထားဟန် ထုလုပ်ရသည်။)



www.burmeseclassic.com

www.burmeseclassic.com



(၁၀) **ထီးဖြူဆောင်းမယ်တော်**

ကွမ်းဆော်ကြောင်ဖြူမင်း၏ မယ်တော်သည် နာမကျန်းဖြစ်၍ သေဆုံးကာ နတ်ဖြစ်သည်။

(ထုလုပ်နည်း-ကြာခံပေါ်တွင် ကျုံ့ကျုံ့ထိုင်၍ ယာလက်က ဝမ်းကိုပိုက်၍ ဝဲလက်က ပေါင်ပေါ် ထောက်ထားဟန်၊ ဆံထုံး၊ ဆံမြိတ်၊ ဆံထိုးနှင့် ထုလုပ်ရသည်။)

(၁၁) **ပရိမ္မမင်းခေါင်**

ကွမ်းဆော်ကြောင်ဖြူမင်းကို နန်းချ၍ ရဟန်းပြုစေပြီး ပုဂံ ထီးနန်းကို တက်သော ကျည်စိုးမင်း (၃၄၈-၃၅၄)ဖြစ်သည်။ သမင်လိုက် ဝါသနာပါ၍ ဇန့်ကျည်းဆယ်တိုက်သို့ သွားကာ သမင်ပစ်မည်ဟု လေးရွယ်နေစဉ် မုဆိုးတစ်ဦးက ထိုမင်းကို ပစ်လိုက်ရာမှ မြားမှန်ပြီး သေဆုံးကာ နတ်ဖြစ်သည်။)

(ထုလုပ်နည်း-အောက်ခံ ပလ္လင်ပေါ်တွင် တင်ပျဉ်ခွေထိုင်၍ ဗောင်းသရဖူ ဆောင်းလျက်၊ ယာလက်က ဒူးလေးထမ်း ဟန်၊ ဝဲလက်က လက်ဝဲဒူးစွန်းကို ထောက်ထားဟန် ထုလုပ်ရပါသည်။)

(၁၂) **ရွှေဖျဉ်းကြီး (၁၃) ရွှေဖျဉ်းငယ်**

ပုဂံအနော်ရထာမင်း (၄၀၆-၄၃၉)လက်ထက်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းတော်ဆက် ဗျတ္တနှင့်ပုပ္ပားသူ မယ်ဝဏ္ဏတို့မှ ဖွားမြင်သော သားနှစ်ယောက်ဖြစ်သည်။ အနော်ရထာမင်းကြီးသည် တရုတ်ပြည်မှ စွယ်တော်ပင့်အပြန် မန္တလေးတောင်ပြုန်းအရပ်၌ ဆုတောင်းပြည့်ဘုရားတစ်ဆူတည်လေရာ လစ်လပ်နေသော အုတ်နှစ်ချပ်ကြောင့် အနော်ရထာမင်း၏ အမိန့်ဖြင့် ကွပ်မျက်ခံရပြီး နတ်ဖြစ်သည်။

(ထုလုပ်နည်း - ရွှေဖျဉ်းကြီးနတ်မှာ အောက်ခံ ငှန်းရိုးပလ္လင် ပြန့်ပေါ်တွင် လက်ယာဒူးထောင်၊ လက်ဝဲဒူးလှဲ၊ လက်ယာ လက်က ဓားထမ်း၊ လက်ဝဲလက်တပေါင်ပေါ်ထောက်၊ ဗောင်း၊ နားတောင်း၊ လက်ကောက်တန်ဆာ ဆင်ယင်ထား ပုံထုလုပ်ရမည်။ [ရွှေဖျဉ်းငယ်နတ်ပုံမှာ အထက်ပါပုံအတိုင်းဖြစ်သော်လည်း အရပ်အမောင်း အနည်းငယ် ငယ်၍ ထုလုပ်ရသည်။]

## (၁၄) မန္တလေးဘိုးတော်

ပုဏ္ဏားသား ဖြစ်သည်။ အနော်ရထာမင်းမြတ်၏ မင်းအမတ်ဖြစ်သည်။ ရွှေဖျဉ်းညီနောင်တို့ငယ်စဉ် အနော်ရထာမင်းက ဆုံးမသွန်သင်ရန် အပ်နှံထားသဖြင့် မွေးထားရာ ရွှေဖျဉ်းညီနောင်တို့က အဘိုးဟုခေါ်သည်။ တရုတ်ပြည်မှ အနော်ရထာမင်း အပြန်တွင် မန္တလေးအရပ်၌ ဘိုးတော်တပ်ချ၍နေရစဉ် ရွှေဖျဉ်းညီနောင်မင်းမှုတ်



www.burmeseclassic.com

www.burmeseclassic.com



သင့်သောအခါ အဆုံးအမ မကောင်း၍သာဖြစ်ရသည်ဟု ယူဆ၍ ကျောက်ဆင်ကို ချည်မန်းကွင်းစွပ်၍ ဆင်ဖြစ်လျှင် စီးနင်းထွက်ပြေးမည် ပြုနေစဉ်မှာပင် အဖမ်းခံရပြီး အသတ်ခံရကာ နတ်ဖြစ်သည်။

(ထုလုပ်နည်း - အောက်ခံ ပလ္လင်တွင် မတ်တတ်ရပ်၍ ဗောင်းဆောင်းပြီး၊ လက်ဝဲက ဓားထမ်း၊ ယာလက်မနှင့် လက်ညှိုးဆစ်ကို မြှုပ်ထုလုပ်ရသည်။)

(မှတ်ချက် - အသတ်ခံရခါနီးတွင် 'ငါ့မှာ လက်တစ်ဆစ်မျှ အပြစ်မရှိ'ဟု လက်ဆစ်ထောင်ပြ၍ သစ္စာဆိုခဲ့သည်ဟု ဆိုသောကြောင့် လက်ညှိုးလက်ဆစ်ပြဟန်ကို ထုလုပ်ထားခြင်းဖြစ်၏။ ရွှေဖျဉ်းညီနောင်တို့က ဘိုးတော်ဟုခေါ်ပြီး မန္တလေးအရပ်၌ အသတ်ခံရသည်ကို အကြောင်းပြု၍ မန္တလေးဘိုးတော်ဟု ခေါ်ဝေါ်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။)

## (၁၅) ရှင်ကွနတ်

မန္တလေးဘိုးတော်၏ နှမ ဖြစ်သည်။ ရွှေဖျဉ်းညီနောင်တို့ မင်းမျက်သင့်ရာတွင် ကွယ်ဝှက်ထားမိသောကြောင့် မန္တလေးဘိုးတော်နှင့်အတူ ကွပ်မျက်ခံရ၍ နတ်ဖြစ်သည်။

(ထုလုပ်နည်း - ကြာခံခုံ၊ ဆံထုံးလုလင်ကြည့်၊ ဆံထိုး၊ ဆံကျစ်အစုံနှင့် လက်နှစ်ဖက်ကို တွဲလွဲချကာ ကွ၍



www.burmeseclassic.com

www.burmeseclassic.com



သွား ဟန် ထုလုပ်ရသည်။)

(၁၆) ညောင်ချင်းအိုနတ်

သထုံ မကုတ(မနုဟာ)မင်း၏ အဆက်အနွယ် မင်းသား တစ်ပါးဖြစ်သည်။ အနော်ရထာမင်းကြီး လက်ထက် ကုန်း နွားနှင့် ပုဂံတွင် အနိစ္စရောက်၍ နတ်ဖြစ်သည်။ (ထုလုပ်နည်း - အောက်ခံ လေးထောင့်ပေါ်တွင် မတ်ရပ် ထလျက် လက်ခြေများမှာ လူအနူနေဟန် ယာ လက်က တောင်ဝှေးကိုင်ထားပြီး၊ ဝဲလက်ကအထက် မြှောက်ထားဟန် နှင့် သျှောင်ထုံးနှုတ်ပုံ ထုလုပ်ရသည်။)

(၁၇) မင်းစည်သူနတ်

ပုဂံခေတ် အလောင်းစည်သူမင်းကြီး (၄၇၄-၅၂၉)ဖြစ် သည်။ အလောင်းစည်သူမင်းကြီးသည် ဖြင်းထန်စွာ နာမကျန်းဖြစ်သောအခါ သားတော်နရသူက မင်းကြီး အား ရွှေကူဘုရားအတွင်းသို့ပို့စေပြီး ပုဂံထီးနန်းကို သိမ်းယူလိုက်သည်။ သေငယ်ဇောနှင့် မေ့မြောနေရာမှ မင်းကြီးသတိရလာပြီး 'ယခု ငါ နေရသော နေရာသည် နန်းတော် မဟုတ်ပါ ကလား' ဟု မေးတော်မူသော် မောင်းမတစ်ယောက်က 'အရှင်မင်းကြီး၏ နေခင်းမှု တော် ရွှေကူဘုရားအတွင်း၌ ဖြစ်ပါကြောင်း သားတော် နရသူအမိန့်ဖြင့် ဆောင်ယူလာ ရခြင်းဖြစ်ကြောင်း ဖျ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ထားရာ များစွာ အမျက်ထွက်တော်မူလေသည်။ မင်းကြီး၏ ဝေဒနာသက်သာလာကြောင်းကို နရသူ ကြားသိရသောအခါ အကြံအစည်မပြည့်စုံလျှင် အချည်းနှီးဖြစ်မည်ကို စိုးသောကြောင့် မင်းကြီးရှိရာသို့ လာရောက်ခဲ့၏။

မင်းကြီးသည် သူ၏ကောင်းမှုဖြစ်သော စေတီတော်နှင့် ကောင်းမှုကုသိုလ်တော် အရပ်ရပ်ကို တစိမ့်စိမ့် ကြည့်ကာ ကြည်နူးငြိမ်သက်နေစဉ် နရသူက 'ငါ၏ ခမည်းတော်ကား ခွန်အားဗလနည်းပြီ ဖြစ်ရကား အသက်ရှည်တော့မည်လည်း မဟုတ်တော့ပေ၊ ယခုလို ကောင်းသော အာရုံပြုနေခိုက်မှ ဝိညာဉ် ချုပ်သွားပါက ငါ့ဖို့လည်း အပြစ်ရှိမည်မဟုတ်'ဟုယူဆကာ သလွန်တော်၌ ခင်းထားသော အဝတ်ကိုယူပြီးလျှင် မင်းကြီးကို ဖုံးအုပ် ဖိသတ်သဖြင့် ကံတော်ကုန်၍ နတ်ဖြစ်သည်။ (ထုလုပ်နည်း- အောက်ခံပလ္လင်၊ ယာဒူး ထောင်၊ ဝဲဒူးချ၊ ယာဒူးပေါ်တွင် လက်တင်၍ လက်ညှိုးထိုးဟန်၊ ဝဲလက်က ဝဲဒူးစွန်းကို ထောက်ထားဟန်၊ ဖောင်းနားတောင်း စလွယ်၊ ရှေ့ဘယက်၊ နောက်ဘယက်နှင့် ထုလုပ်ရသည်။)

## (၁၈) မင်းသားဒန်းမောင်ရှင်နတ်

အလောင်းစည်သူမင်းကြီး၏ မြေးတော်၊ သားတော်



www.burmeseclassic.com

www.burmeseclassic.com



မင်းရှင်စော၏ သားဖြစ်၏။ သာမဏေဝတ်နှင့် ဒန်းကစားရာ မှ ဒန်းပေါ်မှ ပြုတ်ကျပြီး သေဆုံးကာ နတ်ဖြစ်သည်။

(ထုလုပ်နည်း - ပလ္လင်ခုံပြန့်ပေါ်တွင် တင်ပျဉ်ခွေထိုင်၍ ယာလက်ကစောင်းကိုပိုက်၍ ဝဲလက်က စောင်းကြိုးကို ထောက်တီးဟန်၊ ပုဆိုးစလွယ်နှင့် ထုလုပ်ကြရသည်။)

(၁၉) **မင်းကျော်စွာနတ်**

ပခန်း ဦးမင်းကျော် (ကိုကြီးကျော်)ဟုလည်း ခေါ်ကြ၏။ ယင်းနှင့်ပတ်သက်သော သမိုင်းနောက်ခံမှုကွဲ လေးခုကို တွေ့ရှိရပါသည်။ ယင်းတို့မှာ. . .

(၁) ပန်းတောင်းပြည် မင်းစည်သူနှင့် ကူနီဒေဝီတို့၏ မွေးစားသား၊ မြင်းစီးခေါင်း ဗိုလ်မှူးမင်းသားဖြစ်သည်။ ပခန်းမြို့ကို စားရသည်။ မင်းစည်သူနှင့် ကူနီဒေဝီတို့ကို လုပ်ကြံ၍ ထီးနန်းကို ရယူပြီး ခွန်ချိုနှင့် ခွန်သာ ရှမ်းမင်းသားနှစ်ပါးကို သစ္စာရည်တိုက်၍ ခွန်ချိုခွန်သာတို့၏ မွေးစားဖခင် အိမ်ရှေ့မင်း ကိုးမြို့ရှင်၏ ဦးခေါင်းကို အဖြတ်ခိုင်းကာ ငွေးချိုတောင်တန်းရှိ စကားဝါပင်ကြီးမှ၌ စောင့် နေလေသည်။ ခွန်ချို ခွန်သာ တို့က



www.burmeseclassic.com

www.burmeseclassic.com



ကိုးမြို့ရှင်၏ ဦးခေါင်းကို ဖြတ်ယူလာပြီး ဆက်သစဉ် ဖမ်းဆီး၍ မီးလောင်တိုက်သွင်း သတ်လိုက်၏။ ခွန်ချို ခွန်သာတို့ နတ်ဖြစ်ပြီး စံကားဝါပင်ကို လှဲချကာ မင်းကျော်စွာကို ဖိသတ်ခြင်းကြောင့် နတ်ဖြစ်သည်။

(အချို့ မှတ်တမ်းများအရ ကျားနှင့် တိုက်သတ်သောကြောင့် နတ်ဖြစ်ရသည်ဟု ဆိုပါသည်။)

(၂) ပုဂံခေတ်သိန်းခွန်မင်း(၉၆-၁၀၆)၏ သားတော်ငယ် မင်းကျော်စွာဖြစ်သည်။ ပခန်းမြို့အနီး၌ မြောင်းတူးရာ ရေမလာသည်ကို ယိုးမည်ဖွဲ့၍ အစ်ကိုဖြစ်သူ စည်သူက သတ်သောကြောင့် နတ်ဖြစ်သည်။

(၃) ပုဂံခေတ် အလောင်းစည်သူမင်း (၄၇၄-၅၂၉) လက်ထက် မင်းမတ်တစ်ဦး၏သား ကျော်စွာဖြစ်သည်။ ပုပ္ပားသူ အရက်သည် မဘို့မယ်နှင့် အကြောင်းပါပြီး ကြက်၊ အရက်ပွဲများနှင့်သာ ပျော်ပါးနေပြီး ပခန်းမြို့ကြီးအနီး၌ သေ၍ နတ်ဖြစ်သည်။

(၄) အင်းဝခေတ် ပထမမင်းခေါင် (၇၆၃-၇၈၃)၏ သားတော်သူရဲကောင်း မင်းရဲကျော်စွာဖြစ် သည်။ မွန်တို့နှင့်တိုက်ရသော ဒလတိုက်ပွဲတွင် ကျဆုံးပြီး နတ်ဖြစ်သည်။ ပခန်းမြို့ကို စားရ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် အပိုင်ရသော ပခန်းမှာနေသည်
ဟု အဆိုရှိကြောင်းသိရ၏။

**မှတ်ချက်** - ပခန်းမင်းကျော်စွာ (ကိုကြီးကျော်)၏ နတ်ဖြစ်ရခြင်း သမိုင်းနောက်ခံ မူကွဲလေးမျိုးလုံးမှာပင် လူ့ဘဝက အပျော်အပါး၊ လောင်းကစားများတွင် ဝါသနာကြီးကြောင်း တွေ့ရပါသည်။ မြင်းစီးကျွမ်းကျင်လိမ္မာသည်။ နတ်ကတော် အသိုင်းအဝိုင်းတွင် နာမည်ကြီးနတ် ဖြစ်ပါသည်။

(**ထုလုပ်နည်း** - မြင်းစီးလျက် ယာလက်က ကြိမ်ကိုင်၊ ဝဲ လက်က မြင်းဇက်ကြိုးကိုင်ဟန် သျှောင်ထုံးနှင့် ထုလုပ်ရသည်။)

(၂၀) **ရွှေစစ်သင်နတ်**

ပုဂံ စောမွန်နစ်မင်း (၆၇၈-၇၃၀)၏ သားတော်ဖြစ်သည်။ ရွှေစစ်သင်ဟုလည်း ခေါ်၏။ ခမည်းတော် စောမွန်နစ်က စစ်ချီစေလေရာ စစ်ချီခြင်း မပြုဘဲ ပေါ့လျော့စွာ ကြက် တိုက် ကစားနေ၏။ ထိုအကြောင်းကို သိသော ခမည်းတော် က အမျက်တော်ရှိပြီး မြေကြီးကို တွင်းတူးကာ ခန္ဓာကိုယ် တစ်ပိုင်း မြှုပ်နှံ၍ မြေထိပ်ခတ် အကျဉ်းချထားရာ အနိစ္စ ရောက်၍ နတ်ဖြစ်ရသည်။

(**ထုလုပ်နည်း** - ဌန်းရိုးပလွှင်ခံ၊ ယာဒူးထောင်၊ ဝဲဒူးလှဲ၊



www.burmeseclassic.com

www.burmeseclassic.com



ယာလက်က မားထမ်းပြီး ဝဲလက်က ဒူးပေါ်အုပ်၍ ဖောင်း၊ နားတောင်း၊ စလွယ်၊ ရှေ့ဘယက်၊ နောက်ဘယက်နှင့် ထုလုပ်ရသည်။)

(၂၂) **မယ်တော်ရွှေစံကားနတ်**

ပုဂံခေတ် စောမွန်နစ်မင်း၏ မိဖုရားဖြစ်ပြီး ရွှေစစ်သင်၏ မယ်တော်ဖြစ်သည်။ သားတော် ရွှေစစ်သင်သေဆုံးကြောင်း သတင်းစကားကြောင့် ရင်ကွဲနာကျကာ သေဆုံးပြီး နတ်ဖြစ်သည်။

(ထုလုပ်နည်း - ကြာခုံခံ၊ ကျုံ့ကျုံ့ထိုင်၊ ယာလက်က ရင်မှာ ပိုက်ထားပြီး ဝဲလက်က ပေါင်ပေါ် ထောက်ထားဟန် ထုလုပ်ရသည်။)

(၂၃) **ငါးစီးရှင်နတ်**

ပင်းယခေတ် တစ်စီးရှင် သီဟသူ၏ သားတော်ကျော်စွာဖြစ်သည်။ သက္ကရာဇ် ၇၀၄-ခုနှစ်တွင် ပင်းယထီးနန်းကို သိမ်းပိုက်ပြီးနောက် ဆင်ဖြူငါးစီးကို ရတော်မူသောကြောင့် ငါးစီးရှင်ကျော်စွာ(၇၀၄-၇၁၂)ဟု တွင်သည်။ နန်းစံ (၈) နှစ်အရတွင် ဖျားနာရောဂါဖြင့် အနိစ္စရောက်ကာ နတ်ဖြစ်သည်။

(ထုလုပ်နည်း - ဆင်ဖြူတော် ကိုယ်ခန္ဓာ တစ်ခုထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဦးခေါင်းငါးလုံးကို ပေါက်ဆင်ခေါင်း၊ တိုင်းဆင်ခေါင်း၊ ဟာန်ဆင်ခေါင်း၊ တယ်ဆင်ခေါင်း၊ တဲဆင်ခေါင်း စသည် တို့ကို ထုလုပ်ရ၏။ ဆင်ကျောက်ကုန်းပေါ်၌ ကြာပွင့်ခံ၏။ ကြာပွင့်ပေါ်၌ မှန်စီရွှေချ က တင်သည်။ ယင်းအပေါ်၊ ဖောင်း သရဖူဆင်၍ ငါးစီးရှင်နတ်ရုပ် တင်သည်။ ကြာပွင့်အနား ထီးဖြူလေးစင်းစိုက် ၍ ဆင်ဖြူအနားတွင် ရွှေမြူတာ လေးလုံး တည်ထား ထုလုပ်၏။)

(၂၄) မင်းတရားနတ်

အင်းဝမင်းခေါင်၏ နောင်တော်ဖြစ်သော ဆင်ဖြူရှင် တရဖျားမင်း (၇၆၂-၇၆၃) ဖြစ်သည်။ တရဖျားမင်းသည် အောင်ပင်လယ် အရပ်၌ တောကစားနေစဉ် နတ်သမီး တစ်ပါးနှင့် တွေ့ကြုံရပြီးနောက် နတ်သမီး ကွယ်ပျောက် သွားသောအခါ ဆင်ဖြူရှင် တရဖျားမင်း စိတ်ဖောက် ပြန်ရူးသွပ်သော ဝေဒနာ စွဲကပ်နေစဉ် အထိန်းတော် ငနောက်စံ လုပ်ကြံသောကြောင့် ကံတော်ကုန်ပြီး နတ်ဖြစ် သည်။

(ထုလုပ်နည်း - ဖွန်းရိုးပလ္လင်ထက်၌ တင်ပျဉ်ခွေထိုင်ကာ မင်းဝတ်တန်ဆာ အစုံဝတ်ဆင်၍ ညာလက်တယပ်ကိုင်၊ ဝဲလက်က ဒူးအုပ်ဟာန် ထုလုပ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



## (၂၅) မောင်ဖိုးတူနတ်

ပင်းယမြို့သား လက်ဖက်ကုန်သည်ဖြစ်သည်။ မောင်ဖိုးတူသည် အင်းဝဘုရင် ပထမမင်းခေါင် (၇၆၃-၇၈၃) လက်ထက် လှည်း၊ နွားဝန်တင်များနှင့် သုံးဆယ်၊ သီပေါ၊ မိုး မိတ်နယ်များသို့ ကူးသန်းသွားလာကာ ကုန် အရောင်းအဝယ် လုပ်ကိုင်နေ၏။ တစ်နေ့တွင် ရှမ်းပြည်နယ်မှအပြန် အုန်းကြောလက်ကောင်းရွာ အနီး ကောင်ခြေ၌ ကျားကိုက်ခံရကာ သေပြီးနတ်ဖြစ်သည်။

(ထုလုပ်နည်း - ကျားရုပ်ပေါ်တွင် စီး၍ ယာလက်က ကြိမ်ကို ကိုင်ထားဟန်၊ ဝဲလက်က ပေါင်ကို ထောက်၍ သျှောင်ထုံးနှင့် ထုလုပ်ရသည်။)

## (၂၆) အနောက်မိဖုရား

အင်းဝဘုရင်မင်းခေါင်(၇၆၃-၇၈၃)၏ အနောက်ဆောင် မိဖုရားဖြစ်သည်။ မြန်မာသူရဲကောင်း မင်းရဲကျော်စွာ၏ မယ်တော်လည်း ဖြစ်ပါသည်။ အင်းဝ၏မြို့ အနောက် ဝါခင်း သို့ ကိုယ်လုပ်တော် မောင်းမများနှင့် အပျော်အပါးသွားရာတွင် မင်းကျော်စွာ နတ်မြင်းနှင့်လာသည်ကို တွေ့ရ၍ ထိတ်လန့်ပြီးအပြန် နန်းတော်သို့ ရောက်လျှင် ကံတော်ကုန်ပြီး နတ်ဖြစ်သည်။

(ထုလုပ်နည်း - ကြာခုံပေါ်တွင် ကျုံ့ကျုံ့ထိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆံထုံး၊ ဆံမြိတ်ကွင်း၊ ဆံထိုး၊ ဆံကျင်နှင့် သားငယ်ကို ပိုက်ပွေ့ နို့တိုက်နေဟန် ထုလုပ်ရသည်။)

(၂၃) အောင်ပင်လယ် ဆင်ဖြူရှင်

အင်းဝဘုရင်မင်းခေါင်၏ သားတော် သီဟသူမင်း (၇၈၃-၇၈၇) ဖြစ်၏။ အောင်ပင်လယ် အရပ်တွင် မောင်းမငယ် တို့နှင့် ပျော်ပါးနေစဉ် တစ်နေ့တွင် မိဖုရား ဘို့မယ်၏ အကြံ အစည်ဖြင့် အုန်းဘောင်စော်ဘွားက ဆင်နှင့်တိုက်၍ ဆင်ဦး၌ပင် ကံတော်ကုန်ပြီး နတ်ဖြစ် သည်။

(ထုလုပ်နည်း - ဆင်ဖြူရုပ်ပေါ်တွင် ပလ္လင်တင်၍ ပလ္လင်ပေါ်တွင် တင်ပျဉ်ခွေထိုင်ကာ ယာလက်က ယပ် ကိုင်ပြီး၊ ဝဲလက်က ဒူးပေါ်တင်၊ ဖောင်း၊ နားတောင်း သရဖူအစုံဖြင့် ရှေ့မှ ဆင်ဦးစီးက ချွန်းကိုင်၍ ဝပ်နေ ဟန်၊ နောက်ပိုင်း ပွဲစီးက ဓားထမ်းနေဟန် ထုလုပ် ရသည်။)

(၂၄) ရွှေနော်ရထာနတ်

အင်းဝဘုရင် ဒုတိယမင်းခေါင် (၈၄၂-၈၆၃)၏ မြေးတော် ရွှေနော်ရထာဖြစ်၏။ ဘထွေးတော် အင်းဝ ဘုရင်ရွှေနန်း ကြော့ရှင်နရပတိ(၈၆၃-၈၈၈)ကို



www.burmeseclassic.com

www.burmeseclassic.com



ရွှေနော်ရထာ၏ ကျွန်ယုံ ငသောကြာက အမှတ်တမဲ့ မားနှင့် ခုတ်ရာ ရွှေနန်းကြော့ရှင်ကို မခုတ်မိဘဲ ထီးဖြူကိုသာ ခုတ်မိ၏။ ဤတွင် အ ထိန်းတော် သား ရေနံ့သာစား ငရွှေကြိုင်က ငသောကြာကို ဖမ်းဆီး ဖက်ထားသဖြင့် ရွှေနန်းကြော့ရှင် ကိုယ်တော်တိုင် ငသောကြာကို မားနှင့် ကွပ်မျက်၏။

ငသောကြာ၏ သခင်ဖြစ်သူ ရွှေနော်ရထာ၏ အကြံအစည် မကောင်းဟု ယုံမှတ်တော်မူကာ ရွှေနော်ရထာကို ဖမ်းဆီးပြီး ရေမှာ ဖျောက်သောကြောင့် နတ်ဖြစ်သည်။

(**ထုလုပ်နည်း** - ဖွန်းရိုးခုံ ပလ္လင်ခံ၊ ယာဒူးထောက်၊ ဝဲဒူး လှဲ၊ ယာလက်က ဗလီတံ ကိုင်၍ ဝဲလက်က ဗလီလုံးကို ကိုင်ထားဟန် ထုလုပ်သည်။)

## (၃၀) မင်းရဲအောင်ဒင်

သာလွန်မင်းတရားကြီး (၉၉၀-၁၀၁၀)နှင့် မိုးနဲစော်ဘွား သမီးတော် ခင်သက်နှင်းတို့မှ မြင်သော သမီးတော် ရွှေဆင်းတုမင်းသမီး၏ ခင်ပွန်းဖြစ်သည်။ ဘိန်း၊ အရက် အသောက်အစားလွန်၍ သေဆုံးပြီး နတ် ဖြစ်သည်။

(**ထုလုပ်နည်း** - ကြာခုံခံ၊ တင်ပျဉ်ခွေ၊ သျှောင်ထုံးနှင့် စောင်းပိုက်နေဟန် ထုလုပ်ရသည်။)



www.burmeseclassic.com

www.burmeseclassic.com



(၃၁) **မောင်မင်းဖြူနတ်**

အင်းဝမင်းတစ်ပါး၏ သားတော်ဖြစ်သည်။ ငယ်စဉ်က အပေါင်းအဖော်များနှင့် သောက်စားမူးယစ်လွန်ကျူး သောကြောင့် သေဆုံးပြီး နတ်ဖြစ်သည်။

(ထုလုပ်နည်း - ကြာခုံခံ၊ တင်ပျဉ်ခွေ၊ ဖောင်းထုပ် ပေါင်း ၍ ဖြင်းတူရိယာကို မှုတ်နေဟန် ထုလုပ်ရသည်။)

(၃၂) **ရှင်တော်နတ်**

ရှင်တော်နတ်နှင့် ပတ်သက်၍ နောက်ခံသမိုင်းမူကွဲ နှစ်မျိုး တွေ့ရှိရပါသည်။ ယင်းတို့မှာ. . .

(၁) အင်းဝ၌ ရှင်သာမဏေတစ်ပါး မြွေကိုက်ခံရပြီး ပျံလွန်တော်မူကာ နတ်ဖြစ်သည် ဟူ၍လည်း ကောင်း၊

(၂) ပုဂံရှိ ငှက်ပစ်တောင် ကျောင်းကြီးမှ ရှင်သာမဏေ တစ်ပါး မြွေကိုက်ခံရ၍ ပျံလွန်တော်မူပြီး နတ်ဖြစ် သည်ဟူ၍လည်းကောင်း သိရှိရပါ သည်။

(ထုလုပ်နည်း -အောက်ခုံလေးထောင့်ပေါ်တွင် မတ်ရပ်ထား ပြီး ဒေါက်ခြာဆောင်း၊ သင်္ကန်းပခုံးတင်၊ ယာလက်ထက် ယပ် ထမ်းကာ၊ဝဲလက်ကစိပ်ပုတီးကိုင်ထားဟန် ထု လုပ်ရသည်။)



www.burmeseclassic.com

www.burmeseclassic.com



(၃၃) တပင်ရွှေထီးနတ်

ဒုတိယမြန်မာနိုင်ငံတော်ကို စည်းရုံးသိမ်းသွင်းခဲ့သော တောင်ငူ၊ ဟံသာဝတီဘုရင် တပင်ရွှေထီး(၈၉၂-၉၁၂) ပင် ဖြစ်၏။ ပေါ်တူဂီလူမျိုးနှင့် ပေါင်းဖက်မိပြီး အရက်သေစာ သောက်စား မူးယစ်ပျော်ပါးပြီး အမူးလွန်နေစဉ် သမိန်စောထွတ်၏ညီ လက်ဝဲခါးမှူးက လုပ်ကြံ၍ ကံတော်ကုန်ပြီး နတ်ဖြစ်သည်။

(ထုလုပ်နည်း - လေးထောင့်ခုံ ပလ္လင်ပေါ်တွင် တင်ပျဉ်ခွေထိုင်၊ ဘောင်းသရဖူဆောင်း၊ လက်ယာကမား၊ ဝဲလက် က ဒူးအုပ်နေဟန် ထုလုပ်ရသည်။)

(၃၄) မြောက်ဘက်ရှင်မ

တပင်ရွှေထီး၏ အထိန်းတော် မင်းရဲသိခ်သူ၏ နောက်မယား ကဒူးရွာသူဖြစ်၏။ မိဘရပ်ရွာသို့ ခေတ္တအလည်သွားရာမှ အပြန်တွင် စစ်ကိုင်းမြို့အနောက်ဘက်တွင် သားဖွားနေစဉ် အနိစ္စရောက်ပြီး နတ်ဖြစ်သည်။

(ထုလုပ်နည်း - ကြာခုံခံပေါ်တွင် ကျို့ကျို့ထိုင်ပြီး ယာ လက်က ရင်ကို ပွေ့ပိုက်နေဟန်၊ ဝဲလက်က ဒူးစွန်းပေါ် ထောက်၍ ဆံထိုး ဆံမြိတ်ကွင်း၊ ဆံထုံးနှင့် ထုလုပ်ရ သည်။)



www.burmeseclassic.com

www.burmeseclassic.com



(၃၅) တောင်ငူရှင်မင်းခေါင်

အထိန်းတော် မင်းရဲသိခ်ံသူနှင့် ကဒူးရွာသူ မြောက်ဘက်ရှင်မတို့၏ သားဖြစ်သည်။ တောင်ငူတွင် မင်းခေါင်အမည် ဖြင့် မင်းပြုသည်။ (၉၀၄-၉၄၆)တွင် နာမကျန်းဖြစ်ပြီး ကံတော်ကုန်ကာ နတ်ဖြစ်သည်။

(ထုလုပ်နည်း - ငွန်းရိုးခံပလ္လင်တွင် တင်ပျဉ်ခွေ၊ ဗောင်း၊ နားတောင်း၊ စလွယ်စုံ၊ ယာလက်က ယပ်ကိုင်၊ ဝဲလက်က ဒူးအုပ်နေဟန် ထုလုပ်ရသည်။)

(၃၆) သံတော်ခံနတ်

တောင်ငူ ရှင်မင်းခေါင်၏ သံတော်ခံရဲဖျားဆိုသူဖြစ်၏။ မြေတူးမြို့အနီးတောအုပ်သို့ ပန်းခူးသွားရာတွင် ငှက်ဖျား ရောဂါရပြီး သေဆုံးကာ နတ်ဖြစ်သည်။

မူကွဲ - တောင်ငူ ရှင်မင်းခေါင်က တစ်နေ့သောညတွင် နန်းတော်အတွင်းရှိမြတ်လေးပန်းချုံမှာ ပန်းအဆွတ်ခိုင်းရာမှ မြွေကိုက်၍ သေဆုံးပြီး နတ်ဖြစ်သည် ဟူ၍။

(ထုလုပ်နည်း - ကြာခုံပေါ်တွင် ထိုင်လျက် လက်ယာလက်က ယပ်ကိုကိုင်၍ လက်ဝဲလက်က ဒူးအုပ်ကိုင်ပြီး ခေါင်း မှာ မြစ်ညွှန့်ဗောင်းနှင့် ထုလုပ်ရသည်။)



www.burmeseclassic.com

www.burmeseclassic.com



(၃၇) ယွန်းဘုရင်နတ်

ဇင်းမယ်ဘုရင် ဖြသံဖြစ်သည်။ သက္ကရာဇ် ၉၂၁-ခုတွင် ဟံသာဝတီဆင်ဖြူရှင် ဘုရင့်နောင်မင်းတရားကြီးသည် ဇင်း မယ်ကို လုပ်ကြံရာတွင် အောင်မြင်တော်မူ၍ ဇင်းမယ်ဘုရင် ဖြသံ့ကို ဖမ်းဆီးခေါ်ဆောင်ခဲ့ပြီး အဆောင်အယောင်နှင့် ထားရာ သွေးဝမ်းရောဂါဖြင့် သေဆုံးပြီး နတ်ဖြစ်သည်။

(ထုလုပ်နည်း - ပလ္လင်ခံ၊ ယာဒူးထောင်၊ ဝဲဒူးလှဲ၊ ပေါင်ကို ထောက်ဟန်၊ ခေါင်းမှာ မြစ်ညွှန့်ဘောင်း၊ နားတောင်း နှင့် ထုလုပ်ရသည်။)

■



www.burmeseclassic.com

www.burmeseclassic.com

■

## စာဆို မြဝတီမင်းကြီးဦးစ၏
## အပြင် ၃၇ မင်း နတ်စာရင်းချုပ်

မြဝတီမင်းကြီးဦးစ မှတ်တမ်းတင်ခဲ့သော စာရင်းအရ အပြင် ၃၇-မင်းနတ် စာရင်းမှာ ပုဂံ ခေတ်တွင် ၃၇-မင်း နတ် အရေ အတွက် မပြည့်သေးပေ။ ပင်းယခေတ်၊ အင်းဝခေတ်နှင့် တောင်ငူခေတ်တို့ ကျမှသာ လျှင် ထပ်မံဖြည့်စွက်ခဲ့ကြသဖြင့် အပြင် ၃၇-မင်းနတ် အရေအတွက်ပြည့်ခဲ့ကြောင်း လေ့လာ သိရှိရပါသည်။ ယင်း ၃၇-မင်း နတ် စာရင်းကို အသေးစိတ် သော်. . .

(က) အနော်ရထာမတိုင်မီ ပုဂံခေတ်ကာလ။

(ခ) အနော်ရထာမင်း လက်ထက်နှင့် ပုဂံခေတ် ကာလ။

ဟူ၍နှစ်ပိုင်းခွဲ၍ လေ့လာကြည့်ပါမူ. . .



www.burmeseclassic.com

www.burmeseclassic.com



ပုဂံခေတ် အနော်ရထာမင်း လက်ထက် ကာလတွင် အမှတ်စဉ် (၁)ပါ သိကြားနတ်မှ အစပြု၍ အမှတ်စဉ် (၁၆)ပါ ညောင်ချင်းအို နတ်အထိ နတ် ၁၆-ပါးကို တွေ့ရှိရပါမည်။

အမှတ်စဉ်(၁၇)ပါ မင်းစည်သူနတ်မှ အမှတ်စဉ်(၂၂)ပါ မယ်တော်ရွှေစံကားနတ်အထိ ၆-ပါးမှာ အနော်ရထာမင်း နောက်ပိုင်း ပုဂံခေတ်တွင် ပေါ်ပေါက်လာသော နတ်များဖြစ်ကြောင်း တွေ့ကြရပေလိမ့်မည်။ အမှတ်စဉ်(၂၃)ပါ ငါးစီးရှင်နတ်မှာ ပင်းယခေတ်က ဖြစ် လာသော နတ်ဖြစ်ပါသည်။ အမှတ်စဉ် (၂၄)ပါ မင်းတရားနတ်မှ အမှတ်စဉ် (၃၂)ပါ ရှင်တော်နတ်အထိ ၉-ပါးမှာ အင်းဝခေတ်တွင် ဖြစ်လာသော နတ်များပင်ဖြစ်ပါသည်။

အမှတ်စဉ် (၃၃)ပါ တပင်ရွှေထီးနတ်မှ အမှတ်စဉ်(၃၇) ပါ ယွန်းဘုရင်နတ်အထိ ၅-ပါးမှာ တောင်ငူခေတ်ကပေါ်လာသော နတ်များဖြစ်ကြောင်း သိရ၏။

ဤသို့ဖြင့် ခေတ်အပိုင်းအခြားအရ အပြင် ၃၇-မင်း နတ် စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ပုဂံခေတ် (အနော်ရထာမတိုင်မီ)နှင့် ပုဂံခေတ်ကာလ ၂၂-ပါး။

(ခ) ပင်းယခေတ်တွင် ဖြစ်သော နတ် ၁-ပါး။

(ဂ) အင်းဝခေတ်တွင် ဖြစ်သော နတ် ၉-ပါး။

(ဃ) တောင်ငူခေတ်တွင် ဖြစ်သော နတ် ၅-ပါး။

ခေတ်လေးခေတ်အတွင်း ပေါ်ပေါက်လာသော



www.burmeseclassic.com

www.burmeseclassic.com



အပြင်နတ်များ ၃၇-ပါး။

ယင်း နတ်များသည် အကြောင်း အမျိုးမျိုးကြောင့် သေဆုံးကြ ရပြီး နတ်ဖြစ်ကြသည်ဟူ၍ အစဉ်အလာစကားအရ ယုံကြည် ကြရသည်။ ဖော်ပြပါအပြင် ၃၇-မင်း နတ်စာရင်းကို လေ့လာ ကြည့်ပါမူ သိကြားနတ်၊ ညောင်ချင်းအိုနတ်နှင့် ယွန်းဘုရင်နတ် တို့မှအပကျန်နတ်များသည် မြန်မာနိုင်ငံ အထက်ပိုင်းမှ ဖြစ်ပေါ်လာသော နတ်များသာဖြစ်ကြောင်း တွေ့ရှိရပါမည်။

■

www.burmeseclassic.com

www.burmeseclassic.com

■

## စာဆို ဝန်ကြီးပဒေသရာဇာ၏
## အပြင် ၃၇ မင်း နတ်စာရင်း လေ့လာချက်

စာဆို ဝန်ကြီး ပဒေသရာဇာ၏ နတ်သံ အရ အပြင် ၃၇-မင်းနတ်စာရင်းနှင့် မြဝတီမင်း ကြီးဦးစ မှတ်တမ်းတင်ခဲ့သော အပြင်၃၇-မင်း နတ်စာရင်းတို့ကို တိုက်ဆိုင်စစ်ဆေးကြည့်ရာ အပြင် ၃၇-မင်းနတ်များတွင် နတ် ၁၈-ပါးသာ ထပ်တူထပ်မျှ တူညီကြပြီး ကျန်နတ် ၁၉-ပါးမှာ မတူဘဲ ကွဲပြားခြားနားနေသည်ကို တွေ့ရပါသည်။

ထပ်တူထပ်မျှ ကျသော နတ် ၁၈-ပါး တို့မှာ. . .

(၁) သိကြားနတ်

(၂) မဟာဂီရိနတ်

(၃) နှမတော်နတ်



www.burmeseclassic.com

www.burmeseclassic.com



(၄) ရွှေနံ့သာနတ်
(၅) သုံးပန်လှနတ်
(၆) မနဲမိနတ်
(၇) ရွှေဖျဉ်းကြီးနတ်
(၈) ရွှေဖျဉ်းငယ်နတ်
(၉) မင်းစည်သူနတ်
(၁၀) ကျော်စွာနတ်
(၁၁) ငအောင်စွာနတ်(အောင်စွာမကြီး)
(၁၂) ငါးစီးရှင်နတ်
(၁၃) မင်းတရားနတ်(ဆင်ဖြူရှင်)
(၁၄) မောင်ပိုးတူနတ်
(၁၅) ရွှေနေဝ်ရထာနတ်
(၁၆) တပင်ရွှေထီးနတ်
(၁၇) မြောက်ဘက်ရှင်မနတ်
(၁၈) တောင်ငူရှင်မင်းခေါင်နတ်တို့ပင် ဖြစ်ကြပါသည်။

စာဆို ဝန်ကြီး ပဒေသရာဇာ၏ နတ်သံစာရင်း၌သာ ပါရှိ ဖော်ပြထားသည့် အပြင် ၃၇-မင်း နတ်စာရင်းပါ မူကွဲနတ် ၁၉-ပါးတို့မှာ. . .

(၁) အနန္တပစ္စည်းနတ် (၂) ရန္တပစ္စည်းနတ်
ပုဂံခေတ် နရသီဟပတေ့မင်းကြီး (၆၁၇-၆၄၈)



www.burmeseclassic.com

www.burmeseclassic.com



လက်ထက်အမတ်ကြီး ရာဇသင်္ကြံ၏ သားများဖြစ်ကြပါသည်။ အမည်ရင်းမှာ ပုဂံ အုတ်လှကြီး၊ ညောင်ဦး အုတ်လှငယ်ဟု ခေါ် တွင်သည်။ အဖဖြစ်သူ မင်းမတ်ရာဇသင်္ကြံကွယ်လွန်သောအခါ အဖ၏ ဘွဲ့အမည်ကိုလုကြလေရာ နရသီဟပတေ့မင်း က မည်သူ့ကိုမျှ မပေးဘဲ အုတ်လှကြီးကို 'အနန္တပစ္စည်း' ဟူ၍လည်းကောင်း၊ အုတ်လှငယ်ကို 'ရန္တပစ္စည်း'ဟူ၍ လည်းကောင်း ဘွဲ့မည်များ ပေးတော်မူ၏။

သက္ကရာဇ် ၆၄၆-ခုနှစ်တွင် ဖြစ်ပွားသော 'ငဆောင်ချမ်းစစ်ပွဲ'တွင် ယင်း ညီအစ်ကိုနှစ်ဦးတို့ စစ်မှူးစစ်ကဲအဖြစ် ဦးဆောင်၍ တိုက်ကြရ၏။ မြဒါးသေကို ငုံပြီး ၁၆-တောင် အမြင့်ရောက်အောင် ခုန်၍ ထိုးခုတ်တိုက်ခိုက်ရာ ပင်ပန်းလွန်းအားကြီးပြီး မြဒါးသေငုံထားရာမှ ထွက်ကျ၍ မြားသင့်ကာ သေကြပြီး နတ်ဖြစ်သည်။

## (၃) မြင်စိုင်းရွှေနန်းရှင်နတ်

ပုဂံခေတ် ပုဂံမင်းကြီး နရသီဟပတေ့မင်းကြီး၏ မြေးတော် ရှင်မြတ်လှနှင့် ပုဂံနန်းကျကျော်စွာမင်း၏ သားတော် သရင် မင်းရှင်စောတို့မှ မြင်စိုင်းရွှေနန်းရှင်အပါအဝင်



www.burmeseclassic.com

www.burmeseclassic.com



သားသမီး ခြောက်ယောက်ဖွားမြင်သည်။ ပင်းယဥဇနာ (၆၈၄-၇၀၄) မင်း လက်ထက်တွင် မြင်စိုင်းရွှေနန်းတို အုပ်စိုးရသည်။ ဖျားနာပြီး ကွယ်လွန်၍ နတ်ဖြစ်ရ သည်။

## (၄) သီဟပတေ့နတ်

ပင်းယငါးစီးရှင်ကျော်စွာ (၇၀၄-၇၁၂) မင်းတ သီဟပတေ့ အပါအဝင် မြို့စား ရှစ်ယောက်တို့ကို နေ့စဉ် ရွှေဖလားတွင် ဖက်ဝန်းအုပ်၍ လက်ဖက်တည် ခင်းလေ့ရှိ၏။ တစ်ခါသော် မေ့လျော့၍ သီဟပတေ့၏ လက်ဖက်ခွက်ကို ဖက်ဝန်းမအုပ်မိပေ။ သုံးရက်အရှိ တွင် သီဟပတေ့ စိတ်နာ၍ ခြား နားမည်ရှိရာ ငါးစီးရှင် က မေ့၍ မအုပ်မိကြောင်းဖြင့် ကျေရာကျေကြောင်း မိန့်တော်မူပြီး အုန်းဘောင် မြင်းနက် ကျော် တစ်စီးကို လက်ဖွဲ့တော်မူသည်။ နောင် သေလွန်သောအခါ နတ်ဖြစ်သည်။

## (၅) ရမည်းသင်းစား သီလဝနတ်

အင်းဝမင်းကြီးစွာစော်ကဲ(၇၂၉-၇၆၂)၏နမယ်တော် စောပုလဲ၏ ခင်ပွန်းဖြစ်သည်။ သီလဝ၏ မိမ ခမည်းမိ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း မင်းကြီးစွာစော်ကဲမှ မိဖုရားပြုထား၏။ ရမည်းသင်းစား သီလဝကား ရဲစွမ်းသတ္တိနှင့် တိုက်ရည်ခိုက်ရည်ပြည့်စုံသူလည်းဖြစ်၏။ တစ်သက်တာလုံးမှ သုံးခါသာ ပြုံးရယ်ဖူးသည်ဟူ၍ သမိုင်းတွင် မှတ်တမ်းတင်ခံခဲ့ရသူလည်းဖြစ်ပါ သည်။ နောင် သေလွန်သော် နတ်ဖြစ်ကြောင်းဆိုသည်။

(၆) **စည်းတပြစ်ကြီးနတ်**

အင်းဝမင်းကြီးစွာစော်ကဲ(၇၂၉-၇၆၂)မင်း လက်ထက်မှစ၍ ပထမမင်းခေါင်လက်ထက် (၇၈၃)ခုနှစ်အထိ မင်းသုံးဆက် တိုင်အောင် နှစ်ပေါင်း ၅၃-နှစ်တိုင်တိုင် အမှုထမ်းခဲ့သော ပညာရှိအမတ်ကြီး ဘိုးရာဇာ (စည်းတပြစ်ကြီး) အမည်ဖြင့် ထင်ရှားခဲ့သူဖြစ်ပါသည်။ သေလွန်သော် နတ် ဖြစ်၏။

(၇) **မင်းလှငယ်နတ်**

အင်းဝထီးနန်းတွင် သက္ကရာဇ် (၇၈၇)ခုနှစ်တွင် နန်းသက်သုံးလသာ မင်းပြုရသော မင်းလှငယ်ပင်ဖြစ်သည်။ ခမည်းတော် သီဟသူကို အုန်းဘောင်စော်ဘွား လုပ်ကြံ၍ အနိစ္စ ရောက်မှ မှူးမတ်များက ၉-နှစ်သားအရွယ် မင်းလှငယ်ကို နန်းတင်ကြသည်။ ခမည်းတော် သီဟသူ၏ မိဖုရား ရှင်ဘို့မယ်က မကျေနပ်၍ သူမနှင့် ရည်ငံဖူး



www.burmeseclassic.com

www.burmeseclassic.com



သူ ကလေးကျေး တောင်ညိုကို စစ်ချီလာစေပြီး ရှင်ဘို့မယ်က မင်းလှငယ်အား အဆိပ်ခပ် လုပ်ကြံကာ ကလေးကျေးတောင်ညိုကို နန်းတင်သည်။

(၅) **မင်းကြီးရန်နောင်နတ်**

အင်းဝ၌ သိုဟန်ဘွား (၈၈၈-၉၀၄)မင်း လက်ထက်တွင် ပြည်သူအများကို ညှဉ်းပန်းနှိပ်စက်ကာ ဗုဒ္ဓ၏ ပိဋကတ်စာပေများကိုလည်း ဖျက်ဆီးပစ်သည်။ သို့ဖြင့် ပြည်သူများ မခံမရပ်နိုင်ဖြစ်ကာ သိုဟန်ဘွားထံ ခစားနေသော အမတ်ကြီး မင်းကြီးရန်နောင် ခေါင်းဆောင်ပြီး သိုဟန်ဘွားကို လုပ်ကြံလိုက်၏။ သို့သော် မင်းကြီးရန်နောင်မှာ အင်းဝ ထီးနန်းကို မယူဘဲ တောထွက်ကာ ရဟန်းပြုသွားလေ၏။ သေလွန်သော် နတ်ဖြစ်လေသည်။

(၆) **သတိုးမင်းစောနတ်**

ဟံသာဝတီ ဆင်ဖြူရှင်ဘုရင့်နောင်မင်းတရားကြီး၏ ညီတော်ဖြစ်သလို သမက်တော်လည်း ဖြစ်ပါသည်။ သက္ကရာဇ် (၉၁၆ မှ ၉၄၅)အထိ အင်းဝဘုရင်ခံအဖြစ် အုပ်ချုပ်သည်။ ဘုရင့်နောင်မင်းတရားကြီး၏သားတော် ငါးဆူဒါယကာ နန္ဒမင်းလက်ထက်တွင် ငါးဆူဒါယကာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် စစ်ရေးငင်ရာမှ သတိုးမင်းစော အရေးနိမ့်၍ ရှမ်းပြည်တောင်ပိုင်းသို့ တိမ်းရှောင်နေရာမှ ခန္တီးတွင် သေဆုံးပြီး နတ်ဖြစ်သည်။

## (၁၀) ငါးဆူဒါယကာမင်းနတ်

ဟံသာဝတီဆင်ဖြူရှင် ဘုရင့်နောင်မင်းတရားကြီး၏ သားတော် နန္ဒမင်းဖြစ်သည်။ ဟံသာဝတီမင်းနေပြည်တော်တွင် သက္ကရာဇ် (၉၄၃-၉၇၁) အထိ မင်းပြုသည်။ တောင်ငူစား ညီတော် မင်းရဲသီဟသူသည် ရခိုင်မင်းနှင့် ပေါင်း၍ တိုက်ခိုက်သဖြင့် တောင်ငူ၌ ငါးဆူဒါယကာ နန္ဒမင်း အသတ်ခံရပြီး နတ်ဖြစ်သည်။

## (၁၁) မင်းရဲဒိဗ္ဗနတ်

ညောင်ရမ်းခေတ် အနောက်ဘက်လွန်မင်း (၉၆၇-၉၉၀)၏ သားတော်ဖြစ်သည်။ ခမည်းတော်၏ ကိုယ်လုပ်တော် 'ဂုံးမင်းသမီး နှင်းခမ်းပေါ်'နှင့် ရည်ငံမိကြရာ ခမည်းတော် က 'သံအိုးကင်းနှင့် ကြော်မည်'ဟု ခြိမ်းခြောက်ရုံမျှ မိန့်သည်ကို အကယ်ထင်မှတ်ပြီး သက္ကရာဇ် (၉၉၀)ပြည့်နှစ်တွင် လူသူ စုရုံးကာ ပဲခူး ချောင်း အနောက်ဘက်၌ ခမည်းတော်ကို လုပ်ကြံသူ ဖြစ်၏။ သေလွန်သော် မင်းရဲဒိဗ္ဗနတ် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## (၁၂) ရှင်တရုတ်နတ်

သာလွန်မင်းတရား(၉၉၀-၁၀၁၀)၏ သားတော်တစ်ပါးဖြစ်သည်။ ဆိုးသွမ်းမိုက်မဲလွန်းသူဖြစ်၏။ သက္ကရာဇ် ၁၀၀၉-ခုနှစ်တွင် ခမည်းတော် သာလွန်မင်းကို ပုန်စားပြုရာ သေနတ် ထိမှန်သေဆုံးပြီး နတ်ဖြစ် သည်။

## (၁၃) မဟာသတိုးသီဟသူနတ်

သာလွန်မင်းတရားလက်ထက်တော်မှစ၍ စနေမင်းလက်ထက် အထိ ကွမ်းရေတော်ကိုင်၊ မြို့ဝန်၊ ဝန်ကြီးရာထူး အထိ တာဝန်ထမ်းဆောင်လာသည်။ ဤသို့ဖြင့်လက်ျာ ရွှေတောင်၊ နေမျိုးကျော်ထင်၊ နေမျိုးသခ်ယာ၊ သတိုးသီဟသူ၊ မဟာသတိုးသီဟသူ စသော ဘွဲ့များကိုလည်း ရရှိခဲ့သူဖြစ်ပါသည်။ သက္ကရာဇ် ၁၆၁-ခုနှစ်တွင် အဖျောက်အဖျက်ခံရပြီး နတ်ဖြစ်သည်။

## (၁၄) မင်းရဲသီဟသူကျော်ထင်နတ်

ညောင်ရမ်းခေတ် တနင်္ဂနွေမင်း (၁၀၇၆-၁၀၉၅) လက်ထက်တွင် စစ်မှူးကြီးတစ်ဦးဖြစ်သည်။ ပုဂံစစ်ပွဲများနှင့် ကျိုင်းတုံ အရေးများတွင် အောင်မြင်ထင်ရှား ခဲ့သူဖြစ်သည်။ သက္ကရာဇ် (၁၀၈၆)ခုနှစ်တွင် ဇေယျသည်းစော်ဘွားအရေးတွင် နှိမ်နင်းရန် သောင်သွားကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ချီရာ၌ အရေးတော်မလှသဖြင့် တနင်္ဂနွေမင်းမှ အဝေး သို့ ပို့ထားစဉ် အဖျားရောဂါဖြင့် သေလွန်ပြီး နတ် ဖြစ်သည်။

(၁၅) **ဝေါမှူးကြီးနတ်**

အင်းဝဘုရင်ဆင်ဖြူရှင်၏ သားတော်နှင့်ကစားဖက် ကျွန်ရင်း ဖြစ်သည်။ ဆင်ဖြူရှင်၏ သားတော် မင်းဖြစ် သောအခါ ဝေါမှူးကြီးအရာ ရသည်။ ပါရမီ ကုလား မှူးမတ်တို့နှင့် မသင့်၍ ထွက်လာခဲ့၏။ အင်းဝ ပျက် သောအခါ ရဟန်းပြုသည်။ အစားလွန်သောကြောင့် စားပိုးနင့် သေဆုံးပြီး နတ်ဖြစ်သည်။

(မှတ်ချက်- ယင်း ဝေါမှူးကြီးသည် စောင်းအတတ်၌ တစ်ဖက်ကမ်းခတ် တတ်မြောက်ကျွမ်းကျင်သူဖြစ်၍ စောင်းပညာသင်လို တတ်လိုသူများ အထူးပြု၍ ပူဇော် ပသ ကိုးကွယ်လေ့ရှိကြောင်း သိရှိရပါသည်။)

(၁၆) **သတိုးမင်းကြီးနတ်**

ဟံသာဝတီရောက်မင်းတရား(၁၀၉၅-၁၁၁၃)လက်ထက် တွင် 'ရှင်ဝိစိတ္တာစာရ'ဟူသော ရဟန်းအမည်ဖြင့် ထင်ရှား ခဲ့၏။ စာပေကျမ်းဂန်နှံ့စပ်ကျွမ်းကျင် တတ်မြောက် သည်။ လူဝတ်လဲပြီး မင်းဆရာအဖြစ် အမှုထမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းဆရာ အဖြစ် မောက်မာစော်ကားနှိပ်စက်လွန်းသဖြင့် အရာမှကျ ကာ ရှက်ကြောက်စိတ်ဖြင့် ဝေဒနာစွဲကာ သေဆုံးပြီး နတ်ဖြစ်သည်။

(၁၇) **သခင်စစ်နတ်**

အင်းဝခေတ်မင်းများလက်ထက် ကျင်းပသော မြင်းခင်းသဘင်များတွင် ကျော်စောထင်ရှားသောမြင်းတပ်စစ်မှူး တစ်ဦးဖြစ်သည်။ သေလွန်သော် နတ်ဖြစ်သည်။

(၁၈) **ထိလပ်နတ်**

မင်းမတ်မျိုးရိုးဖြစ်၏။ အဆင်းလှ၍ အားကောင်းမောင်းသန် ယောကျ်ားဖြစ်သည်။ သိဒ္ဓိပြီးသည်။ တစ်ခါသော် ဘုရင့်သမီးနှင့် ရည်ငံမိ၍ ဘုရင်ကဖမ်းပြီး လှေနှစ်စင်းနှင့် ဖောင် ဖွင့် (ဖောင်ဖြဲ)၍ သတ်စေလေရာ မသေပေ။ နောက်ဆုံး စိတ်လျှော့မှ သေဆုံးကာ နတ်ဖြစ်သည်။)
(မှတ်ချက်-မပိုးဥယောကျ်ားနှင့် တူသည်ဟုယူဆရသည်။)

(၁၉) **မင်းရဲဇေယျသူနတ်**

အင်းဝမင်းက ဟံသာဝတီမြို့ဝန်အဖြစ် ခန့်ထားသူဖြစ်၏။အင်းဝမင်းမှ ပြန်လည်ခေါ်ယူရာ အင်းဝသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အိမ်ရာမဆောက်ဘဲ နန်းတော်အောက် ပုန်းအောင်းနေပြီး ဘုရင် ကျောင်းတင်မင်္ဂလာ ထွက်စံရာတွင် မကြံစည်အပ်သည်ကို ကြံစည်မိသောကြောင့် အသတ်ခံရပြီး နတ်ဖြစ်သည်ဟုသိရ၏။

ဤသို့ဖြင့် စာဆိုဝန်ကြီး ပဒေသရာဇာ ရေးသားမှတ်တမ်း တင်ခဲ့သော နတ်သံစာရင်းအရ မြဝတီမင်းကြီးဦးစ၏ အပြင် ၃၇-မင်း နတ်စာရင်းနှင့် မတူသော နတ်မင်း ၁၉-ပါးတို့၏ ခေတ်ကာလကို ပိုင်းခြားလေ့လာကြည့်လျှင်မူ . .

(က) ပုဂံခေတ်ကာလတွင်ဖြစ်သော နတ် ၂-ပါး။
(ခ) မြင်စိုင်းခေတ်တွင်ဖြစ်သော နတ် ၁-ပါး။
(ဂ) ပင်းယခေတ်တွင်ဖြစ်သော နတ် ၁-ပါး။
(ဃ) အင်းဝခေတ်တွင်ဖြစ်သော နတ် ၈-ပါး။
(င) တောင်ငူခေတ်တွင်ဖြစ်သော နတ် ၂-ပါး။
(စ) ညောင်ရမ်းခေတ်တွင်ဖြစ်သော နတ် ၅-ပါး
တို့ပင်ဖြစ် ကြောင်း လေ့လာသိရှိရပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## ■ မန္တလေးရွှေမြို့တော်တည်စာတမ်းအရ . . . သိရှိရသော အပြင် ၃၇ မင်း နတ်စာရင်းများ

ဒီပဲယင်းဆရာတော်၊ စံကျောင်းဆရာတော် တို့ ကြီးမှူး၍ မင်းတံဆိပ်တော်ရ ဆရာတော်ကြီး ရှစ်ပါးနှင့် သတိုးမင်းကြီး မဟာမင်းလှကျော်သူ၊ ပခန်းမြို့စားဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှစည်သူစသော လူပညာရှိ တစ်ဆယ့်သုံးဦးတို့ စီစဉ်ရေးသား မှတ်တမ်းတင်ခဲ့သော 'မန္တလေး ရွှေ မြို့တော်တည် စာတမ်း'အဆိုအရ အပြင် ၃၇-မင်း နတ်စာရင်းတွင်လည်း မြဝတီမင်းကြီးဦးစ၏ မှတ်တမ်းတင်ခဲ့သော အပြင် ၃၇-မင်း နတ်စာရင်းနှင့် ကွဲလွဲချက်များရှိနေကြောင်းကိုလည်း တွေ့ရပါသည်။

www.burmeseclassic.com



မြဝတီမင်းကြီးဦးစ၏ အတွင်း ၃၇-မင်း နတ်စာရင်းတွင်မူ စန္ဒီနတ်၊ စန္ဒာနတ် နှင့် အာဋ္ဌာဝတီနတ်ဟူသော နတ်သုံးပါးမှာ မန္တလေးရွှေမြို့တော်တည် စာတမ်း၌ မပါရှိပေ။ ယင်း နတ်သုံးပါးအစား. . .

အာဋ္ဌာဝကနတ်၊ ကြေးစန္ဒီနတ် နှင့် ကြော့စန္ဒီနတ်ဟူ၍ အစားထိုးနတ်သုံးပါး ပါဝင်လျက်ရှိသည်ကို တွေ့ရ၏။ ထို့အပြင် မြဝတီမင်းကြီးဦးစ၏ အပြင် ၃၇-မင်း နတ်စာရင်း၌ ထည့်သွင်း ဖော်ပြထားသော သိကြားနတ်၊ နှမတော်နတ်၊ ကျော်စွာနတ်နှင့် တောင်ငူရှင်မင်းခေါင်နတ် မည်သော နတ်လေးပါးမှာလည်း မန္တလေး ရွှေမြို့တော်တည်စာတမ်းပါ စာရင်း၌ မပါရှိပေ။ ယင်းတို့အစား တောင်ကြီးရှင်နတ်၊ မယ်တော်ရွှေအိမ်စည်နတ်၊ ဘိုးမင်းကျော်နတ် နှင့် ကိုးကျောင်းတကာနတ်လေးပါးကို တွေ့ရှိရပါသည်။

ဤစာရေးသူအနေဖြင့် စာဆိုဝန်ကြီးပဒေသရာဇာ၏ အပြင် ၃၇-မင်းနတ်စာရင်းနှင့် မန္တလေးရွှေမြို့တော်တည်စာတမ်း ပါ အပြင် ၃၇-မင်းနတ်စာရင်းတို့ကို လေ့လာဆန်းစစ်မိသမျှကို လေ့လာသူများအတွက် ဗဟုသုတရစေရန် ဖော်ပြလိုက်ခြင်းသာ ဖြစ်ကြောင်း မှတ်ယူလိုပါသည်။

ယနေ့ မြန်မာလူမျိုးနှင့် အခြားတိုင်းရင်းသား လူမျိုးနွယ်များအစဉ်အလာအရ အသိအမှတ်ပြုကာ ကိုးကွယ်ပသပူဇော်နေကြသော အတွင်း၊ အပြင် ၃၇-မင်း နတ်စာရင်းမှာ မြဝတီ



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီး ဦးစ ပြုစုမှတ်တမ်းတင်ခဲ့သော နတ်စာရင်းအတိုင်းသာ ဖြစ်ကြောင်း လေ့လာသိရသည်နှင့်အမျှ အတည်ပြုမှတ်သားရမည်သာဖြစ်ပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## ■ ပန်းပဲမောင်တင့်တယ်နတ်နှင့် ပတ်သက်သော ကွင်းဆက်နတ်များ

ပန်းပဲမောင်တင့်တယ်နှင့် နှမတော်စော်မယ်ယာတို့ နတ်မောင်နှမနှင့် တစ်ဆက်တည်း နတ်ဖြစ်ကြရသော ကွင်းဆက်နတ်များမှာ. . .

(၁) ပန်းပဲမောင်တင့်တယ် (မင်းမဟာဂီရိ) နတ်၊

(၂) နှမတော် စောမယ်ယာ [ရွှေမျက်နှာ(ခ)နှမတော်ကြီး] နတ်၊

(၃) သုံးပန်လှ(နှမအငယ် ရှင်ထွေးလှ)နတ်၊

(၄) ရှင်နဲမိ (သို့မဟုတ်)မနဲလေး [သုံးပန်လှ၏ သမီး] နတ်၊



www.burmeseclassic.com

www.burmeseclassic.com



(၅) ရွှေနဘော (ပန်းပဲမောင်တင့်တယ်၏ ဇနီး)နတ်၊
(၆) တောင်မကြီးရှင်ညီနတ်၊
(၇) မြောက်မင်းရှင်ဖြူနတ်၊

တို့ပင်ဖြစ်သည်။ ယင်းနတ် ၇-ပါးလုံးမှာ အပြင် ၃၇-မင်းနတ်စာရင်း၌ ပါဝင်သူများပင်ဖြစ်သည်။ ယင်းတို့၏ နောက်ခံသမိုင်းကြောင်းများမှာ စိတ်ဝင်စားဖွယ်ရာကောင်းနေပေသည်။

ဦးစွာအနေဖြင့် ပန်းပဲမောင်တင့်တယ်နတ်ကို မဟာဂီရိနတ်ဟူ၍လည်းကောင်း၊ မင်းမဟာဂီရိဟူ၍ လည်း ကောင်း၊ အိမ်တွင်း မင်းမဟာဂီရိဟူ၍လည်းကောင်း အစဉ် အလာခေါ် ဆိုကြခြင်းနှင့် ပတ်သက်၍ လေ့လာမိသမျှ တင်ပြလို ပေသေးသည်။

## မဟာဂီရိ

ပုပ္ပားတောင်ကြီးသည် မြတ်သောတောင်ကြီး ဖြစ်သောကြောင့် ရှေးအခါကပင် မဟာဂီရိတောင်ဟူ၍ ခေါ်ကြကြောင်းသိရ၏။ ပုဂံ သေဉ်လည်ကြောင်မင်းသည် ပန်းပဲမောင်တင့်တယ်နတ် မောင်နှမတို့ကို ပုပ္ပားတောင်၌ နတ်ကွန်း၊ နတ်နန်းဆောက်ထားသောကြောင့် ယင်း မဟာဂီရိတောင် ခေါ် ပုပ္ပားတောင်ကို အစွဲပြု၍ မဟာဂီရိနတ်ဟု ခေါ်ဆိုနေကြခြင်း။



www.burmeseclassic.com

www.burmeseclassic.com



## မင်းမဟာဂီရိ

သေဥ္စလည်ကြောင်မင်းမှ ထိုသို့ နတ်ကွန်း၊ နတ်နန်းနှင့် တစ်ကွ မဟာဂီရိတောင် (ပုပ္ပားတောင်)တွင် ထားရှိပြီးနောက် တစ်နှစ်လျှင် တစ်ကြိမ်ကျ နတ်တော်လ ရောက်တိုင်း မင်းနှင့် တကွ မျိုးမတ်ပြည်သူများ မဟာဂီရိတောင်(ပုပ္ပားတောင်)သို့ သွားရောက် ပူဇော်ပသပွဲ ကျင်းပသည်ကို အစွဲပြု၍ မင်းမဟာ ဂီရိနတ်ဟု ခေါ် ဆိုကြပြန်ခြင်း။

## အိမ်တွင်းမင်းမဟာဂီရိ

ပုဂံတွင် သေဥ္စလည်ကြောင်မင်း လက်ထက်မှစ၍ အနော်ရထာမင်း နန်းတက်စ အချိန်အထိ နတ်ကိုးကွယ်မှု အရှိန်အဟုန် ကောင်းနေဆဲတွင် ပုဂံမင်းနေပြည်သို့ ကြွရောက် လာသော ရှင်အရဟံ မထေရ်၏ သွန်သင်ဆုံးမမှုကြောင့် နတ်ကိုးကွယ်မှုကို မင်းမိန့်ဖြင့် တားဆီးကာ စစ်မှန်သော ထေရဝါဒ ဗုဒ္ဓသာသနာကို ကျင့်သုံးကိုးကွယ်စေခဲ့ပါသည်။

ဤသို့ဖြင့် နေအိမ်ရှေ့၌ နတ်ကွန်း၊ နတ်နန်းများ မထားရသောကြောင့် ယုံကြည်ရင်းစွဲရှိနေကြသော ပုဂံပြည်သူ တို့သည် အိမ်တွင်း၌ အုန်းသီးကိုဆွဲကာ မဟာဂီရိနတ်ကို ကိုးကွယ်မှု ပြုခဲ့ကြလေသည်။ ထိုအချိန်ကာလမှ အစပြု၍ အိမ်တွင်းမင်းမဟာဂီရိနတ် ဟူ၍ အသိအမှတ်ပြုခြင်းကို ကြည့်ခြင်းဖြင့် အိမ်တွင်း၌ နတ်အုန်းသီး ဆွဲ၍ ပူဇော်ပသခြင်း

မှ တူ တူး လေး စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



အစဉ်အလာသည ပုဂံခေတ် အနော်ရထာမင်း လက်ထက်က ပင် အစပြုခဲ့သည်ဟု ယူဆနိုင်ပေသည်။

## နတ်အုန်းသီး အဓိပ္ပာယ်ဖွင့်ဆိုချက်

အိမ်တွင်း၌ နတ်အုန်းသီးဆွဲသည့် ဆိုလိုရင်း အဓိပ္ပာယ် မှာ မီးလောင်ကျွမ်းသူတို့အား အုန်းရည်ဖြင့် ကုသခြင်းသည် အကောင်း ဆုံးပင်ဖြစ်ပါသည်။ ထို့ကြောင့် ဖိုကျင်ထိုး၍ မီးလောင်သေဆုံးပြီး နတ်ဖြစ်ရသော ပန်းပဲမောင်ကဲင့်တယ် (မင်းမဟာဂိရိနတ်)ကို ရည်စူးပြီး နတ်အုန်းအဖြစ်ဆွဲ၍ ပူဇော်ကြ ခြင်းဖြစ်ပါသည်။ သို့စေကာမူ ယင်းနတ်အုန်းသီးမှာ-

(က) အုန်းရည် မခန်းခြောက်စေရ အကယ်၍ အုန်းရည် ခန်း ခြောက်နေပါ၊ဟ ချက်ချင်းအသစ်လဲ၍ ဆွဲရခြင်း။ (ဝါတွင်း ဖြစ်နေပါမူ လက်ဖက်ပွဲနှင့် တောင်းပန်ထား ရသည်။)

(ခ) အမွှေးနံ့သာရည်ကို နေ့စဉ် ပက်ဖျန်းပေးရခြင်း။

(ဂ) အအေးမာတ်ရရန် ယပ်ခတ်ပေးရခြင်း။

(ဃ) အုန်းတော်စင်၏ ယာဘက်၌ ယပ်၊ ဝဲဘက်၌ ဓား ဆက် ထားရခြင်း။

(င) အုန်းတော်၏ အနီးတွင် လင်စုံမယားဖက် မနေရ ရခြင်း။



www.burmeseclassic.com

www.burmeseclassic.com



(စ) အုန်းတော်တွင် ခေါင်ရန်းပန်း၊ စံကားပန်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်များကို ထွန်းညှိပူဇော် ဆက်သမှုများမပြုရခြင်း။

စသည့် သတ်မှတ်ချက်များရှိကြောင်း လေ့လာသိရှိရပါသည်။

❀

## ပုပ္ပားတောင်နှင့်မဟာဂီရိ

ပုဂံပြည်သို့ ပန်းပဲမောင်တင့်တယ် နတ်မောင်နှမတို့ရောက်ရှိလာသောအခါ သေဥ်လည်ကြောင်မင်းက စံကားသားကို မောင်တင့်တယ်အတွက် အရပ်ခုနစ်တောင်မြင့်သောနတ်ရုပ်ကို ထုလုပ်၍ နှမတော် ရွှေမျက်နှာနတ် ခေါ် စောမယ်ယာအတွက် စံကားတုံး တွင် ခေါင်းပုံရွှေဇဝါရေး၍ ပုပ္ပားတောင်တွင်နတ်ကွန်း၊ နတ်နန်းနှင့်ထားကြောင်း မှတ်တမ်းအရ သိရှိရပါသည်။

ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီး လက်ထက်တွင် ရွှေအလေးချိန်ငါးပိဿာကို နှမတော်စောမယ်ယာ၏ ဦးခေါင်းပုံထုလုပ်ပြီး နတ်ကွန်း၊ နတ်နန်း၌ထားကာ အိမ်ထောင်စုံ ခုနစ်အိမ်ထောင်ကိုပါ နတ်ထိန်းအဖြစ် ခန့်အပ်ခဲ့ကြောင်း သမိုင်းစာမျက်နှာများအရ သိရှိရ၏။

❀

## စောမယ်ယာ၏ ငယ်ရည်းစား

ပုပ္ပားတောင်ကို ရှေးအခါကပင် မြတ်သောတောင်ဟူ၍



www.burmeseclassic.com

www.burmeseclassic.com



အစဉ်အလာ အသိအမှတ်ပြုခဲ့ကြသည်။ သမိုင်းတွင် ပုပ္ပားနတ်တောင်ကို ဖွဲ့ဆိုထားသော ရှေးကျသည့် နတ်သံလင်္ကာ လေးပိုဒ်ကိုတွေ့ရ၏။ ယင်း နတ်သံလင်္ကာ လေးပိုဒ်ကို စောမယ်ယာ၏ ငယ်ရည်းစားမှ လွမ်းဆွတ်ကြောင်း၊ ကြေကွဲလျက် ဖွဲ့ဆိုခဲ့ခြင်း ဖြစ်သည်ဟု စာဟောင်း အမှတ်အသားများတွေ့ရပါသည်။

စောမယ်ယာမှာ တကောင်းမင်းကြီး၏ မိဖုရား မမြှောက်မီက သူမ၏ ဖခင် ပန်းပဲဆရာကြီး ဦးတင့်တော်၏ အစ်မမှ မွေးသော သားနှင့် မောင်နှမဝမ်းကွဲချင်း ၁၃-နှစ်အရွယ်မှ စတင်ကာ ချစ်ခင်စုံမက် ရည်းစားဖြစ်ခဲ့ကြသည်။ တကောင်းမင်းကြီးက စောမယ်ယာကို မိဖုရားမြှောက်လိုက်သောအခါ သူမ၏ ငယ်ချစ်မှာ ထွက်ပြေးတိမ်းရှောင်နေခဲ့ရ၏။

ထို့နောက် စောမယ်ယာသေ၍ နတ်ဖြစ်ပြီး ပုပ္ပားတောင် ၌ နတ်ကွန်း၊ နတ်နန်းနှင့် နတ်စင်ထုလုပ်ကိုးကွယ်ထားသောအခါ ပုပ္ပားတောင်မှာ စံကားပင်တို့ဖြင့် လှပတင့်တယ်စွာ ဖူးပွင့်လန်းဆန်းလျက် လွမ်းဆွတ် ကြည်နူးဖွယ်ကောင်းသော မြင်ကွင်းကို ခံစားနေရသော ငယ်ချစ်ရည်းစားမှ ဖွဲ့ဆိုခဲ့ခြင်းပင်ဖြစ်ကြောင်း သိရပါသည်။

## ပုပ္ပားနတ်တောင်ဘွဲ့ (နတ်သံလင်္ကာ လေးပိုဒ်)

(၁) သိုးကလေး ။ ။ ပုပ္ပားနတ်တောင်၊ အခေါင်မြင့်များ



www.burmeseclassic.com

www.burmeseclassic.com



စုံတောပြား၌၊ နံ့ရှားကြိုင်လွင့်၊
ခါတန်ပွင့်သည်။ ။
ရွှေနှင့်ယိုးမှား ပန်းစံကား။

(၂) သိုးကလေး ။ ။ စံကားပွင့်နှင့်၊ နှိုင်းတင့်နိုးသည်၊
ရဲမျိုးသမီး၊ မောင်ကြီးနှမ၊
ညက်လှပြာစင်။ ။
မဲ့သည်းမင်သည် ခရီးသား။

(၃) သိုးကလေး ။ ။ မြိုတ်လွယ်စုလည်း၊ အငယ်တည်းက၊
ကျွမ်းဝင်ကြသည်၊ မွေးဖတူရင်း၊
မျိုးသည်မင်းနှင့်၊ ချစ်ခြင်းစုရုံး၊
သက်ထက်ဆုံးသည်။ ။
နှလုံးမခြား စောင့်တရား။

(၄) သိုးကလေး ။ ။ မျက်သုတ်နီစင်၊ ရထည်းဖျင်နှင့်၊
ကျိုင်းစင်မြဲခါ၊ မတ်ကြီးလျာကို၊
မယ်သာကြိုက်မိ တုမရှိ။

**သိုးကလေး** ဆိုသည်မှာ **နတ်မိဖုရား** ဟု ခေါ်ဆို တင်စား ခြင်းဖြစ်ကြောင်း သိရပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## ■ ရွှေဖျဉ်းညီနောင် (မင်းကြီး၊ မင်းကလေး)နတ် နှင့် ပတ်သက်သော ကွင်းဆက်နတ်များ

ပုဂံခေတ်၊ အနော်ရထာမင်းကြီးလက်ထက် တွင် လူစွမ်းကောင်းဗျတ္တ၏သား ရွှေဖျဉ်းညီနောင် တို့ နတ်ဖြစ်ခဲ့ကြပြီး အပြင် ၃၇-မင်းနတ်စာရင်း၌ ပါဝင်ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ထိုခေတ်ကာလကပင် ရွှေဖျဉ်းညီနောင်နှင့် တစ်ဆက်တည်းဖြစ်ခဲ့ကြသော ကွင်းဆက်နတ်များမှာ. . .

(၁) ပုပ္ပားမယ်တော်နတ်
(၂) မယ်ခေမာ(ခင်မသာ)နတ်
(၃) တောင်တော်သခင်မနတ်

**ပူ တူ တူး လေး စာ အုပ် တိုက်**

www.burmeseclassic.com

www.burmeseclassic.com



(၄) မစောခင်နတ်
(၅) မောင်ရှင်မောင်နတ်
(၆) နို့ထိန်းမယ်တော်နတ်
(၇) နှမတော်နတ်
(၈) စာရေးတော်ကြီးနတ်
(၉) ဂူတော်ရှင်မနတ် တို့ပင်ဖြစ်ကြောင်း သိရ၏။

(၁) ပုပ္ပားမယ်တော်နတ်

ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး၏ လူစွမ်းကောင်း ဗျတ္တ ၏ ဇနီးပန်းစားဘီလူးမ မယ်ဝဏ္ဏာဖြစ်သည်။ ဗျတ္တ ရာဇဝတ်သင့်၍ အသတ်ခံရပြီးနောက် သူမ၏ သား များဖြစ်ကြသော ရွှေဖျင်းကြီး၊ ရွှေဖျင်းငယ်တို့ကို အနော်ရထာမင်းကြီး အမိန့်တော်ဖြင့် ခေါ်ဆောင်သွား ရာတွင် ရင်ကွဲနာကျကာ သေဆုံး ပြီး နတ်ဖြစ်သည်။ တောင်ပြုန်း၌ ထင်ရှားသော နတ်ဖြစ် သည်။

(၂) မယ်ခေမာနတ်

ပုဂံပြည်၏ မင်းမတ်ပုဏ္ဏားမျိုး၏ သမီးဖြစ်သည်။ အမည်မှာ မယ်ခေမာဖြစ်သည်။ ယင်းကို ပုပ္ပား မယ်တော်က ချစ်၍ လိပ်ပြာနုတ်ခေါ်ထားပြီး သမီး အဖြစ် မွေးစားထားသည်။ ပုပ္ပားမယ်တော်၏ အခြွေ အရံမှာလည်း အချို့မှတ်တမ်းများ၌ တွေ့ရသည်။ အချို့



www.burmeseclassic.com

www.burmeseclassic.com



စာပေဟောင်းများတွင် ခင်မသာဟုလည်း ဆိုကြသေးသည်။ ယင်း ခင်မသာနတ်မှာ တောင်ပြုန်း၌ ထင်ရှားပါသည်။

(၃) တောင်တော် သခင်မနတ်

တောင်ပြုန်းနယ်၊ အင်ကျယ်ရွာမှ သူကြွယ်တစ်ဦး၏ သမီး ဖြစ်သည်။ အမည်မှာ မရွှေဥဖြစ်သည်။ တောင်ပြုန် ဥသာ သစ်ကုန်သည် မောင်ရင်မောင်နှင့် အကြောင်းပါ၍ တောင်ပြုန်းရွာသို့ လိုက်နေသည်။ မကြာမီ မဲဇာ အထက် အရပ်သို့ မောင်ရင်မောင် သစ်ဖောင်ချသွားနေစဉ် တောင်ပြုန်း မင်းသားလေး ရွှေဖျဉ်းငယ်က မေတ္တာရှိရာတွင် မေတ္တာမမျှသောကြောင့် ကျားနှင့်တိုက်သတ်သောကြောင့် သေပြီး နတ်ဖြစ်သည်။

(လူ့ဘဝက ကျားနှင့်တိုက်သတ်ခံရသောကြောင့် တောင်တော်သခင်မအဖြစ်သို့ ရောက်နေသည့် တိုင်အောင် ရန်ငြိုးမပြေပေ။ တောင်ပြုန်းပွဲတော်ချိန်၌ ချိုးရေတော်ပွဲ အတွက် မင်းညီနောင်နတ်ရုပ်များကို ရေချိုးဆိပ်သို့ ထမ်းစင်နှင့် ယူဆောင်ကြသောအခါ မယ်ဥ(တောင်တော်သခင်မ)နတ်စင် ဘေးနားရှိလမ်းက ယူကြရ၏။ ထိုအခါ မယ်ဥ နတ်စင်ကို လုံခြုံအောင်ကာပေးထားကြရသည်။ အကယ်၍ မယ်ဥနတ်စင်ကို လုံခြုံစွာ မကာ



www.burmeseclassic.com

www.burmeseclassic.com



ထားမိပါက မင်းညီနောင်နတ်များကို သယ်ပင့်လာသောအခါ မယ်ဥ နတ်ရုပ်သည် အလိုလို တစ်ဖက်သို့လှည့်၍ ကျောခိုင်းနေတတ်သည်ဟု ပြောရိုးအစဉ်အလာ စကားကို မှတ်သားရပါသည်။)

ယင်း မယ်ဥ နတ်မှာ တောင်ပြုန်း၌လည်း နတ်ရုပ်၊ နတ်စင်နှင့် ရှိသလို သခင်မတောင် (ခေါ်) တောင်တော် (ခေါ်) မယ်ဥတောင်၌လည်း နတ်ကွန်း နတ်စင် ရှိပါသည်။

## (၄) မစောခင်နတ်

အမည်မှာ မစောခင်ဟုခေါ်ပြီး ရှမ်းလူမျိုးဖြစ်၏။ မိုင်းလုံမြို့အင်ကျယ်ရွာသို့ ပြောင်းရွှေ့နေထိုင်၍ မရွှေဥနှင့် အိမ်နီးချင်း ရက်ကန်းရက် ပြိုင်ဖက်ဖြစ်သည်။ မရွှေဥက ချစ်ခင်သောကြောင့် လိပ်ပြာနတ်ခေါ် ယူထားသည်။ မရွှေဥ၏ တိုးတိုးဖော်နတ်ဟုလည်း အဆိုရှိသည်။ တောင်ပြုန်း၌ ထင်ရှားပါသည်။

## (၅) မောင်ရင်မောင်နတ်

မရွှေဥခင်ပွန်း မောင်ရင်မောင်သည် အထက်မဲဇာမှ တောင်ပြုန်းရွာသို့ ပြန်ရောက်သော် တောင်ပြုန်းမင်းကလေးက မရွှေဥကို ကျားနှင့်တိုက်သတ်ကြောင်း ကြားသိရ၏။ ထိုအခါ မရွှေဥကို ကျားချီသွားစဉ်က



www.burmeseclassic.com

www.burmeseclassic.com



မယ်ရွှေဥ၏ ခါးစည်းတစ်ဘက် ကျကျန်ရစ်သော နေရာနှင့် သားတစ်များ ကျကျန်ရစ် ခဲ့သော နေရာနှစ်ခုကြား တွင် မောင်ရင်မောင်သည် ရင်ကွဲနာကျ၍ သေဆုံးပြီး နတ်ဖြစ်သည်။

(၆) နှို့ထိန်းမယ်တော်နတ်

ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းငယ်နှစ်ပါးတို့၏ နို့ထိန်းဖြစ်သည်။ တောင်ပြုန်းအရပ်၌ မင်းညီနောင်နှစ်ပါး ကွပ်မျက်ခံရ ကြောင်းကို ကြားရပြီးနောက် ရင်ကွဲနာကျကာ သေဆုံး၍ နတ်ဖြစ်သည်။ တောင်ပြုန်း၌ ထင်ရှားသော နတ်ဖြစ်ကြောင်း သိရ၏။

(၇) နမယ်တော်နတ်

နို့ထိန်းမယ်တော်၏ သမီးဖြစ်ပြီး ရွှေဖျဉ်းညီနောင်တို့နှင့် နို့စို့ဖက်ဖြစ်သည်။ မယ်တော်နှင့် မောင်တော်နှစ်ပါးကို လွမ်း ဆွတ် ကြေကွဲ၍ ရင်ကွဲနာကျပြီး နတ်ဖြစ်သည်။

(၈) စာရေးတော်ကြီးနတ်

ရွှေဖျဉ်းညီနောင်နှင့် လူ့ဘဝက အတူနေ၍ စာရင်း အင်း ရေးမှတ်ပေးရသူဖြစ်သည်။ ကိုးဒဂျောင်းဒါယကာ စာရေးတော်ကြီး ဦးသာနိုးဟု ခေါ်၏။ သောက်စား ပျော်ပါး၊ လောင်းကစားမှုများ၌ ပျော်မွေ့နေတတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အံနော်ရထာမင်း တောင်ပြုန်းအရပ်၌ ဆုတောင်းပြည့် ဘုရား တည်နေစဉ်အခါက မင်းညီနောင်နှစ်ပါးတို့ကို စာရေးတော်ကြီး ဦးသာနိုးက သင်ကြားလမ်းပေး၍သာ မင်းညီနောင် နှစ်ပါးတို့ သောက်စားပျော်ပါးလွန်ကာ အမှုထမ်းလစ်ဟင်း သောကြောင့် ကွပ်မျက်ခံရခြင်းဖြစ်သည်ဟု ဦးသာနိုးမှာ တွေးမိပြီး စိတ်ညစ်ကာ အသောက်လွန်ပြီး သေဆုံးကာ နတ်ဖြစ်သည်။

(အချို့မှတ်တမ်းများမှာ မင်းနှစ်ပါးနှင့်အတူ ဦးသာနိုးပါ ရောပြီး ကွပ်မျက်ခံရသည်ဟုဆိုပါသည်။)

တောင်ပြုန်း၌ စာရေးတော်ကြီးနတ်မှာ သီးခြားနတ်ကွန်းမရှိပေ။ သို့သော် နတ်ဘဝတွင် မင်းနှစ်ပါးနှင့် အတူနေပြီး မင်းနှစ်ပါး၏ ဝတ္တရားများကို ဆောင်ရွက်ပေးနေသည်ဟု ယုံကြည်ကြ၏။

## (၉) ဂူတော်ရှင်မနတ်

မန္တလေးဘိုးတော်၏ နှမအထွေးဖြစ်သည်။ ဘိုးတော်နှင့် အစ်မကြီး ရှင်ကွတို့ကို မန္တလေးအရပ်တွင် ကွပ်မျက်ခံရ ပြီးနောက် လွမ်းဆွတ်ကြေကွဲ၍ သေဆုံးပြီးနတ်ဖြစ် သည်။

ပုပ္ပားမယ်တော်မှ စ၍ ဂူတော်ရှင်မအထိ နတ်များသည်



www.burmeseclassic.com

www.burmeseclassic.com



ရွှေဖျဉ်းညီနောင်(မင်းကြီး၊ မင်းကလေး)တို့နှင့် ဆက်နွယ်ပတ်သက်ပြီး တစ်ဆက်တည်း နတ်ဖြစ်ခဲ့ကြသော်လည်း အမြင် ၃၇-မင်း နတ်စာရင်းတွင် မပါဝင်ခဲ့ကြပေ။

သို့သော် နတ်ထိန်း၊ နတ်ကတော်များသည် နတ်ကနားပွဲများ ပြုလုပ်ကြသောအခါ၌ (၁) ပုပ္ပားမယ်တော်နတ်၊ (၂)မခင်မသာခေါ် မယ်ခေမာနတ်၊ (၃) တောင်တော်သခင်မနတ်ခေါ် မရွှေဥနတ်၊ (၄) မစောခင်နတ်တို့အတွက်မူ သီးသန့်ပွဲများ ဆက်၍ ပသပူဇော်ကြသည့် အစဉ်အလာရှိကြောင်း လေ့လာသိရှိရပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## ■ ကိုးမြို့ရှင် နှင့် ဆက်နွယ်ပတ်သက်သော ကွင်းဆက်နတ်များ

ကိုးမြို့ရှင်နတ်သည် အမြင် ၃၇-မင်းနတ် စာရင်းတွင် မပါဝင်ပေ။ သို့စေကာမူ မင်းညီနောင်တို့ ပျော်စံရာ တောင်ပြုန်းနယ်တွင်ကား နာမည်ကြီး ထင်ရှားသော နတ်တစ်ပါး ဖြစ်နေပေသည်။ နတ်သမိုင်းတွင် ကိုးမြို့ရှင်နှင့် ဆက်နွယ်ပတ်သက်ပြီး နတ်ဖြစ်ခဲ့ရသော ကွင်းဆက်နတ်များမှာ. . .

(၁) မင်းလှစည်သူနတ် (ပန်းတောင်းပြည်ဘုရင်)
(၂) ကူနီဒေဝီနတ် (ယင်း၏ မိဖုရားကြီး)
(၃) ကိုးမြို့ရှင်နတ် (သားတော်အိမ်ရှေ့မင်း)



www.burmeseclassic.com

www.burmeseclassic.com



(၄) ပုလဲယဉ်နတ် (သမီးတော်ပင်တိုင်စံ)
(၅) ခွန်ချိုနတ် (ကိုးမြို့ရှင်နှင့် ပုလဲယဉ်တို့၏
(၆) ခွန်သာနတ် (မွေးစားသား နှစ်ပါး)
(၇) မောင်လတ်နတ် (ပုလဲယဉ်၏ ခင်ပွန်း)
(၈) သဲသဲလေးနတ် (မောင်လတ်နှင့် ပုလဲယဉ် တို့၏ သမီး)
(၉) ဦးမင်းကျော်နတ် (ပခန်းမြို့စား)
(၁၀) ဦးညိုခေါ် ဘဘညိုနတ် (ပခန်း ဦးမင်းကျော် ၏ အိမ်တော်ဝန်)

တို့ ဖြစ်ကြပါသည်။ ယင်းနတ်များ၏ နောက်ခံသမိုင်း ဖြစ်ရပ်များကို စိတ်ဝင်စားဖွယ်ကောင်းသလောက် မှုကွဲများကို လည်း လေ့လာတွေ့ရပါသေးသည်။

## ကိုးမြို့ရှင်နှင့် ပုလဲယဉ်

ပန်းတောင်းဘုရင် မင်းလှစည်သူနှင့် မိဖုရားကြီး ကူနီဒေဝီ တို့တွင် သားတော် ကိုးမြို့ရှင်နှင့် သမီးတော် ပုလဲယဉ်တို့ ရှိကြ၏။ ကိုးမြို့ရှင်မှာ ကိုးတံခါး၊ ကိုးဖလား နှင့် ကိုးစားပိုင်သော အိမ်ရှေ့မင်းအဖြစ် အပ်နှင်းထား ခြင်းခံရသူဖြစ် သည်။

ဘုရင် မင်းလှစည်သူသည် အထိန်းတော်ကြီး ဗလကျော်ထင် ကွယ်လွန်သောအခါ ဗလကျော်ထင်၏



www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူ မြင်းတပ်မှူး မင်းကျော်စွာကို သားတော်အဖြစ်ဖြင့် သူ ကောင်းပြုတော်မူသည်။ မင်းကျော်စွာမှာ မြင်းရေး ကျွမ်းကျင်သော မြင်းတပ်မှူးအဖြစ် ထင်ရှားသူဖြစ်၏။

မင်းကျော်စွာသည် ဘုရင်မင်းလှစည်သူ၏ သား တော်အဖြစ် ရောက်ရှိချိန်မှစ၍ ဦးညိုဆိုသူကို အိမ်တော်ဝန်အဖြစ် ခန့်ထားကာ မူးယစ်သောက်စား လောင်းကစားများနှင့်သာ အမြဲပျော်ပါးနေလေသည်။

## ခွန်ချိုခွန်သာ

ရှမ်းပြည် မိုင်းပြင်းစော်ဘွား စောခွန်ကြည်ကို ကျိုင်းတောင်း စော်ဘွားစောသီဟက ချီတက်လုပ်ကြံ လာသည်။ စောခွန်ကြည်မှာ မင်းလှစည်သူနှင့် မဟာမိတ်ဖြစ်သလို သစ္စာခံတော်ခံလည်း ဖြစ်နေသည်မို့ စောခွန်ကြည်ဘက်မှ အကူအညီ ပေးရန်အတွက် သားတော်အိမ်ရှေ့မင်း ကိုးမြို့ရှင်နှင့် မြင်းတပ်မှူး မင်းကျော်စွာတို့ကို ကွပ်ကဲစေပြီး ချီတက်စေလေသည်။

သို့သော် ကိုးမြို့ရှင်တို့ စစ်ကူမရောက်မီမှာပင် စောသီဟလက်ချက်ဖြင့် စောခွန်ကြည်မှာ ကျဆုံးနေပြီ ဖြစ်သည်။ ထို့ကြောင့် မိုင်းပျဉ်းနယ်ကို ဆိုင်ရာ ရှမ်းမှူး မတ်များအား အုပ်ချုပ်ရန် လွှဲအပ်ထားခဲ့ပြီးနောက် စော်



www.burmeseclassic.com

www.burmeseclassic.com



ဘွား စောခွန်ကြည်၏ လူမမည်သားနှစ်ယောက်ဖြစ်သော ခွန်ချိုနှင့် ခွန်သာတို့ကို ပန်းတောင်းနေပြည်တော်သို့ခေါ်ဆောင်လာခဲ့ကြ၏။ ခမည်းတော် မင်းလှစည်သူကိုလည်း အကြောင်းစုံ လျှောက်ထားလေသည်။

ထိုအခါ ခမည်းတော်မှ ခွန်ချိုနှင့်ခွန်သာတို့ကို သားတော် ကိုးမြို့ရှင်နှင့် သမီးတော် ပုလဲယဉ်တို့အား သားအမှတ်ဖြင့် မွေးစားစောင့်ရှောက်ထားရန် တစ်ယောက်စီ ပေးအပ်လိုက်၏။ မင်းကျော်စွာကမူ ခွန်ချိုနှင့်ခွန်သာတို့ကို တစ်ယောက်မျှ သူ့အား မွေးစားရန် ပေးတော်မူခြင်းမရှိသဖြင့် မင်းလှစည်သူအပေါ် မကျေမနပ်ဖြစ်ကာ အငြိုးထားခဲ့လေတော့၏။

## ပခန်းဦးမင်းကျော်

ခမည်းတော် မင်းလှစည်သူမှ မွေးစားသားမင်းကျော်စွာအား ခွန်ချို ခွန်သာတို့ကို မွေးစားရန် မပေးအပ်ခြင်းမှာလည်း မင်းကျော်စွာမှာ မူးယစ်သောက်စားပျော်ပါးပြီး အကျင့်စာရိတ္တ မကောင်းသောကြောင့်ပင်ဖြစ်သည်။ သို့သော် မင်းကျော်စွာအား ပခန်းမြို့ကို အပိုင်စားစေရန် ပေးသနားတော်မူလေသည်။ ထိုသည်မှအစပြု၍ ပခန်းမင်း မင်းကျော်စွာဟူ၍ လည်းကောင်း ပခန်းဦးမင်းကျော် ဟူ၍လည်းကောင်း ထင်ရှားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com


ဤသို့ ပခန်းမြို့ကို အပိုင်စားရရှိသော်လည်း မင်း ကျော်စွာသည် ခွန်ချို ခွန်သာတို့နှင့် ပတ်သက်၍ မကျေနပ်ပေ။ မင်းလှစည်သူ၏ အရိုက်အရာကို လုယူပြီး ပုလဲယဉ်ကို မိဖုရားမြှောက်ရန် ကြံစည်လျက်ရှိသည်။

အရွယ်ရောက်လာပြီဖြစ်သော ခွန်ချို ခွန်သာတို့ ရှိနေပါက ပခန်းမင်းကျော်စွာအဖို့ သူ့အကြံအစည်အတွက် အနှောင့်အယှက်ဖြစ်နေပေသည်။ ထို့ကြောင့် သူ၏အပေါင်း အဖော် စိတ်ညီသူများနှင့် တိုင်ပင်ကာ ရှမ်းပြည်၌ မငြိမ် မသက်ဖြစ်နေကြောင်း၊ ခွန်ချို ခွန်သာတို့ ဦးစီး၍ တပ်တော်များနှင့် နှိမ်နင်းစေသင့်ကြောင်း၊ နှိမ်နင်းပြီးပါက ရှမ်း ပြည်နယ်အေးချမ်းရေးအတွက် သုံးနှစ်သုံးမိုး အသားကျအောင် အုပ်ချုပ်နေထိုင်သင့်ကြောင်းဖြင့် မင်းလှစည်သူအား ယုံကြည်အောင် လျှောက်တင်ခဲ့သည်။

ဘုရင်မင်းလှစည်သူလည်း ယုံကြည်တော်မူသဖြင့် ခွန်ချို ခွန်သာတို့ကို တပ်တော်များနှင့်အတူ စေလွှတ်တော်မူ၏။ ခွန်ချို ခွန်သာတို့၏ တပ်များ ရှမ်းပြည်ရောက်သောအခါ ပုန်စားခြားနားသူတို့ကို မတွေ့ရှိရဘဲ အေးချမ်းသာယာနေသည်ကို တွေ့ရှိရသော်လည်း ဘိုးတော်ဘုရင်မင်း မြတ်၏ အမိန့်တော်အတိုင်း သုံးနှစ် သုံးမိုး အုပ်ချုပ်နေထိုင် ကြလေတော့သည်။

ခွန်ချို ခွန်သာတို့ မရှိသည့်နောက်ပိုင်း၌


www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းကျော်နှင့် ကြံရာပါ လူတစ်စုတို့သည် ဘုရင်မင်းလှစည်သူနှင့် မိဖုရားကြီး ကူနီဒေဝီတို့ကို လုပ်ကြံပြီး ပန်းတောင်း ထီးနန်းကို သိမ်းပိုက်လိုက်၏။

ထိုအခါ အိမ်ရှေ့မင်း ကိုးမြို့ရှင်မှာ နှမတော် ပုလဲယဉ်ကို ထမ်းကာ မိတ်ဟောင်းဆွေဟောင်းဖြစ်သူ ကျောက်ထပ်ရွာနေ သူဌေးဦးသာမြတ်အိမ်သို့ အရောက်ပြေးပြီး မထင်မရှား ဆင်းရဲသားအသွင်ဖြင့် နေထိုင်ကြရသည်။

အတန်ကြာနေထိုင်ပြီးသော် ကိုးမြို့ရှင်သည် နှမတော် ပုလဲယဉ်ကို သူဌေးကြီး ဦးသာမြတ်ထံ အပ်နှံထားခဲ့ပြီးနောက် ပန်းတောင်းပြည်၏ အခြေအနေများနှင့် ခွန်ချို၊ ခွန်သာတို့ကိုလည်း တွေ့လို မြင်လိုသောကြောင့် ရှမ်းလူမျိုးအသွင် ရုပ်ဖျက်ပြီး ထွက်ခဲ့၏။

အိမ်ရှေ့မင်း ကိုးမြို့ရှင် ခရီးထွက်ခွာသွားနေစဉ်မှာပင် ပုလဲယဉ်ထိပ်ထားနှင့် သူဌေးဦးသာမြတ်၏ သားမောင်လတ်တို့မှာ မေတ္တာသက်ဝင် ရည်ငံရာမှ သမီးလေး တစ်ယောက်ပင် မွေးဖွားပြီးဖြစ်သည်။ အားလုံးက အသည်းစွဲ ချစ်ခင်ကြသဖြင့် **သဲသဲလေး** ဟု အမည်ပေးကြသည်။

ခွန်ချို၊ ခွန်သာတို့ တိုင်းပြည်ပြန်ရောက်လာသောအခါ ဦးမင်းကျော်က 'ထီးနန်းကို ရယူခဲ့ခြင်းမှာလည်း ခွန်ချို၊ ခွန်သာတို့အတွက်သာဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မိမိအနေဖြင့် အသက်အရွယ် အိုမင်းပြီဖြစ်၍ ဥပုသ်ဆောင်စင်ကာ တရား ဘာဝနာများအားထုတ်တော့မည်ဖြစ်ကြောင်း အယုံသွင်းပြောဆိုပြီး ခွန်ချို၊ ခွန်သာတို့ကို နန်းတင်ပေးလေသည်။ သို့သော် ဦးမင်းကျော်ခိုင်းသမျှ လုပ်ပါမည်ဟု ဝန်ခံကတိ ပြုခိုင်းပြီး သစ္စာရည်တိုက်လေသည်။

ထီးနန်းလည်း လွှဲ၊ သစ္စာရည်များလည်းတိုက်ပြီးသည့်နောက်ပိုင်းတွင် 'ကိုးမြို့ရှင်ကို ရှာဖွေပြီးဦးခေါင်းဖြတ်ခဲ့ရန်'ကို ဦးမင်းကျော်က ခွန်ချို၊ ခွန်သာတို့အား ခိုင်းစေလေတော့၏။ သူ၏ သစ္စာရည်ကိုသောက်ထားမိပြီးဖြစ်သော ခွန်ချို၊ ခွန်သာတို့ကလည်းကိုးမြို့ရှင်ကို လိုက်လံ ရှာဖွေကြရာ နောက်ဆုံး တွေ့ဆုံကြလေသည်။ သို့သော် ခွန်ချို၊ ခွန်သာတို့မှာ ကျေးဇူးရှင် မွေးစားဖခင်ဖြစ်သော ကိုးမြို့ရှင်၏ ဦးခေါင်းကိုမဖြတ်ရက်ကြပေ။ ထို့ကြောင့် ကိုးမြို့ရှင်က သစ္စာမိဋ္ဌာန်ပြုပြီး သူ၏ဦးခေါင်းကို သူကိုယ်တိုင်ဖြတ်၍ ခွန်ချို၊ခွန်သာတို့အား ပေးလိုက်လေသည်။

ခွန်ချို၊ ခွန်သာတို့လည်း ငွေးချိုတောင် စံကားဝါပင်စခန်း၌ ခေတ္တတဲနန်းဖြင့် အသင့်စောင့်ဆိုင်းနေသော ဦးမင်းကျော်ထံသို့ ကိုးမြို့ရှင်၏ ဦးခေါင်းကိုဆက်သလေသည်။ ထိုသို့ဆက်သနေစဉ် ကြိုတင်စီစဉ်ထားသည့်အတိုင်း ဦးမင်းကျော်သည် ခွန်ချို၊ ခွန်သာ



www.burmeseclassic.com

www.burmeseclassic.com



တို့ကို ဖမ်းဆီးပြီး မီး လောင်တိုက်သွင်း၍ သတ်လိုက်ရာ အစိမ်းနတ်များဖြစ်ကြရ၏။

ဤသို့အစိမ်းနတ်ဘဝ ရောက်သွားကြရသော ခွန်ချို၊ ခွန်သာတို့ကလည်း စိတ်နာကာ စံကားဝါပင်တို့ လှဲချလိုက်ရာ ဦးမင်းကျော်နှင့် သူ၏ အိမ်တော်ဝန် ဦးညိုတို့ စံကားပင်ပိ၍ သေဆုံးကြပြီး နတ်ဖြစ်လေသည်။

(အချို့မှတ်တမ်းများတွင်မူ ခွန်ချို၊ ခွန်သာ နတ်များက ကျားနှင့်တိုက်သတ်သောကြောင့် ဦးမင်းကျော် သေ ဆုံးပြီး နတ်ဖြစ်သည်ဟု ဆိုပါသည်။)

ကိုးမြို့ရှင်သည် နတ်ဘဝဖြင့် နှမဖြစ်သူ ပုလဲယဉ် အား သွားရောက်ကြည့်ရှုသောအခါ နှမ ပုလဲယဉ်မှာ အိမ်ထောင်ရှင်ဘဝ ရောက်နေရုံမျှမက သမီးလေး တစ်ယောက်ပင် ရနေပြီကို တွေ့ရသဖြင့် စိတ်ဆိုးသွား ၏။ ထိုသို့ စိတ်ဆိုးရခြင်းမှာလည်း ကိုးမြို့ရှင်နှင့် ပုလဲယဉ်တို့မှာ 'အစ်ကို တစ်သက်၊ နှမ တစ်သက်၊ အိမ်ထောင်ဖက်မရှာဘဲ လူပျို၊ အပျို ဘဝဖြင့် နေကြစ တမ်း'ဟု ကတိသစ္စာပြုထားကြသောကြောင့်ပင် ဖြစ် ၏။ နောက်ဆုံး ကိုးမြို့ရှင်သည် နှမတော် ပုလဲယဉ်အား လူ့ဘဝတွင် မထားတော့ဘဲ လိပ်ပြာ နုတ်၍ နတ်ဘဝ သို့ ခေါ်ဆောင်တော့၏။

ပုလဲယဉ်သည် နတ်ဘဝသို့ ရောက်ရှိသွား သော်လည်း သမီးကလေး သဲသဲကို မခွဲနိုင်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကြောင်ယောင်ဆောင်ပြီး ပုခက်အတွင်းသို့ ခုန်ချလိုက်ရာ သမီးလေး သဲသဲမှာ လန့်၍ သေဆုံးပြီး နတ်ဖြစ်ခဲ့သည်။ ယင်းကို သဲသဲလေးနတ်ဟူ၍ လည်းကောင်း မသဲလေးနတ် ဟူ၍ လည်းကောင်း ခေါ်ဝေါ်ခဲ့ကြပါသည်။

ပုလဲယဉ်၏ ခင်ပွန်းဖြစ်သူ မောင်လတ်မှာလည်း ဇနီးနှင့်သမီးသေဆုံးရ၍ ရင်ကွဲနာကျပြီး သေဆုံးကာ နတ်ဖြစ်ရပြန်သည်။

ထို့နောက် ခမည်းတော် မင်းလှစည်သူနတ်က သားတော် ကိုးမြို့ရှင်မှ လူ့ဘဝနေစဉ်က ကိုးမြို့၊ ကိုးတံခါး၊ ကိုးဖလားနှင့် ကိုးခားပိုင်သော အိမ်ရှေ့ စံကိုယ်တော်ကြီးဖြစ်သည့်အတိုင်း နတ်ဘဝ ရောက်လာသောအခါ၌လည်း တိုင်းသူပြည်သား၊ လူအများ ဘေးအန္တရာယ် မကပ်ရောက်ရအောင် ကာကွယ်စောင့်ရှောက်ရန်၊ မြို့ရွာစောင့်ကြပ်သော နတ်အဖြစ်လည်းကောင်း၊ နှမတော် ပုလဲယဉ်၊ ယောက်ဖ ဖြစ်သူ မောင်လတ်နှင့် တူမလေး သဲသဲလေးနှင့် ခွန်ချို၊ ခွန်သာ တို့ကိုလည်း ကိုးမြို့ရှင်၏ အခြွေအရံများအဖြစ်နေထိုင်ကြရန် အမိန့်ချမှတ်ပေးခဲ့ပါသည်။

ထိုမှအစပြု၍ ကိုးမြို့ရှင်ကို မြို့ရွာများအား စောင့်ကြပ်နေသော မြို့စောင့်နတ်ဖြစ်သည်ဟု ယုံကြည်ကြ၏။

၄ တူ တူး လေး စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကိုးမြို့ ကိုးတံခါး၊ ကိုးဖလားနှင့် ကိုးဓားပိုင်သော ကိုးမြို့ရှင်နှင့် ဆက်နွယ်ပတ်သက်ပြီး နတ်ဘဝသို့ ရောက်ခဲ့ကြရသော နတ် ၁၀-ပါးတွင် မြင်းတပ်မှူးဖြစ်ခဲ့သူ မင်းကျော်စွာ(ပခန်းဦးမင်းကျော်)မှ တစ်ပါး အခြားနတ်များမှာ အပြင် ၃၇-မင်း နတ်စာရင်းတွင် မပါဝင်ခဲ့ပေ။ သို့သော် ယနေ့လက်ရှိ နတ်ထိန်း၊ နတ်က တော်များသည် နတ်ကနားပွဲများပေးကြသောအခါတွင် ယင်း နတ်များအတွက် ပွဲဆက်ပြင်ဆင်ပသကြရပါသည်။ အချို့သော အိမ်များတွင် ရိုးရာအစဉ်အဆက်အရ ကိုးမြို့ရှင်ကိုယ်တော်ကြီး ၏ နန်းသဖွယ် ပြုလုပ်ထားပြီး ရှမ်းဘောင်းဘီနက်၊ ပျခမောက်၊ ဓားလွယ်များ ဆက်သထားတတ်သည်ကို တွေ့ဖူးမြင်ဖူးကြပေ လိမ့်မည်။

မင်းကျော်စွာခေါ် ဦးမင်းကျော်မှာ လူ့ဘဝနေစဉ်က ပခန်းမြို့ကို အပိုင်စားရသော မြို့စားဖြစ်သဖြင့် နတ်ဖြစ်သော အခါ ပခန်းမင်းကျော်စွာ ဟူ၍လည်းကောင်း၊ ပခန်းကိုကြီးကျော် ဟူ၍လည်းကောင်း ထင်ရှားသော နတ်တစ်ပါး ဖြစ်ပါသတည်း။

■



www.burmeseclassic.com

www.burmeseclassic.com

## ■ မြင်းဖြူရှင်နတ် မှုကွဲများ

မြင်းဖြူရှင်နတ် အမည်ဖြင့် နောက်ခံ သမိုင်းမှတ်တမ်းများတွင် မူကွဲလေးစောင်ကို တွေ့ရှိမှတ်သားရပါသည်။ ယင်းတို့မှာ. . .

(၁) ယမားမြင်းဖြူရှင်နတ်
(၂) ကန္နီမြင်းဖြူရှင်နတ်
(၃) ရွှေပြည်ရှင်မြင်းဖြူရှင်နတ်
(၄) ရွှေစစ်သင်မြင်းဖြူရှင်နတ်များပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## (၁) ယမားမြင်းဖြူရှင်နတ်

ပုပ္ပားနယ်တွင် ယမားချောင်းအမည်ရှိသော ချောင်းတစ်ခုမှာ ယနေ့တိုင်အောင် ရှိနေပါသေးသည်။ ယင်းဆင်တဲဝခေါ် ယမားချောင်းအတွင်းသို့ ပုပ္ပားနတ်တောင်အတွင်းရှိ ချောင်းပေါင်း ၉၉-ချောင်း ပေါင်း၍ စီးဆင်းနေကြရာ ချောင်းဝ အဟုန်မှာ အရှိန်ပြင်း ကြမ်းတမ်းလှ၏။ ပုပ္ပားတောင်ဆီသို့ မိုးညိုလာလျှင် ယမားချောင်းကို ခြေလျင်မဆိုထားနှင့် မြင်းနှင့်ပင်ဒုန်းစိုင်းပြီး ဖြတ်သန်းမကူးဝံ့ကြပေ။ ဤမျှလောက် ချောင်းရေအဟုန်မှာ မြန်ဆန်ပြီး ကြမ်းတမ်းလွန်းလှသောကြောင့် မည်သူမျှ လွတ်မြောက်ခဲ့သည်ဟု မရှိခဲ့ပေ။

ပုဂံနယ် ၉၉-ရွာတွင် မြင်းစီးအတတ်၌ တစ်ဖက်ကမ်းခတ်၍ ပြိုင်ဘက်မရှိအောင် ကျွမ်းကျင်လိမ္မာသူဖြစ်သဖြင့် မြင်းသည်ကျော်မြင်းသည်လှ ဘွဲ့ကိုရရှိသော မြင်းကုန်သည်မှူးကြီး ဖိုးကျော်လှဆိုသူ တစ်ဦးရှိ၏။ တစ်နေ့သောအခါ ဖိုးကျော်လှသည် ပြိုင်ဘက်များနှင့် အလောင်း အစားပြုပြီး ပုပ္ပားတောင်ဆီသို့ မိုးညိုနေစဉ်သူ၏ စိတ်တိုင်းကျ ရွေးချယ်ထားသော နာမည်ကျော်မြင်းလျင်မြင်းဖြူကြီးကို စီးကာ ၉၉-ချောင်း ပေါင်း၍ စီးကျ ဆင်တဲဝ၊ ၉၉-ရွာမရ၊ မြင်းသည်တော် မြင်းသည်လှ တူ



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်းဝါးကာ မြင်းကို ကြိမ်သွင်း၍ ယမားချောင်းကို အတင်း ဒုန်းစိုင်းဖြတ်ကူးလေသည်။

ထိုအခါ မြင်းခွာလေးဖက်တွင် ခွာသုံးဖက် လွတ်မြောက်သွားသော်လည်း နောက်ခွာတစ်ဖက်မှာ အထက်က အရှိန်ဖြင့် စီးကျလာသော ယမားချောင်း ရေ မလွတ်သောကြောင့် မြင်းရော လူပါ လိမ့်ကျပါသွား ပြီး သေဆုံးကာ မြင်းဖြူရှင်နတ်ဖြစ်လာသည်ဟု ဆို၏။ ယင်းကို ယမားမြင်းဖြူရှင်နတ်ဟုခေါ်ကြသလို အညာနတ် ဟုလည်းခေါ်သည်။

(မည်သည့်ခေတ်၊ မည်သည့်မင်းလက်ထက်ဟူ၍ တိကျ ခိုင်မာသော မှတ်တမ်းကိုမူ ရှာဖွေမတွေ့ရှိရပေ။)

## (၁) ကန္နီမြင်းဖြူရှင်နတ်

အိန္ဒိယနိုင်ငံဘက်မှ မင်းသားတစ်ပါးသည် ရာဇဝတ် အပြစ်ဒဏ်ဖြင့် နှင်ထုတ်ခြင်းခံရသဖြင့် မြန်မာနိုင်ငံ ချင်းတွင်းနယ်၊ ကလေးအရပ်ဒေသသို့ ရောက်ရှိလာ ၏။ ကလေးအရပ်ဒေသမှာ တောင်များဖြင့် ပတ်ရံ ကာ ဝိုင်းလျက်ရှိရာ မိမိ၏ နေရင်းဒေသ မင်းနေပြည်နှင့် တူသောကြောင့် ယင်းနေရာမှာပင် မြို့တည်ကာ ကလေးတောင်ညို ရာဇဂြိုဟ်ဟု သမုတ်ကာ စိုးစံနေ လေသည်။ ထိုသို့ မင်းပြုစိုးစံနေရာမှ မြေးဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဖိုးမင်းဖြူကို တောင်ဘက် ကန္တီအရပ်သို့ စေလွှတ်ကာ မြို့ပြ တည်ထောင်ခိုင်းလေရာ ဖိုးမင်းဖြူသည် ချင်းတွင်း မြစ်ကမ်းပါးတောင်ထိပ်၌ မြို့ပြတည်ထောင်၍ နေထိုင်လေသည်။

ယင်းအကြောင်းကို ပုဂံမင်းနေပြည်တော်မှ ကြားရ၍ လာရောက်တိုက်ခိုက်သောအခါ ဖိုးမင်းဖြူဘက်မှ အရေးရှုံးနိမ့်ခဲ့၏။ ဖိုးမင်းဖြူသည် ရန်သူ၏ အဖမ်းအဆီးကို မခံလိုသဖြင့် လူယုံတော် အခြွေအရံများနှင့် တစ်ကွ မြင်းကိုယ်စီစီးကာ မြင်း၏ မျက်လုံးတို့ကို ဝတ်ဆင်ထားသော ပုဆိုးစတို့ဖြင့် ဖုံးအုပ်ပြီးတောင်ကမ်းပါးထိပ်မှ ချင်းတွင်းမြစ်အတွင်းသို့ မြင်းနှင့် ဒုန်းစိုင်းကာ ခုန်ချလိုက်ကြရာ အားလုံး သေဆုံးပြီး နတ်ဖြစ်သည်။

ကန္တီနယ်တွင် ယနေ့တိုင်အောင် ဖိုးမင်းဖြူနတ်ဟူ၍ လည်းကောင်း၊ မြင်းဖြူနတ်ရှင် ရွှေမြင်းဖြူနတ်ဟူ၍လည်းကောင်း ခေါ်ကြသည်ကို သိရှိရ၏။

ယင်းနတ်နှင့်ပတ်သက်၍ သမိုင်းနောက်ခံအဖြစ် ပုဂံမင်း၏အမည်နှင့် သက္ကရာဇ်တို့ကို တိတိကျကျရှာဖွေမတွေ့ရှိရသော်လည်း ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်ရင်း ထိုကန္တီဒေသသို့ ရောက်သောအခါ ဖိုးမင်းဖြူနှင့်တကွ နောက်ပါလူယုံများပါ အစိမ်းနတ် ဘဝနှင့် မြင်းကိုယ်စီစီးကာ



www.burmeseclassic.com

www.burmeseclassic.com



တောင်ထိပ်ပေါ်မှ ကိုယ်ထင်ပြပြီး သူတို့၏ ဘဝဖြစ်စဉ်ကိုလျှောက်ထားကြ၏။ ထိုအခါ အလောင်းစည်သူမင်းကြီးက နတ်ကွန်း၊ နတ်နန်းများ ဆောက်လုပ်ပေးပြီး အပိုင်စားနယ်များ သတ်မှတ်ပေးထားခဲ့သည်ကို မှန်နန်းရာဇဝင်တော်ကြီးတွင် တွေ့ရှိရခြင်းဖြင့် အလောင်း စည်သူမင်း မတိုင်မီကဟု သတ်မှတ်လိုက သတ်မှတ်နိုင်ပါသည်။

ဒေသခံ ကန္တီနယ်တစ်ခွင်တွင်မူ ယင်း ဖိုးမင်းဖြူနတ်၊ သို့မဟုတ် မြင်းဖြူရှင်နတ်၊ သို့မဟုတ် ရွှေမြင်းဖြူနတ်ကိုမူ အလွန်ခံ့ညားရှိသေကြကြောင်း သိရှိရပါသတည်း။

## (၃) ရွှေပြည့်ရှင်မြင်းဖြူရှင်နတ်

ပုဂံခေတ် မင်းယဉ်နရသိင်္ခ(၅၃၃-၅၃၆)လက်ထက်တွင် မြင်စိုင်းဝက်ဝံအရပ်မှ ပြောလူမျိုးများသည် တောတွင်းသို့ ထင်းခုတ်သွားရာမှ ဝါးလုံးကြီးတစ်ခုအတွင်းမှ ရုပ်ဆင်း အင်္ဂါ လက္ခဏာနှင့် ပြည့်စုံသော သန္ဓေသူမိန်းကလေးတစ်ယောက်ကို တွေ့ရ၏။ ပြောလူမျိုးများသည် ယင်းမိန်းကလေးကို ပုဂံမင်း မင်းယဉ်နရသိင်္ခအား ဆက်သကြရာ မင်းကြီးက နားပျက်ကျယ်သည်ဖြစ်၍ ဆိုကာ သူ၏ ညီတော် အိမ်ရှေ့မင်း နရပတိစည်သူအား ပေးစေသည်။



www.burmeseclassic.com

www.burmeseclassic.com



မယ်တော်မိဖုရားကြီးကလည်း ယင်းမိန်းကလေးကို ဝေဠုဝတီဟု အမည်ပေးကာ ကြည့်ကောင်းအောင် ပြု ပြင် ပြင်ဆင်ပေးခဲ့၏။ တစ်နေ့တွင် မယ်တော်မိဖုရား ကြီးသည် ချွေးမတော်ဝေဠုဝတီကိုခေါ်၍ နန်းတွင်းသို့ ဝင်သွားသောအခါ မင်းယဉ်နရသိင်္ခသည် ယခင်ခေါ် လာစဉ်ကနှင့်မတူ တစ်မူထူးခြားလှပနေသော ခယ်မ တော် ဝေဠုဝတီအပေါ်၌ တပ်မက်စိတ်ဖြစ်ပေါ်လာ လေသည်။ ထို့ကြောင့် ညီတော် နရပတိစည်သူအား 'ငဆောင်ချမ်း အရပ်၌ သူပုန်များထကြွ သောင်းကျန်း နေ၍ ညီတော်ထွက်ပြီး နှိမ်နင်းရမည်'ဟု ဥပါယ်တံမျဉ် ဖြင့် စစ်ချီစေလေသည်။

သို့သော် ညီတော် နရပတိစည်သူက နောင်တော် ၏ မရိုးသားမှုကို သံသယရှိတော်မူသဖြင့် ကျွန်ယုံမြင်းခံ ပြေည့်အား သူ၏ မြင်းတော်ကို အပ်ခဲ့ပြီး 'ငါ၏ အိမ် တော်မှာ အမှုအခင်းကိစ္စထူး တစ်စုံတစ်ရာ ရှိလာပါက အလျှင်အမြန် လိုက်ခဲ့ရမည်'ဟု အမှာစကား ထားပြီး စစ်ထွက်ခဲ့လေသည်။

သစ်ဆိမ့်သို့ ရောက်သောအခါ ငဆောင်ချမ်း တွင် သူပုန်ထကြွခြင်း မရှိသဖြင့် နောင်တော်မင်းယဉ် နရသိင်္ခ၏ မကောင်းကြံမှန်းသိရှိရာကာ စစ်သည်ရဲမက် များအား သစ္စာပေးပြီး သွေးစည်းခဲ့၏။

သစ်ဆိမ့်သို့ ညီတော်နရပတိစည်သူ ရောက်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ကြားတော်မူလျှင် မင်းယဥ်နရသိခ်သည် ခယ်မတော် ဝေဠုဝတီကို အတင်းသိမ်းပိုက်ကာ မိဖုရား မြှောက်လေသည်။ ထိုအခါ ကျွန်ယုံ မြင်းခံပြေည့်သည် နံနက်အရုဏ်တက် အချိန်တွင် မြင်းသူတော်ကို စီးပြီး ခရီးပြင်းနှင်ခဲ့ရာ မွန်းမတည့်မီ ပရိမ္မရွာသို့ ရောက်ရှိခဲ့၏။ ယင်းမှဆက်လက်၍ ဟန်လင်းသို့ လာခဲ့ရာ ငါး ဘတ်ချောင်းကို နေဝင်ရီတရော အချိန် ရောက်ရှိခဲ့ သည်။ သို့သော်လည်း မြင်းသူတော်မှာ ပင်ပန်းလွန်း နေသည်ကို သနားသောကြောင့် ချောင်းကမ်းဘေး တောင်ခြေ၌ အပန်းဖြေအိပ်စက်လေသည်။

မြင်းသူတော်မှာ ချောင်းကမ်းဘေး တစ်ဖက် ၌ ရှိနေသော သံခင်နရပတိစည်သူ၏ အနံ့ကို ရသဖြင့် တစ်ညဥ့်လုံး 'ဟီ'၍သာ နေလေ၏။

မြင်း၏'ဟီ'သံကို ကြားနေရသော နရပတိ စည်သူလည်း တစ်ညဥ့်လုံး စက်တော်မခေါ်နိုင်ဘဲ 'ငါ့ မြင်းသူတော်၏ အသံမှန်ပါက ဤအုန်းတော်သည် မလွဲမသွေပေါက်ပါစေသား'ဟု အဓိဋ္ဌာန်ပြုပြီး လက် တော်နှင့် အုန်းတော်ကို သပ်လိုက်ရာ အုန်းတော် ပေါက် သွားတော့၏။ ထိုအရပ်ကို မလွဲအုန်းပေါက် ဟု ယနေ့တိုင်အောင် ခေါ်နေကြပေသေးသည်။ မြင်းခံ ပြေည့်လည်း နံနက်စောစောထလာခဲ့ရာ နရပတိစည်သူ၏ ရှေ့တော်သို့ ရောက်ရှိ၍ ဖြစ်ကြောင်းကုန်စင်းတော်



www.burmeseclassic.com

www.burmeseclassic.com


ဦးတင်လေ၏။ ထိုအခါ နရပတိ စည်သူက 'မောင်မင်း ညက ဘယ်မှာအိပ်သနည်း'ဟု မေးတော်မူရာ 'အချိန် မလှသည်နှင့် တောင်ခြေမှာ အိပ်ပါသည် ဘုရား' ဟု လျှောက်တင်လေသည်။

သည်တွင် မယားစိတ်မွန်နေသော နရပတိ စည်သူက 'ငါနေသောနေရာနှင့် အနီးကလေးရောက် ခါမှ အိပ်နေရမည်လော၊ မင်းတို့မည်သည် တစ်ခဏ ချင်းမှာပင် အကြံ အစည်ပေါင်းမြောက်များစွာ ပြီးစီး အောင်ကြံစည်နိုင်သည်ကို သင်မသိလော'ဟု အပြစ်ဆို ကာ ပြေည့်အား သူ၏ စစ်မှူးတစ်ဦးဖြစ်သူ ငအောင်စွာ ကို ကွပ်မျက်စေခြင်းဖြင့် သေဆုံးကာ နတ်ဖြစ်သည်။

ပြေည့်၏ အလောင်းကို ရေ၌ မျှောလိုက်ရာ ကျွန်းတစ်ကျွန်း၌တင်၍ နေသောကြောင့် ထိုကျွန်းမှာ ပင် သင်္ဂြိုဟ်လိုက်ရ၏။ ထိုကျွန်းကို **ရွှေပြည်ရှင်ကျွန်း** ဟူ၍ လည်းကောင်း၊ မြင်းခံပြေည့်အိပ်ခဲ့သော တောင် ကို **မြင်းနခံတောင်**ဟူ၍ လည်းကောင်း ယခုတိုင်ခေါ် ကြပါသည်။ ပြေည့်နတ်ကိုလည်း **မြင်းဖြူရှင်နတ်** ဟု ခေါ်ကြကြောင်း သိရှိရပါသတည်း။

## (၄) ရွှေစစ်သင်မြင်းဖြူရှင်နတ်

ပုဂံမင်းဆက်၏ နောက်ဆုံးမင်းဖြစ်သော စောနွံ

ပူ တူ တူး လေး စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com


နစ်မင်း (၆၈၃-၇၃၀)လက်ထက်တွင် နိုင်ငံမငြိမ်မသက် ထကြွဆူပူသောင်းကျန်းသောအရေးကို စောမွန်နစ်မင်းသည် သားတော် ရွှေစစ်သင်ကို စစ်ချီစေလေသည်။ သို့သော် ရွှေစစ်သင်သည် တပ်တော်များနှင့် စစ်ရေးငင်ခြင်းမပြုဘဲ ပေါ့လျော့စွာ ကြက်တိုက်ကစားနေလေသည်။ ထိုအမှုကို ခမည်းတော် စောမွန်နစ် သိရှိတော်မူ၍ အမျက်ထွက်ကာ မြေကြီးကို တွင်းတူးပြီး ခန္ဓာကိုယ်တစ်စိတ်တစ်ပိုင်းကို မြှုပ်နှံ၍ အကျဉ်းချထားရာမှ သေဆုံးပြီး နတ်ဖြစ်သည်။

ယင်း ရွှေစစ်သင်နတ်သည် အဖြင့် ၃၇-မင်းနတ်စာရင်းတွင် ပါဝင်သော နတ်တစ်ပါးဖြစ်ပါ သည်။ မဟေသဟာကျမ်း၌ ရွှေစစ်သင်နတ်ကိုပင် မြင်းဖြူရှင်နတ်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသတည်း။

■


www.burmeseclassic.com

www.burmeseclassic.com

## ■ ရေငန်ပိုင်ဦးရှင်ကြီးနှင့် ဆက်နွှယ်ခဲ့သောနတ်များ

ဦးရှင်ကြီးနတ်မှာ ရွှေစည်းခုံဘုရား ရင်ပြင် တော်တွင် ကိုးမြို့ရှင်နတ်၊ လှိုင်းတက်သာဂရနတ် တို့နှင့်အတူယှဉ်၍ ထုလုပ်ထားသော်လည်း အပြင် ၃၇-မင်း နတ်စာရင်းတွင် မပါရှိပေ။ ဦးရှင်ကြီး နတ်နှင့် သမိုင်းနောက်ခံ ကွင်းဆက်နတ် များမှာ. . .

(၁) ဦးရှင်ကြီးနတ်
(၂) မယ်ဖြူနတ်
(၃) အဘိုးနတ် တို့ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## (၁) ဦးရှင်ကြီးနတ် (ရေငန်ပိုင်)

ဟံသာဝတီ မဲခူးနယ်၊ စည်တီးရွာသား မောင်ရှင်သည် ငယ်ရွယ်စဉ်ကပင် ဖခင်ဖြစ်သူ သူကြီး ကွယ်လွန်သွားခဲ့သည်။ သူသည် စောင်းအတတ်ကို ငယ်စဉ်ကပင် ထူးချွန်စွာ တတ်ကျွမ်းခဲ့သူဖြစ်ပါသည်။ ထို့ကြောင့် ဖခင်သူကြီး ကွယ်လွန်သွားသောအခါ မိခင်မုဆိုးမကြီး ဒေါ်ဖြူကို သူ၏ စောင်းအတတ်ပညာဖြင့် ဆင်းရဲနွမ်းပါးစွာ ရှာဖွေကျွေးမွေးနေသူ ဖြစ်၏။ မောင်ရှင်မှာ ရှင်သာမဏေပင် မပြုရသေးပေ။ မိခင်ဖြစ်သူ ဒေါ်ဖြူမှာ ခင်ပွန်းဖြစ်သူ မကွယ်လွန်မီက အစ်မဖြစ်သူ ဒေါ်သူကို ချေးငှားထားသော ငွေသုံးပိဿာအား သား ရှင်ပြုရန် အတွက် ပြန်တောင်းရာ ဒေါ်သူက ဆူပူကြိမ်းမောင်း၍ နှင်လွှတ်လိုက်ပြန်သည်။

ထို့ကြောင့် ဒေါ်ဖြူမှာ ရှက်လည်းရှက်၊ နာကြည်းစိတ်ဖြင့် နေရင်း ရပ်ရွာတွင် နေချင်စိတ်မရှိတော့ဘဲ သားမောင်ရှင်ကို ခေါ်၍ ဒလမြို့သို့ သွားရောက်နေထိုင်ကြလေသည်။ ထိုသို့နေထိုင်ရာမှ မောင်ရှင်သည် မိခင်ကြီး၏ ဆန္ဒ ပြည့်ဝနိုင်ရေးအတွက် ရှင်သာမဏေပြုရန် ငွေကြေးအတွက် မျောခုတ်သမား အဖြစ်ဖြင့် မိန်းမလှကျွန်းသို့ လိုက်ပါသွား၏။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမလှကျွန်းမှာ ဘိုကလေးမြို့နယ်တွင် ထင်ရှားသော ကျွန်းဖြစ်၏။ ယင်းမိန်းမလှကျွန်း၏ တောင်ဘက်တွင် ကျွန်းညိုကြီး တစ်ကျွန်းရှိသည်။

မောင်ရှင်တို့ မသွားရောက်မီပင် မိန်းမလှကျွန်း၌ ကရင်မုဆိုးမကြီး၏ သမီးလေးယောက်မှာ ကျွား ကိုက်ခံရပြီး သေဆုံးကာ အစိမ်းနတ်အဖြစ်ဖြင့် မိန်းမလှကျွန်းကို စောင့်ရှောက်လျက်ရှိ၏။

မိန်းမလှကျွန်း၌ မျောမျှား ခုတ်ယူနေစဉ် တစ်နေ့၌ အခြားသူများ မျောခုတ်သွားကြ၍ မောင်ရှင်မှာ လှေစောင့်အဖြစ် ကျန်ရစ်ခဲ့၏။ မောင်ရှင်မှာ တစ်ယောက်တည်း ပျင်းနေသဖြင့် အသင့်ပါလာသော သူ၏စောင်းကိုထုတ်ပြီး တီးခတ်သောအခါ မိန်းမလှကျွန်းကို စောင့်နေကြသော နတ်သမီးလေးယောက်က မောင်ရှင်အား သဘောကျသွားကြလေသည်။ ထို့နောက် မျောမျှားစွာခုတ်ပြီးကြ၍ လှေထွက်မည်လုပ်ကြရာ လှေမှာ ထွက်မရအောင် နတ်သမီးများက ဆွဲထားကြလေသည်။ အားလုံး သဘောတူ မဲချကြသောအခါ မောင်ရှင်ပင် သုံးကြိမ်သုံးခါ မဲကျသဖြင့် လှေသူကြီးက မောင်ရှင်ကို ရေစာကျွေးလိုက်တော့၏။

သို့သော် မောင်ရှင်မှာ ရေထဲသို့ မရောက်မီမှာပင် ပျောက်သွားပြီး အရှင်လတ်လတ် နတ်ဖြစ်သွားခဲ့၏။ ယင်းအချိန်မှစ၍ ရေငန်ပိုင်ဦးရှင်ကြီး ဟူ၍



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ ကျွန်းညို့ရှင် ဟူ၍လည်းကောင်း ခေါ်ဆိုကြပါသည်။

ရေငန်ပိုင်ဦးရှင်ကြီးမှာ အပြင် ၃၇-မင်း နတ်စာရင်းတွင် မပါဝင်ခဲ့သော်လည်း နတ်ထိန်း၊ နတ်ကတော်များက နတ်ကနားပွဲများ ကျင်းပပြုလုပ်သောအခါ ရေငန်ပိုင်ဦးရှင်ကြီးအား တင်မြှောက်ပသလေ့ရှိကြပါသည်။

## (၂) မယ်ဖြူနတ်

ရေငန်ပိုင်ဦးရှင်ကြီး၏ မိခင် ဒေါ်ဖြူဖြစ်ပါသည်။ သားမောင်ရှင်အဖြစ်ကို သိရသောအခါ ရင်ကွဲနာကျပြီး သေဆုံးကာ နတ်ဖြစ်သည်ဟု သိရှိရ၏။

မယ်ဖြူနတ်မှာ အပြင် ၃၇-မင်း နတ်စာရင်းတွင် မပါဝင်ပါ။ သို့သော် တောင်ပြုန်းနယ်၌ ထင်ရှားသော နတ်ဖြစ်ကြောင်း သိရပါသည်။

## (၃) အဘိုးနတ်

ရေငန်ပိုင်ဦးရှင်ကြီးကဲ့သို့ပင် ရေငန်ဒေသ ပင်လယ်ပိုင်း၌ ထင်ရှားသော နတ်တစ်ပါးဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝက မုဆိုးတံငါအလုပ်ဖြင့် အသက်မွေးသူ ဖြစ်၏။ ရပ်ရွာ၌ နတ်ကနားပွဲများ ပေးသောအခါ ယင်းအတွက် တစ်ပွဲသတ်သတ် တင်မြှောက်ကြရသဖြင့် လူ့ဘဝကပင် သူ့ကို တစ်ပွဲစားကြီး ဟူ၍ ကျော်ကြားခဲ့သူပင် ဖြစ်လေသည်။ တစ်နေ့သောအခါ နောက်ပါလူများနှင့် အမဲပစ်ရန် တောသို့သွားကြစဉ် နောက်ပါလူများရှေ့မှာပင် ပျောက်သွားပြီး နတ်ဖြစ်သွားသည်ဟု ဒေသခံများ၏ အစဉ်အဆက်ပြောကြသည်ကို မှတ်သားရဖူးပါသည်။

မြစ်ဝကျွန်းပေါ်ဒေသ၊ ပင်လယ်ပိုင်း၌ ရေလမ်းခရီးသွားကြ သူများနှင့် ရေလုပ်ငန်းဖြင့် အသက်မွေးကြ သူများသည် အဘိုးအား အဘွားအားကိုးအားထားပြုကာ တင်မြှောက်ပသလေ့ရှိကြ၏။

ရေငန်ပိုင်ဦးရှင်ကြီးကို ဆွမ်းတင်မြှောက်ကြသော အခါတွင်လည်း အဘိုးအတွက် အောက်ပွဲတစ်ပွဲ သတ်သတ် တင်မြှောက် ပသရပါသည်။

ယင်းသို့ အဘိုးကိုတင်မြှောက်သောအခါ 'အဘိုး. . . အဘိုး. . . အဘိုး'ဟု ကျယ်လောင်စွာ သုံးကြိမ်အော်ခေါ်ပြီး တင်မြှောက်ကြကြောင်းသိရ၏။ ထိုသို့ အော်ခေါ်ပြီး တင်မြှောက်ရခြင်းမှာလည်း အဘိုးသည် အသက်ကြီး၍ နားလေးသောကြောင့်ဖြစ်သည်ဟု သိရှိရပါသတည်း။

■



www.burmeseclassic.com

www.burmeseclassic.com

## ■ ဖျာလိပ်ရှင် မအောင်ဖြူနှတ်နှင့် ဆက်နွယ်ပတ်သက်သော နတ်များ

အမျိုးသမီးများအပိုင်းတွင် အထူးထင်ရှားသော နတ်မှာ ဖျာလိပ်နတ်ရှင်မအောင်ဖြူ (မ အောင်ဖြူ)နတ်ပင် ဖြစ်ပါသည်။ ယင်း ဖျာလိပ် နတ်ရှင် မအောင်ဖြူနှင့် ဆက်နွယ် ပတ်သက်ခဲ့သော နောက်ခံသမိုင်းပါကွင်းဆက်နတ်များမှာ. . .

(၁) ဖျာလိပ်နတ်ရှင်မအောင်ဖြူ (မအောင်ဖြူ) နတ်
(၂) သုံးပန်လှနတ်
(၃) ကြက်သမားနတ်

တို့ပင်ဖြစ်ကြပါသည်။





www.burmeseclassic.com

www.burmeseclassic.com



## (၁) ဖျာလိပ်နတ်ရှင်မအောင်ဖြူ(မအောင်ဖြူ)နတ်

ပုဂံခေတ်ကျစွာမင်း (၅၉၆-၆၁၂) လက်ထက်တွင် အောက် မြန်မာနိုင်ငံရှိမြို့သုံးမြို့ကို အပိုင်စားရသော သုံးမြို့ရှင်သည် ဟံသာဝတီမြို့ကို မြန်တည်ရာတွင် မြို့ရိုးတံတိုင်း ထူမရသောကြောင့် ပညာရှိ ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့ကို မေးမြန်းတော်မူ၏။ (အချို့ မှတ်တမ်း မှုကွဲများတွင် သာယာဝတီမြို့ တည်စဉ်ကဟု ဆိုပါသည်။)

ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့က 'အချိန်အခါကျ လျှင် အောင်ပါသော တနင်္ဂနွေသမီးတစ်ယောက် ဖျာလိပ်ကိုပွေ့၍ လာပါလိမ့်မည်။ ထိုတနင်္ဂနွေသမီးကို စတေးလိုက်ပါက မြို့ရိုးတိုင်ထူ၍ အောင်ပါလိမ့်မည်'ဟု လျှောက်ထားကြရာ လျှောက်ထားသည့်အတိုင်း ပြုလုပ်ရမည်ဟု သုံးမြို့ရှင်က မိန့်တော်မူ၏။ ယင်းအမိန့်အရ အမှုထမ်းများက မလစ်ဟင်းအောင် မပြတ်စောင့်ဆိုင်းနေကြရလေသည်။

## (၂) သုံးပန်လှနတ်

သုံးမြို့ရှင် မြို့စားမင်းတွင် တူတော်သော ပညာစလ ဟူသော အမတ်တစ်ယောက်ရှိ၏။ ပညာစလအမတ်



www.burmeseclassic.com

www.burmeseclassic.com



သည် မြို့ဝန်၏ သမီးကိုမယူဘဲ သူကြီးသမီး မအောင်ဖြူကို ယူလိုက်ရသောကြောင့် မြို့ဝန်မင်းက ပညာဗလအပေါ် ရန်ငြိုးထားခဲ့၏။ ထို့ကြောင့် 'ပညာဗလအမတ်သည် သုံးမြို့စားရှင်အား လုပ်ကြံလိမ့်မည်'ဟု မြို့ဝန်မင်းက သုံးမြို့ရှင်အား ကုန်းချောစကား ပြောလေရာ သုံးမြို့ရှင်မှ ယုံကြည်တော်မူသဖြင့် တူတော်မောင်ပညာဗလ အမတ်အားဖမ်းဆီး၍ အကျဉ်း ချထားလေသည်။ ထိုမျှမက ပညာဗလအမတ်၏ နှမဖြစ်သူ မမင်းလှကိုလည်း သုံးမြို့ရှင်က သိမ်းပိုက်ရန် ကြံစည်ပြန်ပါသည်။

သို့သော် မမင်းလှသည် ဦးရီးတော် သုံးမြို့ရှင်သိမ်းပိုက်မှုကို လက်မခံဘဲ အသက်ကိုအောင့်၍ အဆုံးစီရင် လိုက်ရာမှ **သုံးပန်လှနတ်** ဖြစ်ခဲ့ပါသည်။ သုံးပန်လှနတ်သည် အပျိုဘဝနှင့်သေဆုံးပြီး နတ်ဖြစ်ခဲ့သဖြင့် သမီးရည်းစားစုံတွဲနေထိုင်မှုများ၊ အချစ်နှင့် ပတ်သက်သော အမှုကိစ္စမှန်သမျှကို မကြိုက်ဟု ဆိုရိုးစကားရှိကြောင်း သိရ၏။

မအောင်ဖြူသည် လင်ယောကျ်ား ရာဇဝတ်သင့်ကြောင်း ကြားသိရသောအခါ တွေ့ဆုံရန် ဖျာလိပ်ကိုပိုက်ပြီး လိုက်လာခဲ့လေသည်။ ထိုသို့ လိုက်လာခဲ့ရာ မအောင်ဖြူသည် စောင့်ဆိုင်းနေသော မင်းမှုထမ်းများအနီးသို့ရောက်သော် မင်းမှုထမ်းများက ဖမ်းဆီးမိမိမြန်းသောအခါ အောင်ပါသော တနင်္ဂနွေသမီးဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် မအောင်ဖြူအား မြို့ရိုးတံတိုင်းထူမည့်တွင်းသို့ ထည့်ပြီးစတေးလိုက်တော့၏။

မအောင်ဖြူသည် စတေးမခံရမီတွင် 'အပြစ်မရှိသော မိမိအား စတေးသည့်အတွက် ဟံသာဝတီနယ်တွင် (မူကွဲ မှတ်တမ်းများတွင် သာယာဝတီနယ်ဟု ဆို၏။) လူဖြစ်ပါက ဆိုးသွမ်းသောသူများ၊ တိရိစ္ဆာန်ဖြစ်ပါက တိရိစ္ဆာန်ဆိုးများသာ ဖြစ်ကြပါစေ၊ ကြီးပွားချမ်းသာခြင်းလည်း မရှိကြပါစေနှင့်'ဟု ကျိန်ဆိုသွားခဲ့၏။ တစ်ဆက်တည်းမှာပင် 'လင်ကိုချစ်သော မိမိသည်လည်း ဖြစ်ရာဘဝတွင် မိမိ၏လင်ယောကျာ်းနှင့် ပေါင်းသင်းရပါစေသား'ဟု ဆုတောင်းသွားလေသည်။

သူမ၏ ကျိန်စာနှင့်ဆုတောင်းသည် ထိရောက်၍ ပြည့်ဝသည်ဟု ဆိုရပါမည်။ ဆုတောင်းသည့်အတိုင်းပင် မအောင်ဖြူသည် ဘီလူးမဘဝသို့ ရောက်ရှိသွားပြီးနောက် ထောင်သွင်းအကျဉ်းချခံနေရသူ သူမ၏ယောကျာ်း ပညာဗလကို တန်ခိုးဖြင့် ထုတ်ဆောင်ပြီး သူမ ပိုင်ဆိုင်ရာနယ်သို့ ခေါ်ယူသွား၍ ပေါင်းသင်းနေထိုင်ကြရာမှ သားတစ်ယောက်ရခဲ့၏။

ဘီလူးမနှင့် လူသား ပေါင်းသင်း၍ ရသောကြောင့် အရွယ်ရောက်လာသောအခါ ခြေဖဝါးသည် တစ်တောင်ရှိ၏။ ခွန်အားဗလလည်း ကြီးမားလှသဖြင့် ဆင်ကိုဖမ်း၍ အစွယ်ကို ချိုးပစ်နိုင်လောက်သည့်



www.burmeseclassic.com

www.burmeseclassic.com



အစွမ်းသတ္တိနှင့်လည်း ပြည့်စုံပေသည်။ ထို့ကြောင့် **ခြေရာတစ်တောင် မောင်မဲခေါင်ဟု အမည်တွင်၏။**

ခြေရာတစ်တောင်မောင်မဲခေါင်သည် သူ၏ ဖခင် က ပြောပြသဖြင့် လူသားများနေထိုင်ရာဒေသသို့ သွားလိုလှ၏။ မိခင်မှာလည်း ဘီလူးမ ဖြစ်မှန်းသိနေသဖြင့် ပို၍ပင် သွားချင်နေလေသည်။ တစ်နေ့တွင် မယ်တော် သစ်သီးရှာ သွားခိုက်ဖခင်ကိုထမ်းကာ လူတို့နေထိုင်ရာဒေသသို့ ပြေးလေတော့သည်။

မိခင်ဘီလူးမသည် ပြေးမှန်းသိလျှင်သိချင်း လိုက် သော်လည်း သူမ ပိုင်နက်ကို လွန်မြောက်သွားပြီ ဖြစ်သောကြောင့် မီအောင်မလိုက်နိုင်တော့ပေ။ ဤသို့ဖြင့် လင်နှင့်သားကိုခေါ် ရင်း အော်ရင်နှင့် ရင်ကွဲနာကျကာ သေဆုံးခါနီးတွင် လူ့ဘဝက မအောင်ဖြူ ဖြစ်စဉ်ကကျန်ရှိခဲ့သော ဖျာလိပ်ကို သတိရသည့် စွဲလမ်းမှုများကြောင့် **ဖျာလိပ်နတ် ရှင်မအောင်ဖြူ** ဖြစ်ခဲ့ရလေသည်။

ဖျာလိပ်နတ်ရှင် မအောင်ဖြူကို တင်မြှောက် သောအခါ အုန်း၊ ငှက်ပျောပွဲပြင်ဆင်၍ ပွဲရှေ့တွင် ဖျာလိပ်သစ်ကို ထဘီ၊ အကျီ၊ ဆံတု၊ ဘီး စသော အမျိုးသမီးအသုံးအဆောင် အဝတ်အစားများကို လူကဲ့သို့ဝတ်ဆင်ပေးပြီး ကျောက်ပျဉ်၊ မှန်၊ သနပ်ခါးတုံး များ အသင့်ထားရသည်။ သို့သော် လင်နှင့် သားကို

www.burmeseclassic.com



စိတ်နာ၍ သေဆုံးသူဖြစ်သောကြောင့် ထိုသို့ တင်မြှောက်သောအခါ၌ ယောကျ်ားများကိုင်တွယ်ခြင်း မပြုရပေ။

ဖျာလိပ်နတ်ရှင်မအောင်ဖြူမှာ အမျိုးသမီးလောက တွင် အထူးထင်ရှားသော နတ်ဖြစ်ပါသည်။ အပျိုပေါက်၊ အပျိုလတ်၊ အပျိုကြီးများသည် တစ်ခါတစ်ရံ စုရုံးကြပြီး 'မည်သည့်အမျိုးသမီးကို ယင်းတို့ရည်မှန်းထားသူနှင့် အကယ်၍ ပေါင်းရမည်ဆိုပါက မအောင်ဖြူအရှင်မကြီးက ဘယ်နှစ်ချက် ရိုက်ပြတော်မူပါ' အစရှိသဖြင့် မိမိတို့ မေးချင်ရာ မေးမြန်းကြလေသည်။ မေးသည့်အခါတိုင်းလည်း ဖျာလိပ်နတ်ရှင်မအောင်ဖြူက ရိုက်ပြသည်ဟု ဆိုပါသည်။ ဤသို့ဖြင့် ဖျာလိပ်နတ်ရှင်မအောင်ဖြူကား ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်လို အမျိုးသမီးတိုင်း ပွဲတောင်း ခြင်းခံရသော နတ်ပင်ဖြစ်ပါသတည်း။

## (၃) ကြက်သမားနတ်

အမတ်ကြီး ပညာဗလနှင့် သားတော်ဖြစ်သူ ခြေရာတစ်တောင်မောင်မဲခေါင်တို့သည် လူတို့ဒေသသို့ ပြန်ရောက်လာ ပြီးနောက် သုံးမြို့ရှင် မြို့စားမင်းထံတွင် အမှုတော်ထမ်းခဲ့ကြသည်။ တစ်နေ့တွင် နေသာဆင်



www.burmeseclassic.com

www.burmeseclassic.com



ရှိင်းကြီးတစ်ကောင် ဝင်ရောက်သောင်းကျန်းနေရာ ဖမ်းဆီးဝံ့သူမရှိ ဖြစ်နေ၏။ ထိုအခါ မောင်မဲခေါင် ထွက်၍ ဖမ်းဆီးပြီး ဆင်ရိုင်းအား သုံးမြို့ရှင် မြို့စားကို ဆက်သရာ ကျေနပ်အားရတော်မူသဖြင့် မောင်မဲခေါင် အား ကိုယ်ရံတော် ရာထူးဖြင့် မြှောက် စားထားခဲ့လေသည်။

သုံးမြို့ရှင်မြို့စားသည် လွန်စွာကြက်တိုက် ဝါသနာ ပါသူဖြစ်၏။ တစ်နေ့တွင် သုံးမြို့ရှင်သည် ကြက်တိုက်ပွဲသို့ သွားရာ နောက်ကျမှ ရောက်ရှိသွား သောကြောင့် သူ နှင့် ကြက်တိုက်ကစားဖက်ဖြစ်သော ပြည်ဘုရင်က ပြက်ရယ်ပြု လှောင်ပြောင်လေသည်။ ထိုအခါ သုံးမြို့ရှင်မြို့စား မင်းက မောင်မဲခေါင်အား 'နင်ဆင်ကောက် နောက်ကျနေ၍ ငါ အရှက်ရသည်'ဟု ဆိုကာ မောင်မဲခေါင်၏ မျက်နှာကို ခြေနှင့် ကန် ကျောက်ခဲ့သည်ကို မောင်မဲခေါင်မှ ရန်ငြိုးထား၍ ပုန်ကန်ခြားနားလေသည်။

သုံးမြို့ရှင်မြို့စားမင်းက တစ်ခါက မောင်မဲခေါင် ဖမ်းပေးခဲ့သော ဆင်တော်ကို စီး၍ တိုက်၏။ သို့သော် ယင်းဆင်တော်မှာ မောင်မဲခေါင်၏ အသံကို ကြားရရုံနှင့် လန့်ပြီး ပြေးလေတော့၏။ ဤတွင် မောင်မဲခေါင်က သုံး မြို့ရှင်အား လှံနှင့် ထိုးလိုက်သဖြင့် ကံကုန်ကာ နတ်ဖြစ်သည်။ ယင်းနတ်အား သုံးမြို့ရှင်နတ် ဟူ၍ လည်းကောင်း၊ ကြက်သမားနတ် ဟူ၍လည်းကောင်းခေါ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြက်သမားများသည် ကြက်တိုက်ရာတွင် ဖော်ပြပါ ကြက်သမားနတ်ကို တင်မြှောက်ပသပါက နိုင်သည်ဟု ယုံကြည်ကြ၏။ ထိုသို့ တင်မြှောက်သောအခါ အုန်းသီးတစ်လုံး၊ ငှက်ပျောသီး သုံးဖီး၊ ဆီမီးသုံးတိုင်၊ ပန်းသုံးမျိုး၊ ကွမ်းသုံးယာ၊ လက်ဖက်သုံးပုံတို့ဖြင့် ကန်တော့ပွဲ ထိုး၍ တင်မြှောက်ရကြောင်း လေ့လာသိရှိရပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## ■ နံကရိုင်းမယ်တော်နတ်နှင့် ဆက်နွယ်ပတ်သက်သော နတ်များ

သက္ကရာဇ် ၁၈၇-ခုနှစ်တွင် သမလမင်းကြီးသည် ဟံသာဝတီထီးနန်းကို စံမြန်းပြီးလျှင် ညီတော် ဝိမလမင်းသား အား အိမ်ရှေ့မင်းအရာ ပေးအပ်ချီးမြှောက်ခဲ့၏။

သမလမင်းကြီးသည် တောင်ယာလုပ်ကိုင်စားသောက် နေသော မဲအိုးလောင်း၏ သမီးကို မိဖုရားမြှောက်ရန် မင်းချင်း များကို စေလွှတ်ဆောင်ကြဉ်းစေလေသည်။ ထိုသို့ လာရောက် ဆောင်ကြဉ်းကြသည်ကို ကြောက်သောကြောင့် ယင်းအမျိုးသမီး မှာ ရွှေဖရုံသီးခြင်းထဲသို့ ဝင်ရောက် ပုန်းအောင်းနေသော်လည်း မင်းချင်းတို့က ရှာဖွေတွေ့ရှိကာ ဆောင်ကြဉ်းသွားပြီး သမလ မင်းကြီးအား အကြောင်းစုံ လျှောက်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သမလမင်းကြီးက ကပိထော်အမည်ဖြင့် မိဖုရား မြှောက်တော်မူ၏။

ကပိထော်ဟူသောအမည်မှာ မွန်ဘာသာစကား ဖြစ်ပြီး အဓိပ္ပာယ်မှာ ရွှေဖရုံမယ် ဖြစ်ပါသည်။

မိဖုရားကြီး ရွှေဖရုံမယ်တွင် သားတော်တစ်ပါး ဖွားမြင်ပြီးနောက် ညီတော် အိမ်ရှေ့မင်း စီမလမင်းသားက နောင်တော် သမလမင်းကြီးအား လုပ်ကြံပြီး ထီးနန်းကို သိမ်းယူလိုက်လေသည်။ မရီးတော် ရွှေဖရုံမယ်မိဖုရားကြီးကိုလည်း သားတော်ကလေးအား နယ်စွန်နယ်ခြားသို့ သွားရောက်စွန့်ပစ်ရမည်ဟု မိန့်တော်မူ၏။ ထို့ကြောင့် ရွှေဖရုံမယ်သည် သားတော်အလေးကို ဟံသာဝတီပြည်နှင့် သထုံပြည်နယ်ခြားတွင် ကွမ်းအပ်သာ တောစပ်၌ သွားရောက်စွန့်ပစ် ထားခဲ့ရ၏။

ကွမ်းအပ်သာတောစပ်အနီး ရွာကလေးတစ်ရွာမှ မိန်ကရိုင်းသည် ကျွဲကျောင်းထွက်လာရာတွင် ကွမ်းအပ်သာတောစပ်၌ သားငယ်လေးတစ်ယောက်ကို တွေ့ရှိပြီး ကောက်ယူကျွေးမွေးထားလေသည်။ မိန်ကရိုင်းမှာ မွန်-ကရင်လူမျိုးဖြစ်ပြီး ကျွဲနွားများမွေးမြူ၍ လယ်ယာလုပ်ကိုင်စားသောက်နေသူဖြစ်၏။ သားငယ်ကို ကွမ်းအပ်သာတောစပ်မှ ကောက်ယူရရှိသောကြောင့် အပ်သာဟု အမည်ပေးလေသည်။

ကွမ်းအပ်သာမှာ မွန်ဘာသာစကားဖြစ်ပြီး မြန်မာအလို အားဖြင့် နယ်ခြား ဟု အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် အပ်သာကို နယ်ခြားမင်းသား ဟုခေါ်ကြရာမှ



www.burmeseclassic.com

www.burmeseclassic.com



ကာလရွေ့လျားလာ၍ အသားမင်းသားလေး ဟု ခေါ်ကြောင်း သိရ၏။

မိန်ကရိုင်းသည် သားငယ် အပ်သာကို သူမ၏ ကျွဲခြံအတွင်းရှိ နို့စားကျွဲမများမှ နို့ကို ညှစ်ယူကျိုချက်တိုက်ကျွေးပြီး မွေးမြူခဲ့သည်။ သားရင်းနှင့်မခြား ပြုစုစောင့်ရှောက်ခဲ့၏။ အပ်သာခေါ် အသားမင်းသား အသက်အရွယ်ကြီးပြင်းလာသောအခါ ကရင်လူမျိုး တို့၏ ဓလေ့ထုံးစံအတိုင်း မိန်ကရိုင်း၏ ဖခင်ကြီးက အသား မင်းသားအား လက်ဖွဲ့ပညာများ သင်ပေးလေသည်။

တစ်နေ့တွင် အသားမင်းသားသည် တောစပ်၌ မိန်ကရိုင်း၏ ကျွဲများကို ကျောင်းနေစဉ် အမဲလိုက်ရန်လာသော ဟံသာဝတီမှ မုဆိုးတစ်ယောက်နှင့်တွေ့ကြကာ အဆွေခင်ပွန်းဖြစ်သွားကြ၏။

ဟံသာဝတီကို တိုက်ခိုက်သိမ်းယူရန် အရပ်ခုနစ်တောင်မြင့်သော ကုလားလူမျိုး တပ်မှူးတစ်ယောက် ဦး ဆောင်၍ သင်္ဘောခုနစ်စင်းနှင့် ဟံသာဝတီသို့ ရောက်ရှိလာ၏။ ဝိမလမင်းကြီးထံကိုလည်း စစ်ရေးအရ ဖြေရှင်းရန် ရာဇသံပို့လိုက်ကြ၏။

ဝိမလမင်းကြီးသည် လူမျိုးခြားများနှင့် စစ်ဖက်ပြိုင်တိုက်ခိုက်ရန် တိုင်းပြည်တွင်း မောင်းကြေးနင်းခတ်၍ ရှာဖွေခဲ့လေသည်။ ဤတွင် အသားမင်းသားနှင့် တွေ့ဆုံသိကျွမ်းခဲ့သော မုဆိုးနှင့် မင်းချင်းတို့သည် မင်းကြီးရှေ့တော်သို့ဝင်ကာ လူစွမ်းကောင်းတွေ့ရှိခဲ့သောနေရာကို လျှောက်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းအကြောင်းကို ကြားတော်မူလျှင် ဝိမလမင်းကြီးလည်း အားရဝမ်းမြောက်တော်မူလှသဖြင့် အသားမင်းသားရှိရာသို့ တမန်များ စေလွှတ်ကာ ခေါ်ယူစေလေသည်။

ဝိမလမင်းကြီးထံသို့ အသားမင်းသား ရောက်လျှင် လူမျိုးခြားတပ်မှူးကို နိုင်အောင် တိုက်ပေးနိုင်လျှင် သမီးတော်နှင့် ထိမ်းမြား၍ အိမ်ရှေ့အရာအပ်နှင်းမည်ဖြစ်ကြောင်း မိန့်တော်မူ၏။ အသားမင်းသားက 'သူ၏ မိခင် နံ့ကရိုင်းထံ ပြန်၍ ခွင့်တောင်းပါရစေ၊ ခုနစ်ရက် ဆိုင်းတော်မူပါ'ဟု လျှောက်ထားပြီး မိခင်နံ့ကရိုင်းထံသို့ ပြန်လာခဲ့လေသည်။

မိခင်နံ့ကရိုင်းထံသို့ ပြန်ရောက်ပြီး အကြောင်းစုံ ပြောပြကာ ခွင့်တောင်းသောအခါ မိခင်နံ့ကရိုင်းက ခွင့်ပေး၏။ ထို့နောက် ရန်သူကို အောင်မြင်အောင် ဘယ်နည်းနှင့် တိုက်ရမည်၊ ထိုသို့ တိုက်ခိုက်နေစဉ် ဥပါယ်တံမျဉ်ဖြင့် လှည့်စားနည်းစသည်တို့ကို သွန်သင်မှာကြားလိုက်သည်။

အသားမင်းသားမှ ဝိမလမင်းကြီးထံသို့ အပြန် လမ်းခရီးရှိ မြစ်တစ်ခုမှာ ဒီရေတက်နေ၍ ဒီရေစောင့်နတ်သမီးနှင့် တွေ့ကြရာ အသားမင်းသားက တစ်မောင်းအတွင်း ဒရယ်ကျောပြောင် အမြီးတစ်ထောင်ကို ရအောင်ရှာပေးရန် တန်ခိုးပြိုင်ကြလေသည်။

အသားမင်းသားလည်း ဒရယ်အမြီးတစ်ထောင်ရှိအောင် ရှာဖွေဖြတ်ယူလာနိုင်၏။ သို့သော် အမြီးပေါင်းတစ်ထောင်ထဲမှ အမြီးတစ်ချောင်းကို ရေနတ်သမီးကဝှက်ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရာ တစ်ထောင်မပြည့်သည်နှင့် အသားမင်းသားက အရှုံးပေးလိုက်ရ၏။ 'ရှုံးသည့်သူက နိုင်သူ စေခိုင်းရာအစဉ်အမြဲလုပ်ပေးရမည်' ဟု ကတိပြုထားသည့်အတိုင်း ရေနတ်သမီးက 'အသင်နှင့် တစ်ကွ အသင်တို့ လူမျိုး မင်္ဂလာ ဆောင်လျှင် ကျွဲခေါင်းကိုဖြတ်၍ အကျွန်ုပ်အား တင်မြှောက်ပသရမည်' ဟု စေခိုင်းလေသည်။

အသားမင်းသားလည်း ဝန်ခံကတိပြုပြီးနောက် ဟံသာဝတီပြည်သို့ ပြန်လည်ရောက်ရှိလာပြီး လူမျိုးခြား ကုလားသူရဲကောင်းလံဗား နှင့် တိုက်သောအခါ မိခင်နှင့် အဘိုးတို့ သွန်သင်မှာကြားထားသော နည်းပရိယာယ်တို့ဖြင့် တိုက်ခိုက်ရာ ကုလားသူရဲကောင်းလံဗား ရှုံးနိမ့်သွားတော့သည်။ ထိုသို့ အနိုင်ရရှိသည့်အတွက် ဝိမလမင်းကြီးသည် အသားမင်းသားအား သမီးတော်နှင့် လက်ထပ်ကာ အိမ်ရှေ့မင်း အဖြစ်အပ်နှင်းခဲ့၏။ ထိုလက်ထပ်ပွဲ၌ အသား မင်းသားသည် ရေနတ်သမီးထံတွင် ကတိခံခဲ့သည့် အတိုင်း သူ၏မွေးစားမိခင် ဖြစ်သူ နံကရိုင်းထံ ပြန်၍ ကျွဲဦးခေါင်း ကို တောင်းဆိုဖြတ်ယူ လာပြီး တင်မြှောက်ပသသည်မှ အစပြု၍ နံကရိုင်းနတ် ဟု ခေါ်ကြောင်းသိရပါသည်။

ဝိမလမင်းကြီးမှ မေးမြန်းသောအခါ မိနံကရိုင်းက အသားမင်းသားကို ကောက်ယူမွေးစားခဲ့ပုံ၊ စသည်တို့ကို အသား မင်းသားက ပြန်လည်လျှောက်ထားရာမှ တူတော်မှန်း သိရှိသွား ၏။ ဤတွင် ဝိမလမင်းကြီးက မိမိအမှားကို သိမြင်ပြီး တူတော်မောင်အား ပြေရာပြေကြောင်းပြောဆိုပြီး ရန်သူ အပေါင်းကို အောင်မြင်သောကြောင့် အသသကုမ္မာ ဟူသော



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့အမည်ကိုပေးကာ ဟံသာဝတီထီးနန်းကို လွှဲအပ်တော်မူလေသည်။

အသားမင်းသားသည် ဟံသာဝတီထီးနန်းကို သိမ်းပိုက်စိုးစံပြီးနောက် အမှတ်တရဖြစ်စေရန် ကွမ်းအပ်သာတောစပ်၌ ကျိုက်အပ်သာဘွဲ့အမည်ပေးကာ ဘုရားတစ်ဆူကို တည်ထားခဲ့၏။ ယင်း စေတီတော်မှာ သထုံမြို့နယ်ရှိ ကျိုက်ကသာ ဘုရားပင်ဖြစ်ကြောင်း သိရှိရ၏။

ဤသို့ဖြင့် အသားမင်းသားမှ ကျွဲခေါင်းဖြတ်ပြီး ဒီရေစောင့်နတ်သမီးအား ကတိအတိုင်း တင်မြှောက်သည်မှ အစပြု၍ ရိုးရာအစဉ်အလာဖြစ်ခဲ့ရာ ယနေ့လူတို့ကမူ ကျွဲခေါင်းအစား ငါး၊ ငါးရန့် ကို နဖားထိုးပြီး တင်မြှောက်ကြကြောင်း သိရပါသည်။

## လိပ်ပုပ်

မွန်လူမျိုးများတွင် နံ့ကရိုင်းမယ်တော်နတ်နှင့် ဆက်နွယ်ပတ်သက်ပြီး ရိုးရာအစဉ်အလာတစ်ခုမှာ လိပ်ပုပ်ပင်ဖြစ်သည်။

အသားမင်းသားနှင့် တန်ခိုးပြိုင်သော ဒီရေစောင့်နတ်သမီးစီးသောယာဉ်မှာ လိပ်သတ္တဝါဖြစ်၏။ အသားမင်းသားနှင့် ဒီရေစောင့်နတ်သမီးတို့ တန်ခိုးပြိုင်ကြစဉ်က အသားမင်းသားယူလာသော ခရိုင်ကျောပြောင် အမျိုး တစ်ထောင်ထဲမှ အမျိုးတစ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို နတ်သမီးကဝှက်၍ သူမ၏ အနောက်ဘက် ခါးစည်း၌ ညှပ်ထားလိုက်၏။ အသားမင်းသားက နတ်သမီးကို မသက်ာ၍ ရှာဖွေသော်လည်း နတ်သမီး ၏ စီးတော်ယာဉ် လိမ်ကစားထားလိုက်သဖြင့် အသား မင်းသား အရှုံးပေးခဲ့ရသည်။ ယင်းသို့ဖြင့် အသား မင်းသားမှာ ကတိအတိုင်း ကျွဲခေါင်းကို ဖြတ်၍ ဒီ ရေနတ်သမီးကို တင်မြှောက်ခဲ့ရ၏။

အသားမင်းသား မင်းဖြစ်လာသောအခါ ပေးခဲ့ရသော ကတိအတိုင်း သူကဲ့သို့ပင် သူ၏ လူမျိုး တိုင်းသူပြည်သားများလည်း မင်္ဂလာ လက်ထပ်ပွဲတိုင်း တွင် ကျွဲခေါင်းဖြတ်၍ နတ်တင်မြှောက်ကြရန် မင်းမိန့် ဖြင့် ထုတ်ပြန်ခဲ့ရာမှ နံကရိုင်းနတ်မှာ ရိုးရာအစဉ်အလာ ဖြစ်ခဲ့လေသည်။

ထို့ကြောင့် မွန်လူမျိုးများသည် လိပ်သတ္တဝါကို နိမိတ်မကောင်းသော သတ္တဝါအဖြစ် ရှုကြောက်မုန်းတီး ခဲ့ကြ၏။ မွန်လူမျိုးတို့ အဆက်အနွယ် အိမ်ပေါ်သို့ လိပ် သတ္တဝါတစ်ကောင်တက်လာလျှင်သော် လည်းကောင်း၊ တစ်ယောက်ယောက်က အမှတ်တမဲ့ ယူသွားမိလျှင် သော် လည်းကောင်း အိမ်ရှင်များက 'လိပ်ပုပ် . . . လိပ်ပုပ်' ဟု ကြောက်လန့်တကြား ပြောကြားကြကြောင်း သိရှိရ ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## ■ အခြားသိသင့်သော ခေတ်အဆက်ဆက် နတ်များ

ရိုးရာအစဉ်အလာအရ ကိုးကွယ် ပ,သ ကြသော အထက်ပါ နတ်များအပြင် ပျူခေတ် နတ်များ၊ ပုဂံခေတ် နတ်များ၊ ပင်းယခေတ် နတ်များ၊ တောင်ငူခေတ် နတ်များ၊ ညောင်ရမ်း ခေတ်နတ်များ၊ ကုန်းဘောင်ခေတ်နတ်များ အစရှိသဖြင့် ခေတ် အဆက်ဆက်၊ သမိုင်းအဆက်ဆက်တ ဖြစ်ခဲ့ရသော နတ်များ လည်း ရှိသေးကြောင်းသိရ၏။ ယင်းတို့မှာ . . .

(၁) ပုန်းမကြည်ရှင်မနတ်
(၂) မဟာမြိုင်နတ်သမီး
(၃) ကိုးသိန်းရှင်နတ်



www.burmeseclassic.com

www.burmeseclassic.com



(၄) ရွှေကျွန်းတော်ရှင်နတ်နှင့်
ကျောက်ဆောင် ကတော်နတ်
(၅) ဖိုးဝင်းရှင်နတ်
(၆) ဖြာပုံတောင်ရှင်မနတ်
(၇) ကျောက်တိုင်ရှင်မနတ်
(၈) အောင်ဒိုင်နတ်
(၉) ရွှေလေးရင်နတ်နှင့် ရွှေကညင်နတ်
(၁၀) မနှင်းဆီနတ်
(၁၁) ရေယဉ်ကတော်နတ်
(၁၂) အလုံဘိုးတော်ကြီးနတ်
(၁၃) မယ်ဖြူ-မယ်ညိုနတ်
(၁၄) မိုင်းနှင်းရှင်မနတ်
(၁၅) မျဉ်ထောင်ရှင်မနတ်
(၁၆) တောပုန်းနတ် များပင်ဖြစ်ပါသည်။

## (၁) ပုန်းမကြည်ရှင်မနတ်

ဖော်ပြပါ နတ်များအနက် ပုန်းမကြည်ရှင်မမှာ ဘီလူးမ ဖြစ်ပါသည်။ တောင်သူလယ်သမားများ စပါးလှေ့၊ ပဲလှေ့ကြသောအခါ 'ဘီလူးမရေ. . နင့်သား တောင်သူ ပူလှပြီ ဟေ့. . .၊ ဘီလူးမရေ. . . တောင်ပေါ်က လေ ခေါ်ခဲ့ဟေ့'ဟု ပြော၍ လေချွန်လျှင် စပါးလှေ့နိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



လေလာသည် ဟု ယူဆ ယုံကြည်ကြကြောင်း သိရ၏။

(၂) မဟာမြိုင်နတ်သမီး

မဟာမြိုင်နတ်သမီးမှာ ဖျူနတ်ဖြစ်သည်။ သရေခေတ္တရာနှင့်ခေတ်ပြိုင် ပန်ထွာပြည့်ရှင်ဘုရင်မပင်ဖြစ်သည်။ ဗိဿနိုး နတ်သမီးဟူ၍လည်းကောင်း၊ မဟာမြိုင်နတ်သမီး ဟူ၍ လည်းကောင်း ခေါ်ကြကြောင်း သိရပါသည်။

ကိုးသိန်းရှင်နတ်မှ အစရှိသော နတ်များ၏ နောက်ခံသမိုင်းအကြောင်းအရာများကိုမူ အကျယ်မဖော်ပြတော့ပြီ။ ယင်း နတ်များလည်းရှိကြောင်း သိရုံသာ အကျဉ်းမှတ်ရန်သာ ဖော်ပြခြင်းဖြစ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## ■ ဗုဒ္ဓဘာသာဝင်များ နတ် ကိုးကွယ်သင့် - မသင့်

ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေဖြင့် ဦးစွာ အရေးကြီးသည်မှာ သရဏဂုံ တည်မှုပင်ဖြစ် ပါသည်။ သရဏဂုံ တည်မှုဆိုသည်မှာ. . .

(၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
(မြတ်စွာဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်ပါ၏။)

(၂) ဓမ္မံ သရဏံ ဂစ္ဆာမိ
(ဗုဒ္ဓဘုရားရှင်၏ တရားတော်မြတ်ကို ကိုးကွယ် ဆည်းကပ်ပါ၏။)



www.burmeseclassic.com

www.burmeseclassic.com



(၃) သံဃံ သရဏံ ဂစ္ဆာမိ
(သံဃာတော်အရှင်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။)

- ဟူ၍ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်မှုပင် ဖြစ်ပါသည်။

**သရဏဂုံ** တည်မှုသည် ဗုဒ္ဓဘာသာဝင် သူတော်ကောင်းတစ်ယောက်အဖို့ အခြေခံကျသော အရေးကြီးအကြောင်းအရာပင် ဖြစ်ပါသည်။ အကယ်၍ ဗုဒ္ဓဘာသာဝင် တစ်ယောက်ဟူ၍ အမည်ကို ခံယူထားသော်ငြားလည်း **သရဏဂုံ** မတည်ဆောက်၊ မခံယူပါ က ဗုဒ္ဓဘာသာဝင်တစ်ယောက်ဟူ၍ မဖြစ်နိုင်ကြောင်း ဆင်ခြင်သတိပြုမိဖို့ လိုပါသည်။

အချို့သော ဗုဒ္ဓဘာသာဝင်များသည် နတ်ကိုးကွယ်တင်မြှောက်ခြင်းဖြင့် မိမိဆောက်တည်ထားသော **သရဏဂုံ** ပျက်စီးစေသည်ဟု ယူဆကြပြီး နတ်ကိုးကွယ်တင်မြှောက်မှုကို မလုပ်ကောင်းဟု တားမြစ်ကြသည်ကို တွေ့ကြုံဖူးပါသည်။

ဤသို့ဖြင့် ယနေ့ ဗုဒ္ဓဘာသာဝင်များ နတ်ကိုးကွယ်တင်မြှောက် ပ,သခြင်းကြောင့် **သရဏဂုံ** ပျက် မပျက်ကို စာရေးသူအနေဖြင့် လေ့လာကြည့်ရာ ရှေးကကျမ်းတတ်အကျော်လယ်တီဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ်ကို စာဖတ်သူများ စဉ်းစား ဝေဖန် ဆုံးဖြတ်နိုင်ရန် တင်ပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နတ် ကိုးကွယ်တင်မြှောက် ပသခြင်းကြောင့် ဆောက်တည်ထားသော သရဏဂုံ မပျက်ကြောင်းကို ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက သူ၏ သာသနဝိသောဓနီကျမ်းတွင်မူ. . .

'သုတ် မဟာဝါ ပါဠိတော်ကို ထောက်၍ လူဖြစ်သော သူတို့မှာ ပစ္စုပ္ပန် အကျိုးအတွက် လောကပါလ နတ်များကို ရှိခိုးကောင်း၏။ ပူဇော်ကောင်း၏။ နတ်ကွန်း၊ နတ် ကနားများကို ဆောက်လုပ်ကောင်း၏။ စီမံကောင်း၏။ မိမိကိုယ်တိုင် နတ်ရုပ်တုများ ကံကျေး လက်ခပေး၍ ထုလုပ် ကောင်း၏။ ပွဲတင်မြှောက် ပူဇော်ခြင်းကို ပြုကောင်း၏။ ရဟန်းဖြစ်သော သူတို့မှာမူကား နတ်များကို ရှိခိုးခြင်းမှာ မအပ်။ နတ်ကွန်း၊ နတ်ကနားများကို ကိုယ်တိုင်မဆောက်ကောင်း။ လူများကို ဆောက်လုပ်ကြစေရန် စေ့ဆော်ကောင်း ၏။ နတ်ရုပ်တုများကို ရဟန်းများကိုယ်တိုင် မထုလုပ်ကောင်း၊ လက်ခကံကျွေးပေး၍ လူများကို ထုလုပ်စေအပ်၏။ ယင်း နတ်ရုပ်ကြီးများအား ပွဲတင်မြှောက်ပူဇော်ခြင်းကို ရဟန်းများကိုယ်တိုင် မပြုအပ်ပေ။ လူများကို ပြုလုပ် စေအပ်၏။ ဤ အလုံးစုံကိုလည်း ယခုဘဝ၌ အန္တရာယ်ကင်း၍ ချမ်းသာသုခကို ရခြင်းငှာ ပြုအပ်၏။ ရတနာသုံးပါးကိုလည်း အမြတ်တနိုး ကိုးကွယ်လျက်ရှိသောကြောင့် နတ်များကို ထိုသို့ပြုသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သရဏဂုံမပျက် ။

ဟူ၍ မိန့်ဆိုရှင်းလင်းထားသည်ကို တွေ့ရပါသည်။

လယ်တီဆရာတော်ဘုရားကြီး မိန့်ဆိုသကဲ့သို့ပင်နတ်ကိုးကွယ်တင်မြှောက်မှု၏ ဦးတည်ချက်မှာ ယခုဘဝ၌ အန္တရာယ်ကင်း၍ ချမ်းသာသုခကို ရလိုခြင်းဟူသော လောကီအကျိုးကို လိုလား တောင့်တသောကြောင့်ပင်ဖြစ်၏။

သရဏဂုံကိုဆောက်တည်ကိုးကွယ် ဆည်းကပ်ခြင်း၏ ဦးတည်ချက်မှာကား သံသရာမှ လွတ်မြောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုခြင်း ကြောင့်ဖြစ် သည်။ ဦးတည်ချက်အားဖြင့် ကွာခြားလှ ရကား နတ်ကိုးကွယ်တင်မြှောက်မှုကြောင့် ဗုဒ္ဓဘာသာဝင်များ သရဏဂုံ မပျက်နိုင်ပေ။

ထိုသို့ ဦးတည်ချက်သာ ကွာခြားသည်မဟုတ်ပေ။ အခြေခံအားဖြင့်လည်း ကွာခြားပါသည်။ သရဏဂုံ ဆောက်တည်ကိုးကွယ် ဆည်းကပ်မှုသည် ကံ,ကံ၏အကျိုးကို ယုံကြည်သက်ဝင်မှု၌ အခြေခံနေခြင်းဖြစ်ပြီး နတ်ကိုးကွယ်တင်မြှောက်မှုမှာကား မည်သည့်အခြေခံမှု မရှိပေ။ လောကီကောင်းကျိုးလိုလားမှုသက်သက်မျှသာဖြစ်ပါသည်။ ဤကဲ့သို့ လောကီကောင်းကျိုးကို လက်တလောလိုလား တောင့်တ၍ နတ်ကိုးကွယ်ပ,သ တင်မြှောက်ရုံဖြင့် ကံ,ကံ၏ အကျိုးများ ယုံကြည်မှုအပေါ်ခိုင်မာစွာတည်ဆောက်ကြသည့် ဗုဒ္ဓဘာသာဝင်များအဖို့ မည်သည့်နည်းနှင့်မျှ သရဏဂုံ ပျက်စီးမသွားနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်မင် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက လောကီကောင်းကျိုးချမ်းသာမှု ရစေရန်အတွက် နတ်ကိုးကွယ်တင်မြှောက်ပ,သသင့်ကြောင်းကို လယ်တီပုဏ္ဏောဝါးချုပ် ကျမ်း-ဒုတိယတွဲ တွင် ဖော်ပြထားသည်မှာ. . .

'မဟာဂီရိ အစရှိသော မိရိုးဖလာကိုးကွယ်ကြသော နတ်များကို အရိုးအစဉ်မပျက် ကိုးကွယ်ခြင်းအမှုသည် လူတို့၌ကောင်းကျိုး စီးပွားဖြစ်ထွန်းရန် အမှုတစ်ခု ဖြစ်ကြောင်းကို **'မဂ္ဂလာရာဇဝင်ပဥ္စကနိပါတ်အဂုတ္ထိုရ်ပါဠိတော်'** တွင် ဟောတော်မူသည် တစ်ချက်။

ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ တိုင်းစောင့်နတ်၊ ပြည် စောင့်နတ်တို့ကို အစဉ်အလာမပျက်ရအောင် ကိုးကွယ်ကြသော မြို့ရွာတိုင်းပြည်များသည် အကျိုးစီးပွား မဆုတ်မယုတ်နိုင်သော အပရိဟာနိယဓမ္မ တစ်ပါးဖြစ်ကြောင်းကို သုတ်မဟာဝါပါဠိတော်လာ **မဟာပရိနိဗ္ဗာနသုတ်** တွင်ဟောတော်မူသည် တစ်ချက်။

"နေ့နေ့ ညည ပူဇော်သက္ကာယများကို ဆောင်ယူပ,သ ပူဇော်တင်မြှောက်ကြပေကုန်သော လူတို့အား နတ် အပေါင်းတို့သည် ချစ်ခြင်းမေတ္တာဖြင့် ဖြူကြပေကုန်လော့"ဟူ၍ ရတနသုတ် တွင်



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘုရားရှင် ဟောကြားတော် မူသည်က တစ်ချက်။

"လူများသည် အိမ်သစ်တက်သောအခါ ရဟန်း သံဃာတော်များကို လှူဒါန်းကျွေးမွေးရာ မဟာဂီရိအစရှိ သော နတ်များကို အမျှ ဝေရမည်။ ငါတို့ကို အမျှဝေသည် ဟူ၍ အိမ်ရှင်တို့ကို အိမ်စောင့်နတ်က ဘေးကင်းအောင်၊ အန္တရာယ် ကင်းအောင်၊ စောင့်ရှောက်ခြင်းဖြင့် ထိုအိမ်ရှင် တို့ကို တစ်ဖန် ပူဇော်ကြကုန်သည်။ မြတ်နိုးတနာပြုကြကုန်သည်။ ထိုနတ်တို့ သည် ချစ်ခင်သနား၍ စောင့်ရှောက်ကုန်သည်ရှိသော် ထိုအိမ်ရှင်တို့သည် အခါခပ်သိမ်း ကောင်းမြတ်သော မင်္ဂလာ ကျက်သရေတို့ကိုသာ မြင်ရ တွေ့ရ၊ ကြုံရကုန်သည်" ဟု ဟောတော်မူသည်က တစ်ချက်။

ဤသို့ဖြင့် လူတို့၏ ကောင်းကျိုးစီးပွားများဖြစ်ရာ သဘောတရားတို့ကို ဟောကြားတော်မူခဲ့သော ဗုဒ္ဓဘုရားရှင် သည် မဟာဂီရိအမှူးပြုသော ရိုးရာကိုးကွယ်မှုဆိုင်ရာ နတ်များကို အစဉ်အလာမပျက် ပူဇော် ပ,သ တင်မြှောက်ကြသော အမှုကို သုတ္တန် အရပ်ရပ်တို့ ၌ ချီးမွမ်းတော်မူပါသည်။ ရိုးရာ အစဉ်အလာမပျက် ကိုးကွယ်မြဲ ကိုးကွယ်မှုကို ဖျက်ဆီး၍ မကိုးကွယ်ကြသော သူတို့အား အကျိုးစီးပွား ဆုတ်ယုတ်ရန် အကြောင်းတစ်ခုဖြစ်ကြောင်းကိုလည်း မဟာ ပရိနိဗ္ဗာနသုတ် ၌ ဟောတော်မူခဲ့ပါသည်။ မင်းမဟာဂီရိ စသော ရိုးရာအစဉ်



www.burmeseclassic.com

www.burmeseclassic.com



အလာမပျက်ကိုးကွယ်ကြရသော နတ်တို့ကို ကိုးကွယ်မှု ဟူသည်ကား ထိုနတ်တို့ကို သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် တို့နှင့် ပြည့်စုံကြပေသည်ဟု **ဒက္ခိဏေယျ** အနေဖြင့် ကိုးကွယ်ရ ခြင်းကား မဟုတ်ပေ။ ကံ ကို လုံးလုံးလွတ်၍ ယင်းနတ်တို့သည် သာ ကောင်းကျိုး၊ မကောင်းကျိုးကို ပေးနိုင်သည်ဟူ၍ ကိုးကွယ်ရသည်လည်း မဟုတ်ပေ။

လောက၌ အနာရောဂါ မကပ်၊ မဆိုက်ရောက်ပါစေ ခြင်း အကျိုးငှာ ဆေးသမားတော်ကြီးများကို ကိုးကွယ်ကြရသကဲ့ သို့လည်းကောင်း၊ ဥစ္စာပစ္စည်း ပေါများစေခြင်း အကျိုးငှာ သူဌေးသူကြွယ်၊ ကုန်သည်ကြီးများကို ကိုးကွယ်ဆည်းကပ်ကြရ သကဲ့သို့လည်းကောင်း၊ ခပ်သိမ်းသော စည်းစိမ်၊ ကျက်သရေ တို့ကို ရပါစေခြင်း အကျိုးငှာ မင်းစိုးရာဇာတို့ကို ကိုးကွယ်ဆည်း ကပ်ကြရသကဲ့သို့လည်းကောင်း ကိုးကွယ်သည်သာဖြစ်ကြောင်း လယ်တီဆရာတော်ဘုရားကြီးမှ မိန့်တော်မူသည်ကို လေ့လာ သိရှိရပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

■ ရွှေကျင်ဂိုဏ်း သာသနာပိုင်
**မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ သဘောထား**

ရွှေကျင်ဂိုဏ်းကြီး၏ သာသနာပိုင် ဖြစ် ေတာ်မူသော ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးကလည်း **ကောနိပါတ် ပါဠိ တော်၊ အပဏ္ဏကဝဂ်ဒေဝဓမ္မဇာတ်တော်** ကို ကိုး ကားကာ ဘုရားအလောင်းတော်ကိုယ်တိုင် နတ် ကွန်း နတ်နန်းများဆောက်လုပ်၍ ဗလိနတ်စာ ပူဇော်ပသမှုများ ကြောင်းကို ဆရာတော်စီရင်ရေးသားသော **ဆိဒ္ဓပိဋကနှိုင်းချုပ်** ၌ ရေးသားတော်မူသည်ကို တွေ့ရှိရပါသည်။

**မှူ တူ တူး လေး စာ အုပ် တိုက်**

www.burmeseclassic.com



ဤသို့ဖြင့် လယ်တီဆရာတော်ဘုရားကြီးနှင့် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး နှစ်ပါးတို့၏ ရှင်းလင်း မိန့်ဆိုချက်များ အပြင် ဗုဒ္ဓဘုရားရှင် ကိုယ်တော်တိုင် သုတ်မဟာဝါ ပါဠိတော်၌ အပရိ ဟာနိယတရား ခုနစ်ပါးတွင် နတ်ကိုးကွယ်တင် မြှောက်ပသမှုကို တစ်ပါးအပါအဝင်အဖြစ် ထည့်သွင်း ဟော ကြားထားတော်မူခဲ့ကြောင်းကိုလည်း တွေ့ရခြင်းဖြင့် နတ်ကို ယုံကြည်ကိုးကွယ်သင့် မသင့်ကိုမူ စဉ်းစားဆုံးဖြတ်ရမည့် ခိုင်မာ သော အချက်များပင် ဖြစ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## ■ နတ်နှင့်လူ ဆက်ဆံရေး

နတ်ကို ကိုးကွယ်တင်မြှောက်သင့်ကြောင်းကို ဗုဒ္ဓဘုရားရှင်၏ ဟောကြားတော်မူချက်အရ ရှေးကျမ်းဂန်တတ်ကျေးဇူးရှင်ဆရာတော်ကြီးများ၏ အဆုံးအဖြတ်၊ အဆိုအမိန့်များအရ လေ့လာသိကြရပြီဖြစ်သော်လည်း 'နတ်ကို ဘယ်လို ကိုးကွယ်တင်မြှောက် ပ,သရမည်၊ ဘယ်လို ချဉ်းကပ် ရမည်'ဟူ၍ ကိုးကွယ်နည်း ကိုးကွယ်ဟန်၊ ချဉ်းကပ်နည်း ချဉ်းကပ်ဟန်များသည် လူနှင့် နတ်၊ နတ်နှင့် လူဆက်ဆံရေးအပိုင်းဖြစ်သလို အဓိက ကျသည့် အချက်လည်း ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နတ်နှင့်လူ၊ လူနှင့်နတ် ဆက်ဆံရေးအပိုင်းများတွင် ပုံမှန်အနေအထားဖြင့် မဆက်ဆံတတ် သောကြောင့်သာ 'နတ်ကိုးကွယ်သင့် မသင့်' ဟူသော ပြဿနာ ပေါ်ပေါက်နေရခြင်းဖြစ်သည် ဟု ယူဆမိပါသည်။

စာရေးသူအနေဖြင့် ယင်းသို့ ပွင့်လင်းစွာ ရေးသားရခြင်းမှာလည်း 'နတ်ကို ကိုးကွယ် ပ,သ- တင်မြှောက်ကြပါ'ဟု တိုက်တွန်းနေခြင်းမျိုး မဟုတ်ပါ။ ဗုဒ္ဓဘုရားရှင်၏အလိုကျအတိုင်း နတ်နှင့်လူတို့၏ ပုံမှန်ဆက်ဆံရေး ခံယူချက် ပြတ်သားစေရန်၊ မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ ရောက်စေရန် တင်ပြလိုခြင်းသာဖြစ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## ■ နတ် နှစ်မျိုး

နတ်လောကၡ နတ်အများအပြားရှိသော် လည်း လူနှင့် ဆက်ဆံသော နတ်များရှိသကဲ့သို့ လူသားနှင့် မဆက်ဆံသော နတ်များလည်း ရှိပါသည်။ ယင်းတို့အနက် နတ်နှင့်လူ ဆက်ဆံရေးတွင် လူနှင့်ဆက်ဆံသော နတ်များ၊ လူနှင့်နတ် ဆက်စပ်နေသော နတ်များအတွက်ပင်ဖြစ်၏။

ယင်းသို့ ဆက်ဆံရာတွင် နတ်လောကၡ နတ်ကောင်းနှင့် နတ်ဆိုး နှစ်မျိုးနှစ်စားရှိသည်ကို ဦးစွာ သတိပြုမိဖို့လိုပါသည်။ နတ်ကောင်း နတ်မြတ်များသည် လူသားများကို [illegible]မှု ကူညီမှု



www.burmeseclassic.com

www.burmeseclassic.com



မရှိလျှင်သာနေရမည်။ အန္တရာယ်ကား မပေးပေ။ နတ်ဆိုးများမှာမူကား အဆင်မသင့်ပါက အန္တရာယ် ပေးတတ်ကြပါသည်။ ထို့ကြောင့် နတ်ဆိုးများနှင့် ဆက်ဆံရာတွင် သတိထားဆက်ဆံဖို့ လိုပါသည်။ နတ်နှင့်လူ ဆက်ဆံရေးတွင် အထူးသဖြင့်နတ်ဆိုးများနှင့် ဆက်ဆံရာ၌ ပုံမှန်အနေအထားထက် မကျော်လွန်မိဖို့ လိုအပ်လှပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## ■ ဗုဒ္ဓဘုရားရှင် သတ်မှတ်ခဲ့သော နတ်နှင့်လူ ဆက်ဆံရေးဝါဒ

ဗုဒ္ဓဘုရားရှင်သည် သုတ်မဟာဝါ ပါဠိတော်လာ မဟာပရိနိဗ္ဗာနသုတ်တွင် ဝေသာလီပြည် ဝဇ္ဇီမင်းများကို အကြောင်းပြု၍ အပရိဟာနိယ တရားခုနစ်ပါးကို ဟောတော်မူခဲ့ပါသည်။ အပရိဟာနိယတရားသည် မျက်မှောက်ဘဝလောကီ ကြီးပွားရေးတရားပင်ဖြစ်ပါသည်။ ယင်း အပရိဟာနိယတရား ခုနစ်ပါး အနက် ခြောက်ပါးမြောက်တရားသည် နတ်တို့အား ကိုးကွယ် ပူဇော်ခွင့်ပေးသော တရားဖြစ်၏။ ယင်းတရားမှာ . . .



www.burmeseclassic.com

www.burmeseclassic.com



'အာနန္ဒာ. . . ဝေသာလီပြည် ဝဇ္ဇီမင်းတို့သည် မြို့တွင်း မြို့ပြင်ရှိ ဝဇ္ဇီမင်းအဆက်ဆက်တို့၏ ပူဇော်ရာဖြစ်သော နတ်စင်၊ နတ်ကွန်း၊ နတ်နန်း၊ နတ်နေရာသစ်ပင်တည်းဟူသော စေတီတို့ကို အရိုအသေပြုမြဲ ပြုကြကုန်လတ္တံ့၊ အမြတ်တနိုး ပြုမြဲပြုကြကုန်လတ္တံ့၊ ထိုနတ်ကွန်းတို့အားလည်း ရှေးက တင်မြှောက်မြဲ၊ ပသမြဲ၊ ပြုလုပ်မြဲ ရိုးရာအစဉ်အလာဖြစ်သော သတ်မှု၊ ဖြတ်မှု၊ ဒုစရိုက်မှုမှ လွတ်ကင်း၍ တရားနှင့် လျော်သော ပူဇော်ပသမှု ဗလိနတ်စာကို ပြုကြကုန် လတ္တံ့၊ ယင်းသို့ ပူဇော် ပသမှု ပြုလုပ်နေသမျှကာလပတ် လုံး ဝဇ္ဇီမင်းအဆက်ဆက်တို့ သည် ကြီးပွားရန် ရှိပေကုန်၏။ ဆုတ်ယုတ်ပျက်စီးရန် မရှိပေ'

ဤသို့ ဗုဒ္ဓဘုရားရှင်၏ အပရိဟာနိယတရားနှင့်အညီ လယ်တီဆရာတော်ဘုရားကြီးက နတ်ကိုးကွယ်တင်မြှောက်သင့် ကြောင်း ဆုံးဖြတ်တော်မူခဲ့ခြင်းပင်ဖြစ်ပါသည်။

'ဓမ္မိကံ ဗလိံ နော ပရိယာပေန္တိ' ဟူသော ပါဠိဖြင့် နတ် နှင့် လူတို့၏ ဆက်ဆံရေးအကန့်ကို ဗုဒ္ဓဘုရားရှင်က သတ်မှတ် ပေးတော်မူခဲ့၏။ ဆိုလိုရင်းမှာ. . . 'သတ်မှု ဖြတ်မှု၊ ဒုစရိုက်မှုများ ကင်း၍ တရားနှင့်လျော်စွာ ပူဇော်ပ,သမှု ဗလိနတ် စာ'သည်ပင် 'နတ်နှင့်လူ ပုံမှန်ဆက်ဆံရေး အကန့်'ပင်ဖြစ်သည် ဟု ဆိုလို သည်။ 'တရား နှင့်လျော်စွာ'ဟူသော စကားတွင် ကံ-ကံ၏ အကျိုးယုံကြည်မှုကို လက်မလွှတ်ပေ။ သရဏဂုံတရား သုံးပါး ထက်ကျော်လွန်၍ နတ်ကိုးကွယ်မှုကိုအစွန်းမရောက် စေရန်ပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် နတ်နှင့်လူ ဆက်ဆံကြရာတွင် အဓိက သတိထား၍ ဆက်ဆံရမည့်အချက်များမှာ. . .

(၁) ကံ-ကံ၏အကျိုး ယုံကြည်မှုကို လက်ကိုင်ထားရမည်။

(၂) သရဏဂုံ တရားသုံးပါးထက် ကျော်လွန်၍ နတ်ကိုးကွယ် ပ,သမှုများ အစွန်းမရောက်စေရန်။

(၃) အမဲ၊ သား၊ ငါး စသော သက်ရှိသတ္တဝါတို့ကို သတ်ဖြတ်ပူဇော်ပ,သမှုမျိုးမဟုတ်သော (တရားတော်၏ အဆုံးအမ) ပူဇော်ခြင်းမျိုးဖြင့် ပူဇော် ပ,သခြင်း။

(၄) မိမိ ပြုလုပ်ခဲ့ပြီးသော ကောင်းမှု ကုသိုလ်များနှင့် ပြုလုပ်ဆဲဖြစ်သော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အစုစုတို့ကို နတ်တို့အား အမျှအတန်း ပေးဝေခြင်း၊ မေတ္တာပို့ပေးခြင်းများ။

(၅) နတ်တို့အား ပူဇော် ပ,သမှုများ မပြုလုပ်သည့်တိုင် နတ်တို့ ကို ညှဉ်းပန်းနှိပ်စက်ခြင်း၊ နတ်တို့၏ နေရာ၊ နတ်ကွန်း၊ နတ်နန်း၊ နတ်အိမ်တို့ကို ဖျက်ဆီး ချိုးဖဲ့ခြင်းများနှင့် နတ် တို့အား ဆဲဆို ကြိမ်းမောင်းမှု စသည်တို့ကို မကျူးလွန်မိစေရန်။

တို့ကို သတိထားရှောင်ရှားကြရပေလိမ့်မည်။ ယင်းအချက်များကား ဗုဒ္ဓဘုရားရှင် ကိုယ်တော်တိုင် ချမှတ်ပေးခဲ့သော နတ်နှင့်လူ ဆက်ဆံရေး နည်းပင်ဖြစ်၏။

■



www.burmeseclassic.com

www.burmeseclassic.com

## ■ ပူဇော် ပ,သနည်း နှစ်သွယ်

နတ်တို့အား ပူဇော် ပ,သ တင်မြှောက် ခြင်းသည်ပင် ပါဠိလို ဒါနပြုခြင်းမည်၏။ မြန်မာလို အလှူပေးခြင်းပင်။ ပေးကမ်းလှူဒါန်းမှု ဒါနသည် အမျိုးအစားအားဖြင့် အများအပြားရှိသော်လည်း နတ်များနှင့် ပတ်သက်၍မူ . . .

(၁) ပူဇာဒါန (ပူဇော် ပ,သ တင်မြှောက်ခြင်းဖြင့် ပေးလှူခြင်း)။

(၂) အနုဂ္ဂဟဒါန (ချီးမြှောက်သောအားဖြင့် တင်မြှောက်ခြင်းမည်သော ပေးလှူခြင်း)။

ဟူ၍ နှစ်မျိုး ခွဲခြား နားလည်ထားရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ မှသာ နတ်နှင့်လူ ဆက်ဆံရာ၌ လူမှန်၊ နေရာမှန်ဖြင့် မိမိ၏ နေရာမှန်မှ ရပ်တည်ကာ တင်မြှောက် ပ,သ တတ်ကြမည်ဖြစ်သည်။ ဆက်ဆံတတ်ကြမည်ဖြစ်ပါသည်။ ထိုသို့ ကြိုတင်ခွဲခြားနားလည်မှုမရှိပါက လွဲလွဲမှားမှားဆက်ဆံမိခြင်းဖြင့် ပြဿနာမျိုးစုံတို့ကို ရင်ဆိုင်ရကြပေလိမ့်မည်ကို သတိပြုရာသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## ■ နတ်နှင့်လူ ဆက်ဆံရေးကို စည်းခြားပေးခဲ့သည့် ဘုရင်အနော်ရထာ

မြန်မာနိုင်ငံ၏ သမိုင်းစဉ်ကို ပြန်လှန် လေ့လာကြည့် လျှင်မူ တစ်ခါတစ်ရံ လူတို့သည် နတ်ကိုးကွယ်တင်မြှောက် ပ,သမှုများကို ကံ-ကံ၏ ယုံကြည်ချက် အကျိုးများကိုပင်စွန့်လွှတ် ပြီး အလွန်အကျွံပြုလုပ်လာကြသည့် အချိန်အခါများကိုလည်း ရှာဖွေ တွေ့ရှိရပါသည်။ သရဏဂုံ သုံးပါးကိုပင် ကျော်လွန်၍ နတ်ယုံကြည်ကိုးကွယ်မှုများကို ရှေ့တန်းသို့ အပို့လွန်သော သမိုင်းစာမျက်နှာများကိုလည်း တွေ့ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သာသနာပြု မင်းကောင်း မင်းမြတ်များ အနေဖြင့် နတ်နှင့်လူတို့ စည်းဘောင်အတွင်းက ပုံမှန်ဆက်ဆံရေးကို မင်းမိန့်ဖြင့် ထုတ်ပြန်ပေးလေ့ရှိပါသည်။

ပထမ မြန်မာနိုင်ငံတော်ကြီးကို စည်းရုံးသိမ်းသွင်းခဲ့သော အနော်ရထာမင်းကြီးနှင့် ရှင်အရဟံ မထေရ်မြတ်တို့၏ စင်ကြယ် မြင့်မြတ်သော ထေရဝါဒဗုဒ္ဓသာသနာကို မပျိုးထောင်မီအချိန်က ပုဂံနေပြည်တော်၏ ကိုးကွယ်မှုသည် မင်းမဟာဂီရိနတ်မောင်နှမများ၏ အရှိန်အဟုန်ကြီးမားနေချိန်ဖြစ်သဖြင့် ပုဂံပြည်သူတို့၏ နေအိမ်ရှေ့တိုင်း၌ နတ်ကွန်း၊ နတ်နန်း၊ နတ်အိမ်များ ဆောက်လုပ်၍ နတ်ရုပ်တုများသွင်းပြီး ပူဇော်ပ,သခဲ့ကြ၏။ သရဏဂုံသုံးပါးကိုပင် ကျော်လွန်၍ အစွန်းရောက်လာသော နတ်ကိုးကွယ်မှုမလေ့ဖြစ်လေသည်။

ထို့ကြောင့် အနော်ရထာမင်းကြီးသည် ပုဂံပြည်သူတို့၏ နေအိမ် ရှေ့တိုင်း၌ရှိသော နတ်ကွန်း၊ နတ်နန်း၊ နတ်အိမ်များကို ဖျက်သိမ်းစေကာ နတ်ရုပ်တုများကို စုရုံးသိမ်းဆည်းစေပြီး ကောင်းမှုကုသိုလ်တော် ရွှေစည်းခုံဘုရား၌ နေရာချထားခဲ့ပေသည်။ ထိုအချိန်မှအစပြု၍ အတွင်း ၃၇-မင်းနတ်ဟူ၍လည်းကောင်း၊ အပြင် ၃၇-မင်းနတ်ဟူ၍လည်းကောင်း စတင်ပေါ်ပေါက်ကြောင်း သိရ၏။

ယင်းကဲ့သို့ အနော်ရထာမင်းကြီးသည် မိရိုးဖလာနတ်ကိုးကွယ်မှုများကို ချိုးနှိမ်ဖျက်ဆီးခဲ့ခြင်းကား မဟုတ်ပေ။ ထိုအချိန်က နတ်ကိုးကွယ်ဆည်းကပ်မှုများသည် ဗုဒ္ဓဘုရားရှင်၏



www.burmeseclassic.com

www.burmeseclassic.com



သရဏဂုံ သုံးပါးထက် ကျော်လွန်ပြီး အစွန်းရောက်လာသော ကြောင့်သာ နတ်နှင့်လူ ပုံမှန်ဆက်ဆံတတ်ကြစေရန်အတွက် စည်းဘောင်ခြားပေးခဲ့ခြင်းသာ ဖြစ်ပေလိမ့်မည်။

အကယ်၍အနော်ရထာမင်းကြီးမှ ရိုးရာအစဉ်အလာ နတ်ကိုးကွယ်မှုများကို ချိုးနှိမ်ဖျက်ဆီးခဲ့ရိုးမှန်ပါက မင်းကြီး ကိုယ်တိုင် ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းငယ်တို့အား တောင်ပြုန်းအရပ်ရှိ ဆုတောင်း ပြည့် ဘုရားအနီး၌ နတ်ကွန်း၊ နတ်နန်း၊ နတ်အိမ်များ ဆောက်လုပ်၍ မပေးခဲ့သလို နှစ်စဉ်ပူဇော် ပ,သ တင်မြှောက်ပွဲ ကိုလည်း မင်း မိန့်ဖြင့် ထုတ်ပြန်မပေးတန်ရာပေ။

■



www.burmeseclassic.com

www.burmeseclassic.com

## ■ ဟံသာဝတီဆင်ဖြူရှင်မင်း၏ နတ်နှင့်လူ ဆက်ဆံရေး စည်းခြားမှု

ဒုတိယမြန်မာနိုင်ငံတော်ကို တိုက်ရင်း စည်းရုံး၊ စည်းရုံးရင်းတိုက်ခဲ့သော ဘုရင့်နောင် ကျော်ထင် နော်ရထာဘွဲ့မည်ရှိသော ဟံသာဝတီဆင်ဖြူရှင်မင်း လက်ထက်တွင် ပြည်သူတို့သည် နတ်နှင့်လူ ပုံမှန်ဆက်ဆံရေးထက် ကျော်လွန်ပြီး နတ်ကိုးကွယ် ဆည်းကပ်တင့်မြှောက်မှုများ၌ ဒုစရိုက်မှုများ ပါလာကြ၏။ ပုဂံ-ရွှာသာ-စလေ- ပခန်းငယ်-သရောက် စသော အရပ်များတွင် ပူပွားနတ်(မင်းမဟာဂီရိနတ်)အား ကျွဲဖြူ နွားဖြူ

www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ဖြူ ဝက်၊ ကြက်များစွာကို သတ်ဖြတ်ကာ သေရည်သေရက် နှင့်အတူ တင်မြှောက် ပ,သ ပူဇော်ကြသည်။ နှစ်စဉ် နတ် ပူဇော်ပွဲလမ်းများ ဆင်ယင်ကျင်းပ၍ လူအများလည်း သောက်စား မူးယစ်ကာ ကြမ်းတမ်းရိုင်းစိုင်းလာကြ၏။ ထိုသို့ အကုသိုလ် စရိုက်များဖြင့် နတ်ကိုးကွယ် တင်မြှောက်ပ,သမှုများကို ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီးသည် မင်းမိန့်ဖြင့် တားဆီး ပိတ်ပင် ခဲ့လေသည်။

ဤသို့ တားဆီးပိတ်ပင်ပစ်ခြင်းသည် ဟံသာဝတီဆင်ဖြူ ရှင်မင်းတရားကြီးအနေဖြင့် မိရိုးဖလာ နတ်ကိုးကွယ် တင်မြှောက် ပ,သမှုကို ချိုးနှိမ် ဖျက်ဆီးခဲ့ခြင်း အလျှဉ်းမဟုတ်ပေ။ အကုသိုလ် စရိုက်များဖြင့် နတ် တင်မြှောက် ပ,သမှုကိုသာ မင်းမိန့်ဖြင့် တား ဆီး နှိမ်နင်းခဲ့ခြင်းကပင် ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီး၏ 'အပရိဟာနိယ'တရားတော်၌ ဗုဒ္ဓဘုရားရှင် ခွင့်ပြုတော်မူခဲ့သည့် သတ်မှတ်ချက်အတိုင်း နတ်နှင့်လူ ဆက်ဆံရေး စည်းဘောင်ကို ချမှတ်ပေးခဲ့ခြင်းသာ ဖြစ်ပါသည်။ မင်းတရားကြီး ကိုယ်တော်တိုင် လည်း နတ်နှင့်ပုံမှန် ဆက်ဆံခဲ့သူပင်ဖြစ်သောကြောင့်တည်း။

ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီးထုတ်ပြန်သော အမိန့် တော်များကို ကြည့်လျှင် ကမ္ဘောဇသာဒီနန်းတော်အနီး၌ နတ်ကွန်း၊ နတ်နန်း၊ နတ်အိမ်များ ဆောက်လုပ်ထားရှိပြီး နှစ်စဉ်တင်မြှောက် ပ,သကြောင်းများကို တွေ့ရှိရပေလိမ့်မည်။

■



www.burmeseclassic.com

www.burmeseclassic.com

■ နတ်နှင့်လူ ပုံမှန်ဆက်ဆံရေးကြောင့်
နတ်အကူအညီပံ့ပိုးမှုကို ရခဲ့သော
ဟံသာဝတီဆင်ဖြူရှင်

နတ်နှင့်လူ ပုံမှန်ဆက်ဆံခဲ့သော ဟံသာ ဝတီဆင်ဖြူရှင် မင်းတရားကြီးသည် နိုင်ငံတော် စည်းလုံးညီညွတ်ရေးအတွက် စစ်ချီတက်ရာတွင် နတ်တို့ကို ကူညီပံ့ပိုးကြရန် အမိန့်တော် ထုတ်ပြန် ခဲ့သည်။ ယင်းအမိန့်တော်မှာ. . .

ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူသော ဆင်ဖြူရှင်၊ လက်နက်စကြာသခင်၊ အသျှင် ဘဝရှင်မင်းတရား



www.burmeseclassic.com

www.burmeseclassic.com



ကြီးဘုရား အမိန့်တော်ရှိလိုက်သည်။ ရွှေပြည်တော်စောင့်နတ်၊ တောင်သမန်နတ် 'ငါသည် ရှေးဘုရားလောင်း မင်းကောင်း မင်းမြတ်များကဲ့သို့ အပရိဟာနိယ တရားပေါင်း ခုနစ်ပါးနှင့်အညီ စံတော်မူသည်။ ရွှေထီး၊ ရွှေနန်း အနီး နေရာ နတ်ကွန်း၊ နတ်နန်း၊ နတ်အိမ်နှင့် နှစ်စဉ်မပျက် နတ်ဝတ်နတ်စား၊ အသုံးအဆောင်၊ အထုံ၊ ဆီမီး၊ ပန်းနံ့သာ၊ ရသဘောဇဉ်၊ အစရှိသည်တို့ဖြင့် ချီးမြှင့်ပြုစုသတင်းကြားတော်မူသည်။"

ရှေးရှေးသော ဧကရာဇ်မင်းမြတ်တို့ဝယ် ပြည်ရေး ရွာမှု ရန်စူး ရန်ခြောင့် ရှင်းလင်းသုတ်သင်ရေးမှစ၍ ပြည် စောင့်နတ်တို့ အစွမ်းအလျောက် ဆောင်ရွက်ကူညီထမ်းရွက် ကုန်ကြသည်များကို မမျှော်မထောက်၊ ငါ့ကျေးဇူးတော်ကို သာ ခံစံစား၍ အမှုတော်ကို ကုန်စင်အောင်မထမ်းသောကြောင့် သာသနာတော်မြတ်၏ အညစ်အကြေး၊ ယိုးဒယား (ထိုင်း) ဘန်ကောစက် စား ကောဝိလတို့ကို ဗိုလ်ခြေဆင်မြင်း အလုံးအရင်းနှင့် ချိတက် သိမ်းယူလေသည်။ အရေးတော်မပြီး ရှည်ကြာရသည်။ တောင်သမန် နတ်က ငါ့အမှုတော် ကို ကုန်စင်အောင်ထမ်းစေ" "ငါ့အမိန့်တော်အတိုင်း အမှုတော်ကိုကုန်စင်အောင် မထမ်းလျှင် နတ်ရုပ်၊ နတ်ကွန်း၊ နတ်နန်း၊ နတ်အိမ်နှင့်တကွ မီးပုံ၍ တိုက်မည်။ တောင်သမန်နတ်၊ တောင်ပြုန်း နတ်၊ တောင်မြင့်နတ်၊ ငတောင်ကျဉ်းနတ်၊ မဟာဂီရိနတ်၊ မင်းညီနောင်နတ်၊ ငါ့အမှုတော် ကို ပြီးစီးအောင် ထမ်းရွက်စေ"

ဖော်ပြပါအမိန့်တော်ကို လေ့လာကြည့်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ဟံသာဝတီ ဆင်ဖြူရှင်မင်းတရားကြီးသည် ရိုးရာအစဉ်အလာ နတ်ကိုးကွယ်မှု များကို ချိုးနှိမ် ဖျက်ဆီးခဲ့သူ မဟုတ်ကြောင်း သိနိုင်ပါသည်။ အပရိဟာနိယတရား ခုနစ်ပါးနှင့်အညီ မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော် အနီး၌ ဆောက်လုပ်ပေးထားသော နတ်ကွန်း၊ နတ်နန်း၊ နတ်အိမ်များ၊ ယင်းနတ်များအား နတ်ဝတ် နတ်စား၊ အသုံးအဆောင်၊ ပန်း၊ ဆီမီး၊ ဘောဇဉ်များဖြင့် နှစ်စဉ် ချီးမြှင့် တင်မြှောက်ပ,သလျက် ရှိကြောင်းများကို မင်းတရားကြီး ထုတ်ပြန်သော အမိန့်တော်ပြန်တမ်း၌ တွေ့ရှိရပါသည်။

ဤသို့ နတ်များအား တရားတော်နှင့်အညီ တင်မြှောက် ပ,သသူများကို 'နတ်များကလည်း စစ်ဦး၌ အဖော်သဟဲပြုရခြင်း နှင့် စစ်သည် ဗိုလ်ပါ၊ ရဲမက်အင်အားကို တစ်ဆမှ နှစ်ဆ၊ သုံးဆဖြစ်အောင်၊ တစ်ဖက်ရန်သူမှ ထင်မြင်ယူဆလာနိုင်ခြင်းဖြင့် ပြန်လည် ကူညီမ,စတတ်ကြောင်း'ကို သုတ်မဟာဝါ အဋ္ဌကထာ မဟာပရိ နိဗ္ဗာနသုတ် အဖွင့်၌ ဖွင့်ဆိုရှင်းလင်းထား၏။ ထို့ကြောင့်ပင် ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီး၏ နိုင်ငံစည်းရုံးရေးစစ် မျက်နှာတိုင်း၌ တရားတော်နှင့်အညီ နတ်တို့ကို အကူအညီ တောင်းခံခဲ့လေသည်။

သို့ဖြစ်လေရာ ဟံသာဝတီဆင်ဖြူရှင် မင်းတရားကြီး အနေဖြင့် ရိုးရာအစဉ်အလာကိုးကွယ်မှုကို ချိုးနှိမ်ခဲ့သူဟူ၍ ထင်မြင်ယူဆ၍ မရနိုင်ပေ။ မင်းတရားကြီး ကိုယ်တော်တိုင် နတ်များနှင့် အပြန် အလှန် နားလည်မှုရှိသူဖြစ်သည်နှင့် အညီ



www.burmeseclassic.com

www.burmeseclassic.com



မျှုမတ် သေနာပတိနှင့် ပြည်သူများလည်း နတ်နှင့် ဆက်ဆံရာ၌ အပြန်အလှန် နားလည်မှု ပုံမှန်အနေအထားရောက်အောင် စည်းခြား ဘောင်ခတ်ပေးခဲ့ခြင်းသာ ဖြစ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## ■ နတ်အပေါင်းတို့အား မေတ္တာပို့အမျှပေးဝေခြင်း

နတ်နှင့်လူ ပုံမှန်ဆက်ဆံရေးလမ်းကြောင်းတွင် မိမိ ပြုလုပ် ခဲ့ပြီးသော ကောင်းမှုကုသိုလ်အစုစု အဖို့ဘာဂတို့ကို အမျှ ပေးဝေခြင်းနှင့် မေတ္တာပို့ပေးခြင်းတို့သည် အဓိကကျသော အ ကြောင်းရင်းများတွင် ပါဝင်ပါသည်။

ကုသိုလ်ကောင်းမှု ပြုလုပ်သူ တစ်ဦးသည် မိမိ ကုသိုလ် ကောင်းမှု၏ အကျိုးအာနိသင်ကို ဇော ခုနစ်ကြိမ်ရှိသည့်အနက် ပထမဇောနှင့် ပြုလုပ်မှုသာလျှင် ယခုမျက်မှောက်ဘဝ၌ အကျိုး ပေးများ ခံစားရပါမည်။ သို့မဟုတ် နိရောဓသမာပတ်မှ ထလာ


www.burmeseclassic.com

www.burmeseclassic.com



သော ရဟန္တာပုဂ္ဂိုလ်အား လျှုဒါန်းခွင့်ရမှသာလျှင် ယခုမျက်မှောက်ဘဝ၌ ဒိဋ္ဌ အကျိုးခံစားရပါမည်။ ထိုသူများမှတစ်ပါး အခြားသူများအနေဖြင့် ယခုဘဝ၌ ဒိဋ္ဌအကျိုးပေးခြင်းမျိုး မရရှိနိုင်ပေ။

သို့စေကာမူ ကုသိုလ်ကောင်းမှုပြုလုပ်သူ၏ အမျှအတန်းပေးဝေမှုကို သာဓုခေါ်နိုင်ခွင့်ရသော နတ်များအနေဖြင့် သာဓုခေါ်ပြီးပြီးချင်း လက်ငင်းအကျိုးအာနိသင်များကို ရရှိခံစားနိုင်ပေသည်။ နတ်ဝတ်တန်ဆာ နတ်အစား အစာစသောနတ်စည်းစိမ်များကို ချက်ချင်းရရှိ ခံစားကြရ၏။ အခြေအနေ ချက်ချင်းပြောင်းလဲ သွားနိုင်ပါသည်။ အကယ်၍ ကျွတ်နိုင်လွတ်နိုင်သူ(ကျွတ်တန်းဝင်ချိန်ကျ နေသော နတ်) များ ဖြစ်ပါကလည်း ထိုသာဓု ခေါ်စဉ် ခဏလေးမှာပင် ကျွတ်လွတ်သွားနိုင်ပေသည်။ ထို့ကြောင့် သာဓုခေါ်နိုင်ခွင့် ရခြင်းသည် နတ်များအဖို့ ကြီးကျယ် မြင့်မားသော အထူး အခွင့်အရေးကြီး တစ်ရပ်ဖြစ်သည့်အတိုင်း နတ်တို့အား အမျှ ပေးဝေခြင်းသည် နတ်တို့အတွက်ထိရောက်သည်နှင့် အမျှ တန်ဖိုး လည်းကြီးလှကြောင်းကို ဗုဒ္ဓဘုရားရှင် ဟောတော်မူခဲ့သောအောက်ဖော်ပြပါ ဇာကနိပါတ်ပါဠိတော် **အဋ္ဌကထာ ဝဏ်မဇ္ဈာဒ္ဒါန** ဇာတ်က သက်သေခံနေပေသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းပြုစဉ် ဘုရားလောင်းသည်သူကြွယ်မျိုး၌ဖြစ်ခဲ့သည်။ ဘုရား လောင်း၌ ညီတစ်ယောက်ရှိ၏။ ဖခင်သေလွန်သောအခါ ညီ

www.burmeseclassic.com



အစ်ကိုနှစ်ယောက်တို့သည် ဖခင်ဥစ္စာကိုယူ၍ ကုန်သွယ်ရာ ရွာတစ်ရွာ အရောက်တွင် တစ်ထောင်သော ဥစ္စာကို ရရှိခဲ့ကြသည်။ ထို ဥစ္စာတစ်ထောင်ကို ယူ၍ မြစ်ဆိပ်၌လှေဆိုက်ပြီး ညီအစ်ကိုနှစ်ယောက် ထမင်းစားကြ၏။ ထမင်းစားပြီးသော အခါ အစ်ကိုဖြစ်သူ ဘုရားလောင်းသည် စားကြွင်းထမင်းတို့ကို ငါးတို့အားကျွေးပြီး မြစ်စောင့်နတ်အား ယင်းဒါန၏ကုသိုလ် အဖို့ဘာဂကို အမျှပေးဝေသည်။ မြစ်စောင့်နတ်လည်း ယင်း ဒါန၏ အဖို့ဘာဂကို ဝမ်းမြောက်စွာ သာဓုအနုမောဒနာ ပြုရခြင်းကြောင့် နတ်စည်းစိမ်အခြံအရံများကို ချက်ချင်းလက်ငင်း ရရှိခဲ့သည်။

ထို့နောက် ဘုရားလောင်းသည် သဲပြင်၌ အပေါ်ရုံပုဆိုးကို ခင်း၍ လျောင်းရာမှ အိပ်ပျော်သွား၏။ ဘုရားလောင်း၏ ညီကား ယင်းဥစ္စာတစ်ထောင်ထုပ်ကို ဘုရားလောင်းအား မပေးဘဲ သူတစ်ဦးတည်းသာ ရယူလိုသဖြင့် အသပြာတစ်ထောင်ထုပ် နှင့်တူအောင် ကျောက်စရစ်ထုပ် တစ်ခုထုပ်ကာ အသပြာထုပ်နှင့် အတူအထုပ်နှစ်ထုပ် တစ်ပေါင်းတည်း ထားလိုက်သည်။

အိပ်ပျော်ရာမှ ဘုရားလောင်း နိုးသောအခါ လှေစီး၍ မြစ်ကိုကူးလာကြသည်။ မြစ်လယ်သို့ ရောက်သောအခါ ညီသည် လှေကိုလှုပ်စေ၍ ကျောက်စရစ် ထုပ်ကို ရေ၌ချမည်အကြံဖြင့် အထုပ်နှစ်ထုပ်အနက် တစ်ထုပ်ကို ရေ၌ချလိုက်ရာ မှားယွင်းချလိုက်မိသဖြင့် ချလိုက်သော အထုပ်မှာ ကျောက်စရစ်



www.burmeseclassic.com

www.burmeseclassic.com



အထုပ် မဟုတ်ဘဲ အသပြာထောင် ထုပ်ဖြစ်နေသည်။ သို့သော် ညီဖြစ်သူ က သူအကြံပြုထားသည့်အတိုင်း ကျောက်စရစ် ထုပ်ကိုပင်ချလိုက်မိပြီဟု ထင်မှတ် နေသည်။

ထို့ကြောင့် 'အစ်ကို အသပြာတစ်ထောင်ထုပ်တော့ ရေထဲကျသွားပြီ ဘယ်လိုလုပ်ရမည်နည်း'ဟု ညီဖြစ်သူက မေးသော် 'ရေထဲကျသွားပြီဖြစ်ပါက ဘာတတ်နိုင်တော့မည်နည်း။ မစိုးရိမ်လင့်'ဟု အစ်ကိုက နှစ်သိမ့်လေသည်။

ဤတွင်မြစ်စောင့်နတ်သည်'ဤသူပေးအပ်သော ဒါန အကျိုးကို ဝမ်းမြောက်ဝမ်းသာစွာ သာဓုခေါ်ရသောကြောင့် ငါ့မှာ များစွာသော စည်းစိမ်အခြံအရံများ ရရှိပေသည်။ ထို့ကြောင့် ထိုသူ၏ အသပြာတစ်ထောင်ထုပ်ကို ငါစောင့်အံ့'ဟု ကြံ စည်ပြီးလျှင် ယင်းဥစ္စာထုပ်ကို ငါးကြီးအား မျိုစေ၍ စောင့်ရှောက်နေသည်။

ညီဖြစ်သူသည် အိမ်ပြန်ရောက်၍ ဥစ္စာထုပ်ကို ဖြေကြည့်သောအခါ အသပြာထုပ်မဟုတ်ဘဲ ကျောက်စရစ်ထုပ် ဖြစ်နေသဖြင့် အကြီးအကျယ်စိတ်ပျက်ကာ ညောင်စောင်းကို ဖက်၍ အိပ်နေမိ၏။

ထို့နောက် တံငါသည်တို့ ငါးဖမ်းသောအခါ မြစ်စောင့်နတ်၏ အာနုဘော်ကြောင့် ငါးကြီးသည် ပိုက်ကွန်တွင်းသို့ဝင်မိ၏။ ထိုငါးကြီးကိုပင် ဘုရားလောင်းထံ သွားရောင်းရာ ဘုရားလောင်းသည် ငါးကိုဝယ်၍ သူ့မယားထံပို့လိုက်သည်။ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



လောင်း၏မယားသည် ငါး၏ဝမ်းကိုခွဲသောအခါ အသပြာ တစ်ထောင်ထုပ်ကိုတွေ့သဖြင့် ဘုရားလောင်းအားပြလေလျှင် ဘုရားလောင်းသည် အသပြာတစ်ထောင်ထုပ်၌ သူ၏ တံဆိပ် ကိုမြင်၍ 'ငါ၏ ဥစ္စာမှန်ခြင်းကြောင့် ငါ့ထံ ပြန်ရောက်လာ ခြင်းဖြစ်သည်'ဟု ဆင်ခြင်စဉ်းစားမိသည်။

ထိုခဏ၌ပင် မြစ်စောင့်နတ်သည် ကောင်းကင်၌ထင် ရှားစွာ ကိုယ်ထင်ပြ၍ 'ငါကား မြစ်စောင့်နတ် ဖြစ်ပေသည်၊ သင်သည် ငါးတို့အား အကြွင်းအကျန်ဖြစ်သော ထမင်းတို့ကို ကျွေး၍ ငါ့အား ယင်းဒါန၏အဖို့ကို အမျှပေးဝေခဲ့၏။ ထို့ ကြောင့် ငါသည် သင်၏ အသပြာတစ်ထောင်ထုပ်ကို စောင့်ခဲ့ခြင်းဖြစ် သည်'ဟု ပြန်လည် ပြောဆိုခဲ့သည်။

ထို့ကြောင့်ပင် ကောင်းမှုကုသိုလ် ပြုလုပ်တိုင်း၊ ကိုယ်စောင့်နတ်၊အိမ်စောင့်နတ်မှစ၍ နတ်များကိုအမျှပေးဝေရ ပါမည်။ မေတ္တာ ပို့ပေးရပါမည်။ နံနက်အိပ်ရာထ၊ ညအိပ်ရာဝင် ဗုဒ္ဓဘုရားရှင်အား ဦးခိုက်ပူဇော်ပြီးတိုင်း အမျှပေးဝေရမည်။ မေတ္တာပို့ပေးရမည်။

နတ်တို့က ရတနာသုံးပါးအား တစ်ဆင့်လှူဒါန်းပူဇော် နိုင် ကြစေရန် အုန်း၊ ငှက်ပျော၊ လက်ဖက်၊ ကွမ်းယာ၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများကို နတ်များအား ရည်စူး၍ ဒါနပြုပေး ရ၏။ ယင်း လှူဖွယ်ပစ္စည်းများကို နတ်များက ရတနာသုံးပါးအား ထပ်ဆင့်လှူဒါန်းခြင်းအားဖြင့် ကျွတ်တမ်းဝင်နိုင်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



နတ်များကို တင်မြှောက် ပ,သသောအခါ၌လည်း မိမိကုသိုလ်ကောင်းမှုအစုစုတို့၏ အဖို့ဘာဂကို အမျှပေးဝေရန် မမေ့လျော့ သင့်သလို မေတ္တာပို့ပေးရန်လည်း မမေ့သင့်ပေ။

ထိုသို့ အမျှပေးဝေခြင်း၊ မေတ္တာပို့သခြင်းများပြုလုပ်ပါက နတ်ဆိုး၊ နတ်မိစ္ဆာပင်ဖြစ်စေကာမူ မိမိအား ကောင်းကျိုးမပေးသည့်တိုင်အောင် ဆိုးကျိုးကိုကား မပြုလုပ်တော့ပေ။ ရှင်လန်းဝမ်းမြောက်စွာ ကျေးဇူးတင်နေမည်သာဖြစ်ပါသည်။

ဤသည်ပင်လျှင် နတ်နှင့်လူ၊ လူနှင့်နတ်တို့၏ ဆက်ဆံရေးတွင် တန်ဖိုးကြီးသလောက် ထိရောက်လှသော နည်းလမ်းပင် ဖြစ်ပါသည်။ စာရေးသူအနေဖြင့် နောက်ထပ် သတိပေးလိုသည်မှာ နတ်တို့အား တင်မြှောက်ပ,သမှု၊ အမျှပေးဝေမှု၊ မေတ္တာပို့သမှုများကို မပြုလုပ်နိုင်သည့်တိုင်အောင် နတ်တို့အား နှိပ်စက်ညှဉ်းပန်းခြင်း၊ ဆဲဆိုကြိမ်းမောင်းခြင်း၊ ရှုတ်ချခြင်းများကိုတော့ မကျူးလွန်မိရန် သတိထားဖို့လိုပါသည်။ ယင်းသည်ပင် နတ်နှင့်လူ၊ လူနှင့်နတ်တို့၏ ဆက်ဆံရေးတွင် နောက်ဆုံးအနေဖြင့် လိုက်နာရမည့်အချက်ဖြစ်ပါသည်။

မြန်မာ့သမိုင်းနောက်ခံအဖြစ်အပျက်များကို လေ့လာကြည့်လျှင် ယင်းကဲ့သို့ နတ်တို့ကိုညှဉ်းပန်းနှိပ်စက်ခြင်း၊ ဆဲဆိုကြိမ်းမောင်းခြင်းပြုခဲ့သည့် သူများသည် နောက်ဆုံး ဇာတ်သိမ်းမကောင်းကြောင်းကို တွေ့ရှိရပါသည်။

■

ပူ တူ တူး လေး ဇာ အုပ် ကျော်

www.burmeseclassic.com

www.burmeseclassic.com

■ အနော်ရထာမင်းကြီး၏ ဘဝဇာတ်သိမ်း

ပထမ မြန်မာနိုင်ငံတော်ကို စည်းလုံး ညီညွတ်စေခဲ့သော အနော်ရထာမင်းကြီးသည် လိမ်ပင်စောင့်နတ်အား ရိုက်နှက်နှိပ်စက်ခဲ့ဖူးလေရာ ယင်းရန်ငြိုးကြောင့် မင်းကြီးကံဇာတာနိမ့်ကျသောအခါ ထိုလိမ်ပင်စောင့်နတ်သည် ကျွဲယောင်ဆောင်ခတ်ကာ ပြန်လည် လက်စားချေခံခဲ့ရခြင်းဖြင့် ဇာတ်သိမ်းမကောင်းဖြစ်ခဲ့ရသော သမိုင်းထဲက မင်းတစ်ပါးပင် ဖြစ်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## ■ အနောက်ဘက်လွန်မင်း၏ ဘဝဇာတ်သိမ်း

ညောင်ရမ်းမင်းဆက်ဖြစ်သော အနောက်ဘက်လွန်မင်း လက်ထက် သက္ကရာဇ် ၉၇၄-ခု၊ ဝါခေါင်လတွင် အင်းဝမင်း နေပြည်တော်၌ လွန်လွန်ကဲကဲ ရေကြီး၍ မြို့တွင်းသို့ ရေဝင်လာသောကြောင့် မြို့သူမြို့သားများ များစွာ ထိတ်လန့်ကုန်ကြသည်။ ထိုအခါ အနောက်ဘက်လွန်မင်းတရားကိုယ်တိုင် ဗေဒင်ဖျန်း တတ်သူ၊ နတ်မှန်သူတို့ကို မေးမြန်းတော်မူရာ 'နက်ဖြန် ရေကျ မည်၊ သန်ဘက်ခါ ရေကျမည်'ဟု လျှောက်တင်ကြ၏။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ရေကားမကျ။ တိုး၍တိုး၍သာ တက်လာသည်။

ထိုအခါ အနောက်ဘက်လွန်မင်းတရားသည် သူ၏ အမိန့်တော်နှင့် ရေကို လက်သုံးတော်ဓားပြစေသည်။ ပြသည့်ညဥ့်မှာပင် တက်လာသည့်ရေများ လျော့သွားခဲ့သည့်အတွက် အနောက်ဘက်လွန်မင်းတရားက 'နတ်မှန်သည် ဆိုသော စကားသည် မဟုတ်၊ လူတို့လှည့်စားခြင်းသာဖြစ်သည်'ဟု မင်းမိန့်ဖြင့် မြို့တွင်း၊ မြို့ပြင်ရှိ နတ်ကွန်း၊ နတ်နန်းများနှင့် နတ်ရုပ်၊ နတ်တကောင်းတို့ကို စုဆောင်းယူငင်၍ ငလေးထပ်ကျောင်းကြီး၏အောက်၌ ထားစေခဲ့သည်။

ကံဇာတာတော်နိမ့်ကျသည့် သက္ကရာဇ် ၉၉၀-ခုနှစ်တွင် သားတော် မင်းရဲဒိဗ္ဗက လူဆိုးများနှင့် ပူးပေါင်းလုပ်ကြံသောကြောင့် ပဲခူးချောင်း အနောက်ဘက်ကမ်းတွင် မလှမပ ဇာတ်သိမ်းခဲ့ရသည်ကိုလည်း သတိမူသင့်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## ■ ဟံသာဝတီရောက်မင်း၏ ဘဝဇာတ်သိမ်း

ထို့အတူ ညောင်ရမ်းမင်းဆက်၏ နောက်ဆုံးမင်းဖြစ်သော ဟံသာဝတီရောက်မင်းတရား(၁၀၉၅-၁၁၁၃)သည်လည်း နတ်ကွန်း၊ နတ်အိမ်၊ နတ်နန်း၊ နတ်ရုပ်တို့ကို နတ်သိမ်း ဖျက်ဆီး နှိပ်ကွပ်ခဲ့လေသည်။ သက္ကရာဇ် ၁၁၁၃-ခုနှစ်တွင် ဟံသာဝတီနှင့် စစ်ရေးရှုံးနိမ့်ကာ ဟံသာဝတီသို့ခေါ်ဆောင်သွားခြင်း ခံရပြီးနောက်၊ သက္ကရာဇ် ၁၁၁၆-ခုနှစ်၌ ရေတွင် ဖျောက်ဖျက်မှုဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်သိမ်းခဲ့ရလေသည်။

အနော်ရထာမင်းနှင့် ဟံသာဝတီရောက်မင်း တို့၏ ဘဝဇာတ်သိမ်းနှင့် ပတ်သက်၍ မြန်မာရာဇဝင်ကြီးများ တွင် မည်သို့မျှ ကောက်ချက်မချခဲ့သော်လည်း နတ်တို့ကို နှိပ်စက်ညှဉ်းပန်းခဲ့သော ထိုမင်းတို့၏ လုပ်ဆောင်ခဲ့သောအချက် နှင့် ဘဝဇာတ်သိမ်းမှာ ဆက်စပ်ကောင်း ဆက်စပ်နိုင်ဖွယ်ရာရှိ သည်ဟု ယူဆမိသောကြောင့်သာ ထုတ်နုတ်ဖော်ပြရခြင်းဖြစ်ပါ သည်။

မည်သို့ပင်ဖြစ်စေ နတ်တို့ကို ညှဉ်းပန်းနှိပ်စက်ခြင်း၊ ဆဲဆို ကြိမ်းမောင်းခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်းများကိုကား လုံးဝ မပြု လုပ်သင့်ပေ။ နတ်များမှာ သာမန်လူဆိုး လူမိုက်ထက်ပို၍ ကမ္ဘာဇိ ဒ္ဓိတန်ခိုး၊ ဣဒ္ဓိပါဒ်ရှိသူများဖြစ်ရာ သူ့အား ညှဉ်းပန်းနှိပ်စက် ဆဲဆိုကြိမ်းမောင်းဖူးပါက မိမိ ကံဇာတာနိမ့်ကျသော နေ့တစ်နေ့ တွင် အနော်ရထာမင်းကြီးကဲ့သို့ ယင်းနတ်၏ ပြန်လည်တုံ့ပြန် ရန်ပြုမှုကို ခံရတတ်ပါသည်။

ထို့ကြောင့် နတ်နှင့်လူပုံမှန်ဆက်ဆံရေးတွင် အကျုံးဝင် သတိထားရမည်မှာ ၃၇-နတ်တို့အား မညှဉ်းပန်း၊ မနှိပ်စက်မိ အောင်၊ မဆဲဆိုမကြိမ်းမောင်းမိအောင်၊ မရှုတ်ချမိအောင် သတိ ကြီးစွာဖြင့် ရှောင်ကြဉ်ခြင်းသည်ပင် ဗုဒ္ဓဘုရားရှင်၏ အလိုတော် ကျပင်ဖြစ်ပါသတည်း။


■



www.burmeseclassic.com

www.burmeseclassic.com





၁။ သိကြားနတ်

မှူ တူ တူး လေး စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com





၂။ မဟာဂီရိနတ်



www.burmeseclassic.com

www.burmeseclassic.com






၃။ နှမတော်ကြီးနတ်



www.burmeseclassic.com

www.burmeseclassic.com





၄။ ရွှေနဘောနတ်

ပူ တူ တူး လေး စာ အုပ် တိုက်

www.burmeseclassic.com





၅။ သုံးပန်လှနတ်



www.burmeseclassic.com

www.burmeseclassic.com





၆။ တောင်ငူမင်းခေါင်နတ်



၇။ မင်းတရားနတ်

www.burmeseclassic.com





၈။ သံတော်ခံနတ်



၉။ ရွှေနော်ရထာနတ်



www.burmeseclassic.com

www.burmeseclassic.com






၁၀။ အောင်စွာမကြီးနတ်

မူ တူ တူး လေး စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com





၁၁။ ငါးစီးရှင်နတ်



www.burmeseclassic.com

www.burmeseclassic.com






၁၂။ အောင်ပင်လယ်ဆင်ဖြူရှင်နတ်

www.burmeseclassic.com

www.burmeseclassic.com





၁၃။ တောင်မကြီးနတ်

www.burmeseclassic.com

www.burmeseclassic.com





၁၄။ မောင်မင်းရှင်နတ် (မြောက်မင်းရှင်ဖြူနတ်)



www.burmeseclassic.com

www.burmeseclassic.com





၁၅။ ရှင်တော်နတ်

ပူ တူ တူး လော စာ အုပ် ကိုင်

www.burmeseclassic.com

www.burmeseclassic.com





၁၆။ ညောင်ချင်းအိုနတ်

ပူ ဏူ ဏူး လေး စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com





၁၇။ ဘပင်ရွှေထီးနတ်

မူ ကျူ ကျူး လေး စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com





၁၈။ မင်းရဲအောင်ဒင်နတ်



www.burmeseclassic.com

www.burmeseclassic.com




၁၉။ ရွှေစစ်ပင်နတ်

မူ ဟူ ဟူး လေး စာ အုပ် တိုက်


www.burmeseclassic.com

www.burmeseclassic.com





၂၀။ မယ်တော်ရွှေစကားနတ်



၂၁။ မောင်ပိုးတူနတ်

ပူ တူ တူး လေး စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com





၂၂။ ယွန်းဘုရင်နတ်



၂၃။ မောင်မင်းဖြူနတ်



www.burmeseclassic.com

www.burmeseclassic.com





၂၄။ မန္တလေးဘိုးတော်နတ်



၂၅။ ရွှေဖျင်းနောင်တော်နတ်



www.burmeseclassic.com

www.burmeseclassic.com





၂၆။ ရွှေဖျင်းညီတော်နတ်



၂၇။ မင်းသားမောင်ရှင်နတ်



www.burmeseclassic.com

www.burmeseclassic.com





၂၈။ ထီးဖြူဆောင်းနတ်



၂၉။ ထီးဖြူဆောင်းမယ်တော်နတ်



www.burmeseclassic.com

www.burmeseclassic.com





၃၀။ ဘုရှင်မရှင်မင်းခေါင်နတ်



၃၁။ မင်းစည်သူနတ်



www.burmeseclassic.com

www.burmeseclassic.com





၃၂။ မင်းကျော်စွာနတ်



၃၃။ မြောက်ဘက်ရှင်မနတ်



www.burmeseclassic.com

www.burmeseclassic.com





၃၄။ အနောက်မိဖုရားနတ်



၃၅။ ရှင်ကုန်းနတ်



www.burmeseclassic.com

www.burmeseclassic.com





၃၆။ ရှင်ကွနတ်

မှူ တူ တူး လေး စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com





၃၇။ ရှင်နဲမိနတ်

မူ တူ တူး လေး စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



# ကျမ်းကိုးများ

(၁) မှန်နန်းရာဇဝင်တော်ကြီး။
ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ။

(၂) ဦးကုလားမဟာရာဇဝင်တော်ကြီး။
ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ။

(၃) လယ်တီဆရာတော်ဘုရားကြီး၊ သာသနဝိသောဓနီ ကျမ်း။

(၄) လယ်တီဆရာတော်ဘုရားကြီး၊
လယ်တီပုစ္ဆာပေါင်းချုပ်ကျမ်း(ဒုတိယတွဲ)။

(၅) မဟာဝိသုဒ္ဓါရုံကျောင်းဆရာတော်ဘုရားကြီး၊
ဆိဒ္ဓပိဓာနနီကျမ်း။

(၆) အရေးတော်ပုံ(၆)စောင်တွဲမှ ဆင်ဖြူရှင်အရေးတော်ပုံ။

(၇) မန္တလေးရွှေမြို့တော်တည်စာတမ်း၊
(တက္ကသိုလ်များစာကြည့်တိုက်)

(၈) လှေသင်းအတွင်းဝန်ဦးချိန်၊
တဇ္ဇုတ္တဒီပနီကျမ်း။

အောင်ခင်စိုး

မူ တူ ဘူး လေး စာ အုပ် တိုက်

www.burmeseclassic.com